
www.burmeseclassic.com

# ချစ်စရာ ကိုပီတိ နှင့် အသစ်စက်စက်



www.burmeseclassic.com

www.burmeseclassic.com

# ကိုပီတိနှင့် အသစ်သစ်စက်စက်
## ပုံနှိပ်မှတ်တမ်း



| | |
|---|---|
| စာမူခွင့်ပြုချက် | - ၉၄၉ / ၂၀၀၄ (၉) |
| အဖုံးခွင့်ပြုချက် | - ၁၁၁၇ /၂၀၀၄ (၁၀) |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| ထုတ်ဝေသည့်ကာလ | - ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | - ဇော်ပုံနှိပ်တိုက် (၀၇၁၂၅) အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - ဦးခင်မောင်သန်း (၀၁၄၅၄) သန်းစာပေ အမှတ် (၆၃)၊ ၁-လမ်း၊ ၁၁-ရပ်ကွက်၊ တ/ဥက္ကလာ၊ ရန်ကုန်။ |
| တန်ဖိုး | - ၅၀၀ ကျပ် |
| မျက်နှာဖုံး ပန်းချီ | - ဗိုမောင် |
| မျက်နှာဖုံး ဒီဇိုင်း | - ခင်မောင်ထွေး (Jupiter) |
| ဖလင် | - AZ |
| ဖြန့်ချိရေး | - မျက်ပွင့်စာပေ ၃၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တွန်းပက်လမ်းထိပ်၊ ရန်ကုန်မြို့ ဖုန်း - ၇၀၀၅၇၉ openeyes@mail4u.com.mm |


www.burmeseclassic.com

www.burmeseclassic.com

# ချစ်စရာ ကိုပိတ်

အသစ်စက်စက်



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ကိုပီတိနှင့် မင်္ဂလာသစ် | ၁ |
| ကိုပီတိနှင့် သိုင်းကွက်သစ် | ၁၁ |
| ကိုပီတိနှင့် ပရဟိတသစ်များ | ၂၃ |
| ကိုပီတိနှင့် လှည့်ကွက်သစ် | ၃၃ |
| ကိုပီတိနှင့် လေလံသစ် | ၄၃ |
| ကိုပီတိနှင့် ဝေဒနာသစ် | ၅၁ |
| ကိုပီတိနှင့် ပီတိသစ် | ၆၁ |
| ကိုပီတိနှင့် ဆုံးဖြတ်ချက်သစ် | ၇၃ |
| ကိုပီတိနှင့် မှာပုံတော်သစ် | ၈၁ |
| ကိုပီတိနှင့် ဒဏ္ဍာရီသစ် | ၉၁ |
| ကိုပီတိနှင့် ကူးစက်ရောဂါသစ် | ၉၉ |
| ကိုပီတိနှင့် ရှားလော့ဟုမ်းသစ် | ၁၀၇ |
| ကိုပီတိနှင့် ပွဲငှား (၁) | ၁၁၅ |
| ကိုပီတိနှင့် ခွင်သစ် | ၁၂၃ |
| ကိုပီတိနှင့် ဆုတောင်းသစ် | ၁၃၁ |


www.burmeseclassic.com

www.burmeseclassic.com

## □ ကိုပီတိနှင့် မဂ်လာသစ်

"ခင်ဗျားရဲ့ လက္ခဏာမှာ အင်္ဂလိပ်အက္ခရာ အေပုံသဏ္ဍာန် လမ်းကြောင်း ပါတဲ့အတွက် ဘယ်အလုပ်မဆို ကိုယ့်ဒူးကိုယ်ချွန် လုပ်ရင် အောင်မြင်မယ်. . . တစောက်ကန်းထင်ရာစွတ်လုပ်တတ် တယ်. . . တစ်ကိုယ်ရေစိတ်ချမ်းသာမှု ရှာဖွေချင်တယ်. . . တစ်ဦး တည်း လွတ်လွတ်လပ်လပ်နေချင်တယ်. . . တစ်ကိုယ်ကောင်း ဆန်တယ်"

"လက္ခဏာဟောတာမှ ဟုတ်ကဲ့လားဆရာရယ် စွဲချက်တွေ များ တင်နေတာလား. . . ဘုရား. . . ဘုရား. . . " လက်ဝါးပြင်ပေါ်မှာ ငယ်ကျိုးငယ်နာလမ်းကြောင်းတွေ မရှိပါစေနဲ့. . . လက္ခဏာဆရာ မှန်ဘီလူးဝိုင်းကြီးနဲ့ကပ်ကြည့်လိုက် ခွာကြည့်လိုက် လုပ်နေရင်းက

"စိတ်သဘောကလည်း နှစ်ခွစိတ်ဗျ. . . ဒေါသဖြစ်ရင် ကြင်နာ နေတတ်သလို မေတ္တာပွားရင်းလည်း အမုန်းစိတ်ဝင်နေတတ်ပြန်ရာ ဒုက္ခပေးတဲ့သူကို လက်စားချေဘို့စိစဉ်ရင်း သင်ခန်းစာပေါ့လေဆို ပြီး ဖြေသိမ့်ခွင့်လွှတ်ချင်ခွင့်လွှတ်"

"ရှေ့ဘာဖြစ်မလည်းဆိုတာလေး ဟောပါဦးဆရာ"

အကျင့်တွေ ပေါ်ကုန်မှာစိုးလို့ ကိုပီတိစကားလမ်းကြောင်း လွှဲလိုက်တယ်၊ လက္ခဏာဆရာတစ်ချက်ပြုံးလိုက်ပြီး. . .

"အလကားလည်းမေးသေးတယ်၊ အတိအကျလည်း သိချင်တယ် ဆိုတော့ ကျားလွန်ကြီးဖြစ်မနေဘူးလား. . . ရှေ့ကိစ္စမှန်သမျှ ကျုပ်

ဟောချက်တွေအတိုင်း သုံးသပ်ကြည့်ပေါ့ဗျ. . . ခင်ဗျားဟာနှစ်ခွ စိတ်ပိုင်ရှင်ဖြစ်တဲ့အတွက် အကောင်းဆိုရင် နှစ်မျိုးကောင်းမယ်၊ အဆိုးဆိုရင်လည်း နှစ်မျိုးဆိုးမှာဘဲ၊ တစ်ချိန်တည်းမှာလုပ်ငန်းနှစ်မျိုး လုပ်နေရတတ်ပြီး အိမ်ထောင်ကျတောင် နှစ်ဆက်ဖြစ်ရမယ် ဗျာ၊ ကိုင်း တော်လောက်ပြီ၊ လက်ဖက်ရည်သွားသောက်ကြစို့. . .။

ပွဲဈေးတန်း ဗေဒင်ဟောခန်းကနေ သူတို့နှစ်ယောက်ထွက်လာ ရင်း လမ်းမှာ ကိုပီတိအဒေါ်နဲ့တွေ့တော့ အဒေါ်ဖြစ်သူက ကိုပီတိကို

"ဟဲ့ကောင်. . . မနက်ကအိမ်မှာရှိုးရာတင်တော့ တလိုင်း အဖေကြီးကြွလာပြီး အင်္ဂါသားမကြွခင် သိန်းဂဏန်းလက်ရောက် စွန့်ပေးမှာမို့ ငါးရံ့နဖားထိုးနဲ့ အရက်ရယ်၊ ကြွဲရယ်တင်ရမတဲ့။ သုံးရက်၊ သုံးလအတွင်း နင့်ကံအထွက်အထိပ်ရောက်လိမ့်မယ်တဲ့ တင်စရာရှိတာ တင်လိုက်ဦး" ဆိုပြီး ထွက်အသွားမှာ လက္ခဏာဆရာက ကိုပီတိပုခုံးကိုပုတ်ရင်း ဟောစာတန်းတောင် ဗေဒင်နဲ့နတ်နဲ့ နှစ်မျိုးဟောလိုက်ရပြီလေ။

လူပျိုဘဝ ကိုပီတိရဲ့ ရင်ထဲမှာ အဲဒီအချိန်ကစပြီး ဒွန်တွဲလာ တတ်တဲ့ သူ့ကံကြမ္မာအကြောင်းကို စောင့်ကြည့်တတ်တဲ့ အစွဲအလန်း မျိုးစေ့ကျခဲ့ရတာ အမှန်ပါ။

📖 📖 📖

"မင်း အိမ်ထောင်ပြုဖို့ ကောင်းပြီကွ၊ ဒီထက်အသက်ကြီးမှ ဆိုရင် သိပ်မနိပ်တော့ဘူး" ကိုပီတိရဲ့အဖေက လေးလေးပင်ပင် ပြောပြီး သူ့သားမျက်နှာကို ကြည့်နေတယ်၊ ပြီးမှ ပြုံးပြုံးနဲ့. . .

"ရည်းစားအသစ်ကလေးများကော ထပ်မတွေ့သေးဘူးလား" ကိုပီတိမှာ ချစ်သူမဖြစ်တာ တစ်နှစ်တစ်ယောက်ချင်း. . ကွဲ. . .



www.burmeseclassic.com

www.burmeseclassic.com


လွမ်း. . . ထပ်ချစ် ဇာတ်လမ်းတွေ ရှိတတ်တာ သိပြီးသားမို့ မေးလိုက်တာပါ ကိုပီကီက စပ်ဖြီးဖြီးလုပ်ရင်း. . .

"တွေ့ထားပါပြီ. . . ဟို. . . ခပ်ချောချော ယိမ်းသမလေးလေ"

"ဟင်. . . မင့်ဥစ္စာကလည်း တစ်နှစ်လာလည်း ယိမ်းသမ၊ တစ်ခါမေးလည်း ယိမ်းသမ. . . တစ်ခါတစ်လေ မင်းသမီးများ ရည်းစားထားပါဦး. . . မင်းဟာက မုဆိုးဖျင်းတော့ နှံမဖုတ်စား ဆိုတာလိုဖြစ်နေပြီ"

"အဲဒါ ဘာအဓိပ္ပါယ်တုန်းအဖေရ"

"မုဆိုးများ ညံ့လာပြီဆိုရင် သမင်၊ ဒရယ်တွေ မလိုက်နိုင်တော့ဘူးလေကွာ၊ ဒီတော့ တောစပ်ချုံပုတ်ထဲက နှံကောင်အမတွေ မီးဖုတ်စားပြီးပြန်လာတော့တာပေါ့၊ မင်းလည်းလွယ်ရာဖမ်းကြိုက်တဲ့ကောင်ဆိုတော့"

အဖေရယ် ဒီယိမ်းသမလေးတောင် သူ့ရည်းစားနဲ့ ကတောက်ကဆတ်ဖြစ်ပြီး ကျုပ်ကို အရွဲ့တိုက်ချစ်ပြလို့ ချစ်သူ ဖြစ်ရတာပါဗျာ. . . လွယ်ရာမဟုတ်ပါဘူး၊ အရင်ကောင်မလေးတွေနဲ့ လမ်းခွဲခဲ့ရတာလည်း သူတို့အပြစ်မဟုတ်ပါဘူး၊ ကျုပ်အပြစ်ပါ၊ သူတို့က တွေ့ဘို့ချိန်းတိုင်း ကျုပ်မယ်အမူးလွန်နေရတာနဲ့. . . ဖဲဝိုင်းရောက်နေရတာနဲ့ အလွဲလွဲအချော်ချော်တွေဖြစ်ပြီး စိတ်မရှည်လို့ လမ်းခွဲတုန်ကြတာပါဗျာ။ အိပ်မက်ဟောင်းတွေ ကိုပီကီရဲ့ ရင်ထဲမှာ ဇိုးဇိုးဇပ်ဇပ် ခေါင်းထောင်ထကုန်တယ်၊ ပဉ္စမြောက်အိပ်မက်ပွင့်လေးရဲ့ တိုးညင်းတုန်ခါစကားသံလေး ပဲ့တင်ပြန်လာတယ်။

"ခင်ဗျားကို အရက်မသောက်ဖို့ စာနဲ့ငါးကြိမ်၊ နှုတ်နဲ့ခုနစ်ကြိမ် စုစုပေါင်း ဆယ်နှစ်ကြိမ်တားပေမယ့် မရဘူး၊ ခင်ဗျားဟာ အချစ်ထက် အရက်ကိုပိုပြီး ယစ်မူးတာမို့ လမ်းခွဲကြပါစို့. . ."

ဆဋ္ဌမအိပ်မက်ရဲ့ အမိန့်တော်ပြန်တမ်းကတော့ ပြတ်သားရှင်းလင်းတယ်။



www.burmeseclassic.com

"ကစားသမားကို ရည်းစားလုပ်ရရင် အချုပ်တန်းမှာချိန်းတွေ့ ရုံပဲ ရှိတော့မယ်။ ပုဒ်မတွေ၊ ဥပဒေတွေကို အချစ်ကဗျာဖွဲ့ပြီး အာမခံတွေ လျှောက်လွှဲချက်တွေနဲ့ ဒူးနဲ့မျက်ရည်သုတ်နေရမှာမို့ အချိန်ရှိတုန်း သံယောဇဉ်တွေကို ရုပ်သိမ်းလိုက်ပါပြီ"

"စဉ်းစားပါဦးဟာ တကယ်တော့ ဘဝဆိုတာက လောင်းကစားပွဲတစ်ခုပါ။ လူ့အဖြစ်ရပြီဆိုတော့ ရှင်သန်ခြင်းနဲ့ သေဆုံးခြင်း လောင်းကြေးထပ်ကြရတာမဟုတ်လား၊ နာမည်ဆိုးပေမယ့် လောင်းကစားဆိုတာ ယုံကြည်မှုကို အားပြိုင်တဲ့ပြယုဂ်ပါ၊ ငါအတိအကျ သက်သေပြနိုင်ပါတယ်၊ နင်မယုံရင် လောင်းမလား"

"တော်ပြီ. . ."

အိပ်မက်ကလေးတွေ ဝေးလွင့်မှုန်ရီ. . .ပုန်းခိုသွားကြပြီ၊ ကိုပီတိအဖေ့ရုပ်ပုံတစ်စတစ်စ ရှင်းပြတ်ပီပြင်လာတယ်။

"လူလွတ်ဘဝဆိုတာ ပျော်စရာကောင်းတာမှန်ပေမယ့် အထိမ်းအကွတ်မရှိတော့ ဘရမ်းပတာနိုင်တယ်. . . ပေါ့တန်တယ်. . . အလေအလွင့်အယိုအဖိတ်များတယ်။ ပြီးတော့ သဘင်လုပ်ငန်းဆိုတာ ဘဝအာမခံချက်မရှိတဲ့လုပ်ငန်း။ ဆိုင်းသံကြားမှစား၊ ဆိုင်းသံရပ်ရင်ငတ်ဆိုတဲ့ဘဝ၊ ငွေပျောက်တာ ပြန်ရှာလို့ ရပေမယ့် စင်ပျောက်ပြီဆိုရင် တစ်ဘဝလုံး မှောက်ကရော၊ အရွယ်ရှိတုန်းမှာ ရှာဖွေစုဆောင်း. . . အိမ်ထောင်ကောင်းထူထောင်. . . တခြားပြင်ပစီးပွားရေးတစ်ခုထူထောင်"

"ကဲ ယူပါ့မယ်အဖေရာ. . . အဖေ့စိတ်တိုင်းကျ ကျုပ်အိမ်ထောင် ပြုပါမယ်" ပြွတ်သိပ်ကြပ်ခဲနေတဲ့ အဖေ့ဒသနတွေကြားက ခေါင်းညိတ်ရုန်းကန်ထွက်လိုက်ရင်း အိမ်ထောင်မပြုဘဲ ဆယ်တန်း အထိကျောင်းထား၊ သဘင်ပညာသင်နဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော် စောင့်ရှောက်လာပြီး အခုမှ ဘာစိတ်ကူးရလို့ အကြောင်းအိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ပြုစေချင်ရတာလည်းဗျာ” ဆိုတော့ သူ့အဖေ သက်ပြင်းမောကြီး ချလိုက်ပြီး

“တဂျီဂျီနဲ့ အရက်ဖိုးတောင်းတဲ့ဒါက၊ အိပ်ကောင်းခြင်းမအိပ်ရ၊ ညဥ့်နက်သန်းခေါင် ဖဲရိုက်ဖို့ ပိုက်ဆံထုတ်ပေးရတဲ့ဒါကတွေ ငါမခံနိုင်လို့ ဝဋ်ရှိတဲ့မိန်းကလေးတစ်ယောက်ကို လွှဲပေးတဲ့သဘော ပေါ့လကွာ။

၀ ၀ ၀

ဒီလိုနဲ့ ဆရာဖြစ်သူ မြို့တော်ဦးသိန်းအောင် ဇာတ်ကနေထွက် အငြိမ့်လောကကိုရောက် နာမည်လေး နည်းနည်း အရာရောက် လာချိန်မှာ ကိုပီတိရဲ့ ဖခင်ကြီး သာသနာ့ဘောင် ဝင်သွားရှာပါ တယ်။

“တစ်လျှောက်လုံးသူများ အလုပ်တွေချည့် လုပ်ပေးခဲ့ရတာ. . . ကျန်တဲ့အချိန်လေး ကိုယ့်အတွက်လုပ်ရဦးမယ်ကွာ ဒီအချိန်ကစပြီး အနှောင်အဖွဲ့တွေကို ငါဖြတ်လိုက်ပြီ. . . မင်းတို့ အကြောင်းကြီးငယ် မှ မရှိဘဲ ငါ့ဆီကို လုံးဝမလာကြနဲ့တော့”

ဆို့ဆို့ကြီးပြောပြီး ကျောခိုင်းထွက်သွားတဲ့ ဖခင် ဦးပဥ္စင်းကြီးရဲ့ ကျောပြင်ကိုငေးကြည့်ရင်း ကိုပီတိမျက်ရည် ပိုးပိုးပေါက်ပေါက် ကျခဲ့ရတယ်။ အဖေက တိဟိတ်ကွ၊ ချစ်လုံးလုံး မုန်းလျားလျား အဂီသားလည်းဖြစ်ပြန်ဆိုတော့ သီးခံရင်တက်နင်းသွား၊ စော်ကား တယ်ထင်ရင်လည်း လေပြင်းပြင်းတောင် အမှုတ်မခံဘူး။ ဟင်. . . ဆိုလို့ကတော့ လှည့်ကြည့်မယ်မထင်နဲ့တော့၊ အဖေ့စကား စုတွေ နားထဲမှာ ဂယက်ထနေတယ်၊ သံသာရ ဝဋ္ဋဒုက္ခတော၊ မောစနတ္တာရ၊ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာအရပ်



www.burmeseclassic.com

www.burmeseclassic.com

သမုဒယဝေဒနာအပေါင်း ကင်းဝေးရာအရပ် သံယောဇဉ်ညွတ်ကွင်းတို နှင်းခြေချိုးဖျက်ပြီး. . . အေးငြိမ်းရာတစ်ဘက်ကို တကယ်ပဲ ကူးပြောင်းသွားခဲ့ပြီလားအဖေ။ အမိမဲ့သား ရေနည်းငါးလေးမို့ ငါ နောက်အိမ်ထောင်ပြုလိုက်ရင် မိထွေး ညှိုညင်ခံရရှာတော့မယ်ဆိုတဲ့ စိတ်နဲ့ မအေ့အတွက်ပါ တာဝန်နှစ်ခုပေါင်းပြီးအတောင့်ကြီး အသီး မာအောင် ငါပြုစုခဲ့ရတာ၊ တာဝန်ကြေလောက်ပါပြီကွာ၊ လိမ်လိမ် မာမာ လုပ်ကိုင်စားရင် လူ့ရှင်တော်ဘဝဟာ စားလမ်းရှည်ပါတယ်။ ရင်ထဲမှာ ခုန်ကြွနိုးထနေတဲ့ အဖေ့စကားစု မျက်ရည်ကြားက ဝိုးတဝါးအမြင်မှာ တရွေ့ရွေ့ကြောခိုင်း လျှောက်လှမ်းနေတဲ့ ပဥ္စင်း အိုကြီးတစ်ပါးရဲ့ အဝါရောင်ပုံရိပ်၊ ကိုပီတိ သူ့လက်တွင်းက စာအိတ်ပြာကလေးကို ဖောက်ဖတ်လိုက်တော့ အင်္ဂမအိပ်မက်ရဲ့ နီဂိုးချုပ်မြွားချက်လက်ရေးဝိုင်းဝိုင်းတွေ. . .

"အချစ်ဆိုတာ လက်တွေ့ဘဝရဲ့ အဓိကအခန်းမှာ မပါဝင်ဘူး လေ. . . ရင်ခုန်သံကို သုတေသနပြုတဲ့အရွယ်မှာပဲ ထားရစ်ခဲ့ရတဲ့ ပစ္စည်းမဟုတ်လား. . . နိုင်ငံခြားပြန် အင်ဂျင်နီယာနဲ့ ဖေဖေတို့ စီစဉ်ထားတာမို့. . ." တို့မျှားရဲ့စိတ်ကူးတံလျှပ်ကလေးကို

အော်. . . ကမ်းမယောင်နဲ့ လက်ကာပြသွားပြန်ပါပကော. . .

❑ ❑ ❑

ဒွန့်လို့ပြောပြော ဒွိလို့သတ်မှတ်သတ်မှတ် ဒွေးလို့ ခေါ်ခေါ် လူ့မင်းလို့ခေါ်ခေါ် ကိုပီတိဘဝက အဲလို အစုလိုက် အစုံလိုက် ဖြစ်ရပ်တွေ အများကြီး။ အော်ပရာလေး၊ပြဇာတ်လေး မတောက် တခေါက်ရေးနိုင်လို့ ဝင်ငွေတစ်မျိုးရ လူ့ရှင်တော်ကလို့ တစ်မျိုးရ နှစ်မျိုးရပြီးတာနဲ့ အရက်သောက်ပြီး ဂျင်ရှုံးလို့နှစ်သွယ် ဒုံနံရပြန် ကရော. . . နာမည်ကလည်း အတော်ကြီးနေပြီ. . . မွှေးနေတာကို

www.burmeseclassic.com

အတွေ့ရယ်ရတယ်ဆိုတာမျိုးပေါ့. . . ဘယ်လောက်ရှုံးရှုံး လုပ်ငန်းထဲမှာ ပြက်လုံးမမှားဘူးဆိုတာမျိုးပေါ့. . . တွဲလျှက်ပဲလေ အဲဒီနှစ်မှာ ကိုပီတိတို့ အငြိမ့်ထဲကို ပွဲကြည့်ကြီး ပညာသင်လာအပ်ပါလေရော. . . သူ့မိတ်ဆွေ လူရွှင်တော် ကိုအာယုကတော့. . .

"ယိမ်းပညာသင်တဲ့ကွာ ဂျပန်နပမ်းသမားများလား အောက်မေ့ရတယ်၊ နည်းတဲ့ကိုယ်လုံးကြီးမဟုတ်ဘူး၊ မျက်နှာပေါက်ကတော့ တကယ့်စံရှားတင်ဘဲမောင် ထီးချိုင့်ကတဲ့၊ မိဘတွေကတောင် လူချမ်းသာတွေတဲ့"

နောက်ဆုံးအချက်အလက်တွေဟာ ကိုပီတိရင်ကို ဒိန်းခနဲဝင်မှန်တယ်၊ မယားတောသူတဲ့၊ တောင်သူလူချမ်းသာတွေတဲ့၊ မှာထား အလားသင့်လိုက်လေ၊ ငါလိုဝင်ငွေ လေသေနတ်ကျည်ဆံ၊ ထွက်ငွေအမြောက်ဆန်သမားတွေအတွက် ချည်တိုင်ကောင်း တွေ့ပြီ။ အာမခံချက် မရှိတဲ့ သဘင်ပညာကို မြတ်နိုးစွာ လှုပ်ကိုင်ရင်း အိုစာမင်းစာ ယာခင်းပိုင်ရှင်အဖြစ် ဇရာနဲ့ နေဝင်ချိန်ကို ဧရာဝတီအညာအရပ်မှာ ခန့်ခန့်ညားညား တစ်ခန်းရပ်လို့ရပြီ၊ အဲဒီအချိန်ကစပြီး မပွဲကြည့်လေးကို ပွဲတင်မက အပြင်မှာပါ ကြည်အောင် စွမ်းဆောင်ပါတော့တယ်။ အင်္ဂါသား ကိုးဂဏန်းအကျိုးပေးသတဲ့၊ မင်းဟာ ငါ့ရဲ့ နဝမအိပ်မက်ပွင့်ကလေးပါကွယ်. . တဖွဲ့တည်းသုံးနှစ်တိတိအတူတူ ကပြီးချိန်မှာတော့. . . မပွဲကြည့်ကို ပီတိရင်ခွင်ထဲ ရောက်သွားပါတော့တယ်။

"ကျုပ်က တောသူတော့ ကြိုက်ရင် ယူရမှာ"

"အင်းပါဟ ငါလည်း မင်္ဂလာဆောင်ဘို့စဉ်းစား"

"မနေ့ကတင် လူကြုံနဲ့ အဖေတို့ အမေတို့ကို မှာလိုက်ပြီဟေ့"

"ဟိုက်"


www.burmeseclassic.com

www.burmeseclassic.com

"ခင်းရွေ့ နှစ်အတွက် စပေါ်ကြိုတင်ငွေရယ်၊ ငါတို့ ငွေရယ် ပေါင်းပြီး လုပ်ရတာဘဲ၊ အဝေးက သတို့သမီးဆိုတော့ ဆွေမျိုး အရင်းအချာတွေကလွဲရင် ကျန်တဲ့မိတ်ဆွေတွေအားကိုးနဲ့ ဆောင်ရ မယ့် မင်္ဂလာပွဲပေါ့ကွယ်" အမေကြီးက မင်္ဂလာဆောင်ဖိတ်စာတွေ ရေတွက်ရင်းပြောနေပေမယ့် ကိုပီတီ ရင်တွေခုန်နေတယ်၊ မြတ်မှ မြတ်ပါ့မလား. . . ဖိတ်တဲ့သူတွေကရော လာမှ လာကြပါ့မလား၊ ငါရော သူတို့ကိစ္စတွေတုန်းကလိုက်ခဲ့ဘူးသလား၊ မိုးမရွာပါစေနဲ့၊ ငါ့အပေါင်းအသင်းတွေ စီးပွားရေးအဆင်ပြေကြပါစေ၊ တောင်စဉ် ရေမရတွေ တွေးရာကနေ ·····

"ဦးပဥ္စင်းကြီးကိုရော လျှောက်ကြသေးလား"

"မင့်ဘကြီးသွားလျှောက်တော့ အဲ့ကိစ္စတွေ စိတ်မဝင်စားတော့ ဘူးတဲ့"

"အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ. . . "

၈၄ လမ်းနဲ့ ၂၆ ဘီလမ်းထောင့်က ခန်းမပေါ်မှာ သံကုန်အော် ဆိုနေချိန် အောက်ထပ်က ကိုပီတီခမြာ နို့ဆီပုံးတွေ သကြားအိတ် တွေကို အပေါ်ထမ်းတင်နေရတုန်း အားလုံးရောက်ပြီဆိုမှ နံဘေးက သတို့သားဝတ်စုံယူဝတ်၊ ခေါင်းပေါင်းစွတ်၊ မပွဲကြည်ကို လက်တွဲပြီး အရှေ့ပေါက်လှေကားကတက်လိုက်တယ်၊ ဧည့်သည်တွေ စုံနေ ပြီ. . . သူငယ်ချင်းတွေ ဆရာသမားတွေ အလယ်မှာ ဦးလေးနဲ့ ဒေါ်ဒေါ် (လူထုဦးလှနဲ့ လူထုဒေါ်အမာ) ပြီး ဦးပေါ်စံ၊ ဒေါ်ဒေါ် အားလုံးကို လက်အုပ်ချီနှုတ်ဆက်ရင်း စားပွဲထိပ်မှာ ပြုံးပြုံးကြီး ထိုင်နေတဲ့ ဘဒွေးမင်းသား (မြို့တော်ဦးသိန်းအောင်)ကို ကန်တော့ လိုက်တော့ ဘဒွေးက ထုံးစံအတိုင်း နေကာမျက်မှန် အနက်ကို ပင့်ရင်း . . .

"ခလေးခလေးကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ကွာ၊ သူ့ခမြာ


www.burmeseclassic.com

www.burmeseclassic.com


နည်းတဲ့ ဝင်ငွေမဟုတ်ပါဘူး” လို့ ပြောနေခိုက်မှာ ပရိသတ်တွေက ဝိုင်းပြီး ဦးသိန်းခအောင် သီချင်းတစ်ပုဒ်ဆိုပေးပါလို့ တောင်းဆိုကြတာနဲ့ တီးဝိုင်း စင်မြင့်ပေါ်ကိုတက် မိုက်ကရိုဖုန်းကိုယူရင်း လေအားကြီးနဲ့ . . .

“အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်၊ မောင်ပီတိဆိုတာ ကျွန်တော့်သားဆိုရင် မလွဲပါဘူး၊ လူဆိုး၊ လူပေ၊ လူရှင်တော်လေးကို မွေးထားရတာမို့ ဒီခလေး ဒီလိုမှ အခြေကျပါ့မလားလို့ စိုးရိမ်ခဲ့ရတာ အခုတော့ စိတ်အေးရပါပြီ။ နောက်ထပ် ဒီနေရာက မိတ်ဆွေများကို ကြေညာချင်တာက ကျွန်တော်ကိုသိန်းအောင် ဒီနှစ်မန္တလေးမှာ ဗလာကပါတော့မယ်”

‘ဟယ်’ဆိုတဲ့ အာမေဋိတ်သံတွေ စုတ်သပ်သံတွေပေါ်လာတယ်၊ ကိုပီတိရင်ထဲမှာ နင့်ခနဲ့ဖြစ်သွားတယ်၊ တစ်နိုင်ငံလုံး ချစ်ကြတဲ့ နိုင်ငံရဲ့တစ်နံတစ်လျားမှာ အောင်ပွဲတွေ အများကြီးခံခဲ့တဲ့ ပုဂ္ဂိုလ် အခုတော့ . . .

“အရွယ်လည်းရ ကျန်းမာရေးကလည်း စကားပြောလာပြန်တော့”

ကျွန်တော်သိနေတယ် ဘဒွေး၊ ဘဒွေးဘာကို ဖုံးကွယ်ပြီး ပြောနေတယ်ဆိုတာ ကျွန်တော်သိနေတယ်၊ ကြေကွဲနာကျင် အတွေးတွေက ကိုပီတိရဲ့ မျက်ရည်စီးကြောင်းကို ဖွင့်စပြုကုန်ကြပြီ. . .

“ကိုယ့်ရတနာပုံ မင်းနေပြည်မှာပဲ အိုးမကွာ အိမ်မကွာ. . .”

ဘဒွေးရင်ခေါင်းသံကြီးနဲ့ ပြောနေရင်း နေကာမျက်မှန်အောက်က မျက်ရည်ပေါက်ကလေးတွေ စီးကျလာတယ်၊ နိမ့်ပါးသွားတဲ့ အခြေအနေရဲ့ ဒါဏ်ကို ဘယ်သူခံနိုင်မှာလည်း၊ ဟန်ဆောင်ပြုံးတယ်၊ လက်ကိုင်ပုဝါထုတ် မျက်ရည်ကိုသုတ်လိုက်ပြီး . . .

“ကျွန်တော့်သားရဲ့ မင်္ဂလာပွဲမှာ နိမိတ်ယူရင်း ပြည်တော်ဝင်

www.burmeseclassic.com

ဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေပါရစေခင်ဗျ၊ "ချစ်ခင်ကြတဲ့ အားလုံး မိတ်ဆွေ နေ့တိုင်းပဲ သတိရကာနေ၊ ကျန်းမာကြရဲ့လားလို့. . ."

သီချင်းမဟုတ်ဘူး ဘဒွေး၊ အဲဒါငိုချင်း၊ ငိုချင်း ဖျာကုန်၊ ရှုံပွင့် လက်ခုပ်သံ၊ အောင်ပွဲ၊ အဲဒါတွေကို စွန့်လွှတ်လိုက်ရလို့ အရှိန် အဝါ ဂုဏ်သိက္ခာ သရဖူဆောင်းဘဝ၊ ဒါတွေစွန့်ခွာလိုက်ရလို့ နာကျင်စွာ ညီးညူနေတဲ့ ညည်းချင်း၊

"ခါတော်ရောက်ချိန် နီးလို့လာပြီ၊ ဒေါ်ဒေါ်မမ ညီမတို့ရေ. . ." အရာကျမှ အခါတနေရှာတဲ့ သူ့ဆရာ ငိုရင်းဆိုနေရှာတဲ့ သူ့ဘဒွေး ကို ကိုပီတိ မကြည့်ရက် မကြားရက်တော့ဘူး။

"အောင်စည်ယွန်းသံ ကြားရင်ဖြင့် ပြည်တော်ဝင်မယ်လေ"

ကိုပီတိ လည်ချောင်းထဲမှာ ကြပ်ကြပ်နင့်နင့်ကြီး ဖြစ်လာတယ်၊ သတို့သားတစ်ယောက်အနေနဲ့ မျက်ရည်ကို ခိုးပြီးကျချင်တယ်၊ ခပ်သုတ်သုတ် ခန်းမအပြင် ဝရန်တာကိုထွက် ဝရန်တာကိုမှီပြီး နာရီစင်ကိုကြည့်ရင်း အောက်ကိုငုံ့လိုက်တော့ နာရီစင်အောက်မှာ သားမင်္ဂလာပွဲ လူစည်ရဲ့လားလို့ ကတုံးလေးပွတ်ပြီး ယောင်ပေ ယောင်ပေနဲ့ လှည့်ကြည့်လှည့်ကြည့် လုပ်နေရှာတဲ့ သူ့အဖေ ဦးပဥ္စင်းကြီး။

ချစ်ခရာ



www.burmeseclassic.com

www.burmeseclassic.com

## ☐ ကိုပီတီနှင့် သိုင်းကွက်သစ်

စိမ်းမြမှိုင်းညို့ ဝါးရုံတော။ ပါးပါးလျှလျှ လေပြည်နုကပင် ပွတ်သပ်တိုးဝင်စရာ နေရာအကြားမရှိအောင် ပူးကပ်ကြပ်နေကြသည့် ဝါးရုံပင်များ။ အလယ်မှာတော့ လူတစ်ယောက်သွားရုံ မြေနီလမ်းကလေး။ လူသူအသွားအလာ နည်းပါးသည့်လက္ခဏာ။ ဝါးရုံရွက်ကြွေများနေရာယူလျက်၊ သက်ပင့်တစ်ချက်ရှိုက်ရင်း ရှေ့နောက်ဝဲယာကို သူကြည့်သည်။ သက်ရှိသတ္တဝါ တစ်စုံတစ်ဦးမှမရှိ။ မြေနီလမ်းကလေး၏ ဟိုးဘက်အဆုံးမှာတော့ အမှောင်ထုနှင်းစက်တို့ဖြင့် လူးပွတ်လျက် တောင်ပေါ်လေထုက သူ့ဆံပင်တွေကို တိုးဝင်လှုပ်ခတ်သွားစေသည်။ အေးအေးစိမ့်စိမ့် လေကို တဝရှိုက်သွင်းလိုက်ရင်း သူ့သိုင်းဆရာကြီး စိုင်းကျောက်လုံး၏ စကားတွေကို ကြားယောင်နေပြန်သည်။

"မရဏ ဝေဠုကန္တာလို့ခေါ်တဲ့ သေမင်းဝါးရုံတောဟာ ငွေသားမျှော်စင် သိုင်းဝက်ပါရဲ့ ပထမလှေကားထစ်ပဲ။ အဲဒီဝါးရုံတောထဲမှာ မျောက်သိုင်းဆရာကြီး ယန်စွေ့ဟုန်ရှိလေရဲ့။ သူ့တိုက်ကွက်တွေဟာ သာမန်မျက်စေ့နဲ့ မမြင်သာအောင် မြန်လွန်းတယ်။ ဘယ်လောက်အဆင့်မြင့်တဲ့ သိုင်းသမားဖြစ်ဖြစ် ဝါးရုံတောထဲကို ကျော်နိုင်ဖို့ မလွယ်ကူဘူး။ သိုင်းအကျော်အမော်တော်တော်များများဟာ တောစပ်က လှည့်ပြန်ခဲ့ကြရတာချည်းပဲ၊ မင်းကတော့ ပညာတော်တော်စုံနေတော့ ဖြတ်သန်းကောင်း ဖြတ်သန်းနိုင်ပါလိမ့်မယ်"



www.burmeseclassic.com

နောက်ကျောတွင် စလွယ်သိုင်းထားသည့် ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း၊ ဝါးရုံတောအုပ်အလယ် မြေနီလမ်းကလေးပေါ်သို့ ခြေစ၍ လှမ်းလိုက်သည်။ တစ်လှမ်း. . . နှစ်လှမ်း. . . . သုံး. . .

"ဝိုး. . . ဝိုး. . . ဖတ်. . . ဖတ်. . . ဒုတ်. . ."

တွေးညွတ်အိကျသည့် ဝါးရုံကိုင်းဖျားမှ ရိပ်ကနဲ မြင်လိုက်ရသည့် သဏ္ဌာန်တစ်ခု။ မြေပေါ်အရောက် အခြားဝါးရုံကိုင်းဆီ ခုန်တက်ရင်း လက်တွင်းက ပစ္စည်းတွေနှင့် ပစ်ပေါက်တိုက်ခိုက်သွားသည်။ ဘာလက်နက်မှန်းမသိလိုက်။ နောက်ကျွမ်းထိုး၍ ရှောင်တိမ်းခြင်းသာ မပြုလိုက်နိုင်လျှင်-

"ဝေါ. . . ဝုန်း. . . ဝုန်း. . . ."

နောက်ကျောဘက်မှ ဝါးသုံးလေးပင် ပြတ်ကျလာသည်။ ဘုရား. . . ဘုရား. . . သံမဏိစကြာလက်နက်တွေ၊ လူမဆိုထားဘိ ဆင်လည်ပင်းတောင် တိခနဲ ဖြတ်လှီးပြစ်နိုင်သည့်အရာတွေ၊ အိုသေတစ်နေ့ မွေးတစ်နေ့ပဲ ငါလိုချင်တဲ့ ရောင်စဉ်ခုနစ်လွှာဓားကို မရမချင်း မပြန်တော့ဘူး။ ကိုင်းတွေကြသေးတာပေ့ါ။ ယန်စွေဟုန်ရယ် စိတ်တွင်းမှ ကြုံးဝါးရင်း ခြေဖော့၍ရှေ့တိုးလိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဝှစ်. . . ဝှစ်. . ."

လေမတိုးဘဲ ဝါးတစ်ပင်အလိုလိုငဲ့ကျ၊ စောင်းအိ၊ ထိပ်ဖျားကမြားတစ်စင်းလို ပြေးဝင်လာ။ အလိုက်သင့်ခုန်ပြီး ဝါးရုံကိုင်းများပေါ်ကိုယ်ဖော့၍လိုက်သွားသည်။ ထိုစဉ် လေယာဉ်ပျံတစ်စင်းလိုတည့်တည့်ကြီး ဝိုးကနဲ တိုးဝင်လာသည့် လူရိပ်ကိုယ်နွဲ့ရှောင်၊ ကျောဆီက ဓားကိုထုတ်ပိုင်းချ၊ ခုန်ဆင်း၊ ဓားကိုအပေါ်ပြန်ထောင်ရန်သူရှိရာကို အမြင်အာရုံစိုက်၊ ဇယ်စက်သလို တရစပ်ဟွပ်ရှားပစ်လိုက်သည်။ ဓားဖျားတွင် ဆံပင်တစ်ထွေး ပြတ်ငြိလျက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝေါ. . . ရွမ်း. . . ဖတ်. . . ဝှစ်. . ."

ဝါးတစ်ပင်ကို ကျောမှီကပ်တွယ်နေသည့် လူရိပ်ပီပြင်လာသည်။ ရှည်လျားသော ဆံပင်ထူပျစ်ပျစ်မုတ်ဆိတ်နှင့်သားမွေးဝတ်စုံဝတ် လူတစ်ယောက်။ ပြူးကျယ်ဝိုင်းစက်မျက်လုံးတွေကို တမင် မေးစင်းကြည့်ရင်း. . .

"ဟား ဟား ဟား ဟား လုပ်ရှုချောင်းဖျားမှာ ဆိပ်လူးကြာပွတ်ဝမ်းလီရဲ့အလောင်းကို တွေ့ကတည်းက မောင်ရင် ကျုပ်ဆီလာဖြော့မှာပဲဆိုတာသိပြီးသား။ အကွက်ကလေးတွေ မဆိုးပါဘူး။ ကိုင်းဘာပြုလို့ဝမ်းလီကိုသတ်ခဲ့တာလဲ. . . ပြောစမ်း။"

"သူက ကျုပ်ကို ကြာပွတ်နဲ့ လိုက်ရိုက်တယ်ဗျ၊ ကျုပ်လည်း ခုခံရင်း လက်လွန်သွားတယ် ဆိုပါတော့။

"ဝမ်းလီ. . . ဝမ်းလီ. . . သိပ်မိုက်တဲ့ကောင်၊ အဲဒါ သူ့ကြာပွတ်မဟုတ်ဘူးကွ၊ မြင်းသိုင်းဝိဇ္ဇာပိုက်ကြီးရဲ့ကြာပွတ်၊ အင်းခုတော့သူ့အတတ်နဲ့ သူသွားပြီပေါ့လေ။ ကိုင်း မင်းဒီနေရာက လှည့်ပြန်ဖို့ပြင်ပေတော့. . ."

"ကျုပ်က ငွေသားမျှော်စင်က၊ ရောင်စဉ်ခုနှစ်လွှာမားကိုရမှပြန်မှာဗျ။"

"ဒီလို ရည်ရွယ်ချက်နဲ့ လာသူတိုင်း ဒီနေရာမှာ အသက်စွန့်ရတာချည့်ပဲကွ၊ ဒီမှာ ချာတိတ် မျောက်သိုင်းယန်စွေ့ဟုန်ဆိုတာမင်းမကြားဖူးဘူးလား သွား"

သူ တွေဝေးဝေးကြည့်နေရင်း အသိအာရုံမှာ ဆရာကြီး ဦးစိုင်းကျောက်လုံး ရုပ်သွင်ပေါ်လာသည်။

"ယန်စွေ့ဟုန်ဟာ ရန်သူကိုတိုက်ခိုက်တော့မယ်ဆိုရင် သူကိုယ်သူ မျောက်တစ်ကောင်လို စိတ်သွင်းပစ်လိုက်တယ်။ အဲဒီအချိန်မှာသူဟာ လူမဟုတ်တော့ဘူး။ မျောက်ရိုင်းတစ်ကောင်ဖြစ်သွားပြီဒါကို မင်းသတိထားပြီးရင်ဆိုင်ရမှာပဲ"


www.burmeseclassic.com

www.burmeseclassic.com

သူ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ယန်စွေ့ဟုန်ကိုကြည့်ကာ-

"မသွားဘူးဆိုရင်ကောဗျာ"

ဘာအဖြေမှ မရတော့၊ ယန်စွေ့ဟုန် မျက်တောင်တွေပုတ်ခတ်၊ ပုတ်ခတ်လုပ်ရင်းလက်ပြင်ကြီးတအိအိကိုင်းကျလာသည်။ နှုတ်ခမ်းတွေလည်း မောက်မောက်စူစူကြီးတွေဖြစ်လာသည်။ မျောက်စိတ်တွေဝင်နေပြီး ငါ့ကိုတိုက်ခိုက်တော့မယ်၊ အရေးကြီးတာက သိုင်းပညာမှာ လက်ဦးမှု၊ လက်ဦးမှုကို အရယူဖို့ အတွေးနှင့်အလုပ်ဆက်တိုက်ဖြစ်သွားသည်။ အသင့်ဆောင်လာသည့် ခါးကြားမှ အထုတ်ငယ်တွေနှင့် ယန်စွေ့ဟုန်ကို တရစပ်ပစ်ပေါက်လိုက်သည်။

"ဖတ်. . . ဖတ်. . . ကွိ. . . ကွိ. . . ဖရှး. . . ဖရှး. . . "

အမှတ်မထင် မျက်နှာပေါ် ပြေးကပ်ကုန်သည့် အရာတွေကို အနံ့ခံရင်း ယန်စွေ့ဟုန် ထိတ်လန့်တကြားခွာပစ်သည်။ ပြီးတော့ မြေပြင်ပေါ် ဝုန်းကနဲ ခုန်ချပြီး လက်ဝါးတွေကို သွေးစိမ်းရှင်ရှင်ပန်းထွက်သည်ထိ ပွတ်နေပြန်သည်။ သူ့အာရုံမှာ ဆရာကြီးစိုင်းကျောက်လုံးကို ဖြတ်ကနဲ သတိရမိသည်။

"ကိုယ်လုံ့ပညာရဲ့အဓိကသော့ချက်ဟာ ဉာဏ်ရည်ပါးနပ်မှုပဲ၊ လေ့ကျင့်မှုဘယ်လောက်တော်တော် ဖြတ်ထိုးဉာဏ်မရှိရင် အလကားပဲ။ ကြိုးဝိုင်းထဲကပြိုင်ပွဲမဟုတ်သ၍ ဘယ်စည်းမျဉ်းဥပဒေမှ လိုက်နာနေစရာမလိုဘူး"

မျောက်စိတ်ဝင်နေသည့် ရန်သူအား ငပိထုတ်တွေနှင့် ပေါက်ထည့်လိုက်ခြင်းသည် မှန်ကန်သော တိုက်ကွက်။ မျောက်သည် ငပိအသေအလဲရွံရှာကြောက်ရွံ့သည် မဟုတ်လော။ အာရုံထွေပြားၡ်လူလိုနေရကောင်းနိုးနိုး၊ မျောက်လိုနေရကောင်းနိုးနိုးဖြစ်နေသည့် ယန်စွေ့ဟုန်ဆီ လှစ်ကနဲပြေးဝင်ကာ သေမင်းလက်ဝါးတစ်ချက်လွှတ်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဖြောင်း. . . ဝိုး. . . ဝိုး. . ."

မျက်နှာတစ်ခြမ်း ရွဲ့ဘွက်အသွား၊ ပတ်ချေဖဝါးလှည့်ရိုက်သည်။ လည်ပြီးငိုက်အကျ၊ အရှိုက်ဆီသို့ ဒူးပျံတစ်ချက်သွင်းကာ၊ ကျောရိုးတည့်တည့်တဒေါင်ဖြင့် ထောင်းချလိုက်သည်။ နားတွေ၊ ပါးစပ်ထဲမှသွေးတွေ စီးကျကာ မြေနီလမ်းအလယ်၌ ပက်လက်လန်လျက် နောက်ဆုံး ထွက်သက်ကို လုယက်ထိန်းသိမ်းနေဆဲမှာပင်၊ မျက်နှာစိမ်းလူရွှယ်၏ မျက်နှာနားကပ်၍ တီးတိုးပြောလိုက်သည့် စကားစုတွေကို ယန်စွေ့ဟုန် သဲ့သဲ့လေးကြားလိုက်ရသည်။

"အကြွေးတွေများလွန်းလို့ သေလည်းအေးရောဆိုပြီး၊ ဒီခရီးကို ထွက်လာတာ၊ ငါသေမှာမကြောက်ဘူးကွ။ နောင်ဘဝထိဆက်မှတ်သွား၊ မင်းတို့ကို အနိုင်ယူသွားတဲ့သူဟာ မြန်မာပြည်က လူရွှင်တော်ပီတိတဲ့ ဟားဟား"

📖 📖 📖

လင်ဖမ်းဥယျာဉ်တော်၊ ဝါးရုံတောမှအထွက် မိုးမခ၊ ဝက်သစ်ချနှင့် ထင်းရှူးပင်များ ဝန်းရံထားသည့်လွင်ပြင်။ ထူထပ်သည့်တိမ်သားအပြည့်ကောင်းကင်နောက်ခံဝယ် စိုလန်းတောက်ပနေသည့်အလုံ။ ပန်းရောင်စုံတို့ ဝေဆာလျက်၊ လွင်ပြင်အလယ်တွင် ကြာပန်းတွေကြာဖတ်တွေ စီရရီနှင့် ရေကန်ငယ်။ ရေကန်ငယ်အဝင်မုခ်ဦး၌ ယပ်တောင်ကိုဖြန့်ကိုင်လျက် လက်တစ်ဖက်က ခါးကိုထောက်ထားသည့် ရင်ဆိုင်မိန်းမပျို ကျောက်ရုပ်တုလေးခု။ လေပြည်တစ်ချက်ဝေ့သွားသည်။ မိုးရနံ့သင်းသင်း၊သူမုခ်ဦး၏ မလှမ်း မကမ်းတွင် ရပ်လျက် စဉ်းစားနေခိုက်။ ဆရာကြီး ဦးကျောက်လုံး၏ ရုပ်လွှာကပေါ်လာပြီး . . .


www.burmeseclassic.com

"လင်ဖမ်းဟာ ဒုတိယလေ့ကားပဲ၊ ငွေသားမျှော်စင်ကိုသွားဖို့ လင်ဖမ်းဥယျာဉ်တော်ကို မဖြတ်ဘဲ မရဘူး။ သိုင်းသမားတို့ရဲ့ နောက်ဆုံးခရီးလို့ခေါ်တယ်။ မုတ်ဆိတ်ဖြူဘိုးဘိုး ဟိုယောင်ဝါးရဲ့ သမီးတွေ၊ *ညီအစ်မ ခုနစ်ယောက်စောင့်တယ်လို့* အဆိုရှိတယ်။ အခုတော့ လေးယောက်ပဲစောင့်သတဲ့။ အဲဘယ်လောက်အဆင့်မြင့်တဲ့ သိုင်းသမားဖြစ်ဖြစ် လင်ဖမ်းကိုရောက်တာနဲ့ ပြန်လမ်းမရှိတော့ဘူးမှတ်"

"သေကုန်ကြတာလားဆရာကြီး"

"အိမ်ထောင်ကျကုန်လို့ဟ။ ခွီးတဲ့မှပဲ။ လင်ဖမ်းပါလို့ဆိုနေမှ"

အတွေးစကိုဖြတ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး သူ့အသက်ရှူသံမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်။ ရေကန်အလယ် ကြာပန်းတွေပေါ် ဝဲနေသည့် လိပ်ပြာတို့ တောင်ပံခတ်သံကိုပင် ကြားနေရ၏။ သူကျောက်ထုနှစ်ခုကြားသို့ တိုးဝင်လိုက်သည်။

"ရှွတ်. . . ရှွတ်. . . ဗွီး. . . ဝေါ. . ."

အချိန်မီ နောက်သို့ခုန်မဆုတ်မိလျှင် ခန္ဓာကိုယ်နှစ်ခြမ်းပြတ်ထွက်သွားလောက်သည်။ ကျောက်ယပ်တောင်သိုင်းကွက်။ ရုပ်တုများ၏ တိုက်ခိုက်မှု။ သူကြည့်နေခိုက်မှာပင် ရုပ်တုတွေအသက်ဝင်လာပြီး ရှေ့ဆုံးရုပ်တု နှုတ်ခမ်းလှုပ်တွန့်ကာ၊

"လင်ဖမ်း ဥယျာဉ်တော်ရဲ့သခင် လင်ညီအစ်မများက ကြိုဆိုပါတယ်"

"ကျွန်မတို့က အပျိုစစ်စစ်တွေပါ၊ ကျွန်မနာမည်က လင်ရှောင်"

"မင်းဟာ အပျိုကြီးဖြစ်ရမယ်"

"ကျွန်မက လင်ရှောက်ရှာ"

"မွှတ်သိပ်နေတဲ့ နှလုံးသားပိုင်ရှင်ပါလား"

"ကျွန်မက လင်ကျန်းရီ"


www.burmeseclassic.com

"အမယ် လင်ကြမ်းတာတောင် ရယ်တယ်ဆိုတော့ တော်တော် ဆိုးမျိုးခံနိုင်တာပဲ"

"ပေါကြောင်ကြောင်တွေ လျှောက်ပြောမနေနဲ့. ကျွန်မက အငယ်ဆုံးလင်လုယူ"

"ဘုရား ဘုရား အာဂသတ္တိပါလား ကလေးမရယ်"

အကြီးဆုံးက နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ရင်း မဲ့ပြုံးကလေး ဖြင့် -

"ဥယျာဉ်တော်ကို ဖြတ်သန်းသွားလာသူမှန်သမျှကို သုတ်သင် ပစ်ဖို့ ကျွန်မတို့သစ္စာဆိုထားရပါတယ်ရှင်"

မိုးချုန်းသံတစ်ချက်ကြားလိုက်ရသည်။ ပန်းနုသွေးအလှ မျက်နှာကလေးတွေ ကိုယ်စီမှ တာဝန်မှလွဲ၍ ကျန်ခံစားမှုအလျဉ်း မရှိသည့်အသွင်။

"ဒီတော့ အေးအေးချမ်းချမ်းအိမ်ထောင်ပြုပြီး ဒီမှာနေမလား၊ အသက်မပါတဲ့ခန္ဓာကိုယ်နဲ့ဟိုဘက်ကို ခရီးဆက်ချင်သလား၊ ရွေး ချယ်ပါတော့"

သူကြောပြင်ဆီက စိမ့်ကနဲဖြစ်သွား၏။ ပြီးမှအားတင်းရင်း

"ကျုပ်ခရီးနဲ့ပန်းတိုင်ဟာ ငွေသားမျှော်စင်ပဲ၊ မရောက်မချင်း သွားဖို့ ဆုံးဖြတ်ပြီးပြီ။"

အငယ်ဆုံးလင်လုယူကဝင်၍-

"ကိုင်း မမ ပဏ္ဍာမတိုက်ကွက်ဖြစ်တဲ့ မမရဲ့ ကျောက်စိမ်း ပလွေနဲ့ နှုတ်ဆက်လိုက်စမ်းပါ။"

ဆရာကြီး၏ရုပ်သွင်ကို ပြန်ဖော်ရပြန်သည်။

"လင်ရှောင်ဟာ ပလွေဝိဇ္ဇာပဲ။ သူ့ပလွေစွမ်းဟာ လူမပြောနဲ့. ဆင်ရိုင်းတွေတောင် ဘုန်းကနဲလဲသေနိုင်တဲ့အထိ။ အမိကကတော့ သူ့ပလွေသံကို မင်းနားမစွဲဖို့ဘဲ။ သူ ပလွေစွမ်းပြနေချိန်မှာ မင်း



www.burmeseclassic.com

အာရုံဟာ တခြားမှာရောက်နေပါစေ။ နို့မို့ဆိုလို့ကတော့ မင်းကိစ္စ ပြီးပြီသာအောက်မေ့။ နားစည်တွေကွဲထွက်ကုန်မယ်။ အာရုံကြော တွေ ပြတ်ကျကုန်မယ်။ မွှေးညင်းပေါက်တွေကတောင် သွေးစိမ်း ရှင်ရှင် ပန်းထွက်ကုန်မယ်ကွာ"

စဉ်းစားနေခိုက်မှာပင် လင်ရှောင်၏ နှင်းဆီသွေးနှုတ်ခမ်း နှစ်လွှာ ကြားမှာ ကျောက်စိမ်းပုလွေရောက်သွားသည်။ သာယာညင်းပျောင်း အသံ။ သူ့အသိအာရုံမှန်သမျှကို သူ့စီးပွားရေးပေါ် ပုံချထားလိုက် သည်။ စိတ်ညစ်စရာ၊ ဒေါသဖြစ်စရာ၊ ပူပန်စရာတွေသာ အလှည့် ကျ စိုးမိုးကုန်သည်။ ပလွေဘာမှ မထိရောက်လိုက်။

"ညီမလေးတို့ မမတော့ အာညောင်းတာပဲ အဖတ်တင်တယ်၊ သင်းတအတွင်းအား အတော်ကောင်းတာကိုးကွဲ့၊ ဒီတော့ ညီမ လေးတို့ တစ်လှည့်ဝိုင်းတိုက်လိုက်ကြစမ်း"

အမိန့်ပေးသံမဆုံးလိုက်။ ရိပ်ကနဲ၊ လွှားကနဲ ထိုးခုတ်တိုက်ခိုက် မှုတွေ ဆင့်ကာဆင့်ကာ။ လက်ဝါးခြင်းရိုက်သံ၊ ဖနောင့်ချင်းထိသံ၊ မာန်ဖိသံတွေ ပွက်ပွက်ညံသွားသည်။ နာရီဝက်နီးပါးလက်ရည်တူ နေသည်။ သူလည်းမောလှပြီ။ သည်အခိုက်တောင်ပေါ်မိုးသည် အညိုးနှင့်ရွာချလေတော့ရာ သူငယ်မများ၏ ပိုးသားဝတ်ရုံလေး တွေမှာ ရေထိပြီး ဖြူဝင်းသော အသားတွေဆီကပ်ကုန်သဖြင့် မိန်းမသားပီပီ အရှက်တရားကို ဦးစားပေးကြလေရာ။

"ဟယ် အို လုပ်ကြပါဦး ဟွန့် အဲလိုမကြည့်နဲ့ကွယ်လေ့"

သူတို့တွေ ဖုံးဖို့၊ ကွယ်ဖို့ လုံးပမ်းနေခိုက်၊ အခွင့်ကောင်းယူ၍ တိုက်ခိုက်ရပေတော့သည်။ ဟီရိုဩတ္တပ္ပ တိုက်ကွက်-

"ဖြောင်း. . . ဖတ်. . . ဝှစ်. . . ဝိုး. . . ဒုတ်. . . အား. . . ကွမ်းတစ်ရာညက်ခန့်အကြာမှာ အေးဆေးစွာပင် ဥယျာဉ်တော် အတွင်းမှ ထွက်ခွာသွားသည်။ မိုးလည်းစဲပြီ၊ သို့သော် လင်ဖမ်းရေ



www.burmeseclassic.com

www.burmeseclassic.com

ကန်တော်အတွင်းသို့ စီးဆင်းနေသော မိုးရေတို့မှာ အနီရောင်များ ဖြစ်နေတော့သတည်း။

။ ။ ။

ဆုံးစ မမြင်နိုင်သော နှင်းပြင်လွှာ၊ ဆီးနှင်းမြူငွေ့တို့ ရစ်ပတ်လျက် တိမ်ထုကို ဖောက်ခါ မိုးကောင်းကင်ကို ကျားကန်ပေးထားသည့်နှယ် မြင့်မားမတ်စောက်သော နှင်းတောင်(သို့မဟုတ်) ငွေသားမျှော်စင် သိုင်းဝက်ပါ။ သိုင်းလောကသားတို့ မက်မောလွန်းလှသည့် ရောင်စဉ်ခုနစ်လွှာဓားသည် သူ့ကို ငံ့လင့်ကြိုဆိုနေပေပြီ။ ပတ္တမြား၊ မြ၊ စိန်၊ နီလာ၊ ဂေါ်မုတ်၊ ပုလဲ၊ ကြောင်နီလာ၊ ရတနာခုနစ်မျိုး စီချယ်၍ ရွှေသားကိုအပြားခတ်ပြီး အသွားတတ်ထားသည့် လက်ကိုင်အရိုးက ကျောက်စိမ်းအတိ။ ရတနာတွေကို သူစွမ်းအင်နှင့်သူ အတိုက်ခံတတ်၊ အခံခံတတ်သဘောနှင့် အချိုးကျပေါင်းဖွဲ့စီရင်ထားသည့်ဓား။ အသွားနှင့်နေရောင်ကို ခံယူ၍ အရောင်ပြန်ရုံနှင့် ရောင်ပြန်အလင်းထိချက်သည် လူ့နှစ်ယောက်ဖက်စာ သစ်ပင်ကြီးတွေကိုပင် ရွှေမှာရေပန်းတွေ ဝါးနှစ်ရိုက်ခန့် မြင့်တက်လာပြီး၊ ဓားထိသည့်နေရာမှာ ရေလွှာကွဲအက်၍လက်ဖျစ်တစ်တွတ်ကြာမှ ပြန်စေ့သောဟူ၏။ လောဘအတွေးများဖြင့်အမောနိုင်၊ မပမ်းနိုင် နှင်းထုကိုဖြတ်နင်း၍တက်လာဆဲ-

"ဝုန်း. . . ဟိ. . . ဟီး. . . ဟား. . . ဟား. . ."

နှင်းခဲတွေ ဖွားကနဲ ပြောက်တက်သွားပြီး၊ လူသဏ္ဌာန်ပေါ်လာသည်။

"ဟာ နှင်းခဲရာဇာ ရှောင်လိမ့်ပါလား"

အတွေး၌ ဆရာကြီးကို ဖော်ယူရပြန်သည်။ ဆရာကြီးမကျေနပ် မျက်နှာကြီးနှင့် . . .


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ငါ့ကို ခဏခဏသတိမရပါနဲ့ကွ။ မင်းသတိရတိုင်း ငါက ဒဿနတစ်ခု၊ တစ်ခုပြောနေရတာ၊ ငါ့လဲ ပြောစရာကုန်ပြီ၊ ခွီးတဲ့မှပဲ"

ဆရာကြီးပြန်ပျောက်သွား၏။ တတ်နိုင်ပါဘူး။ ကိုယ့်အားကိုယ်ကိုးရတော့မှာဘဲ၊ နှင်းခဲရာဇာ ခါးထောက်ရင်း၊

"လာလာ လူကလေး၊ မင်းကို ရှင်းပြစ်ဖို့ အထက်ဆင်နက်ဝိုဏ်းက ငါ့ကို လွှတ်လိုက်တာ၊ မားတော့မရဘူး၊ ဒါပဲရမယ်"

နှင်းခဲရာဇာ ကိုယ်လုံးကို မွှတ်နေအောင်လှည့်သည်။ ပြီးတော့ နှင်းလွှာကိုလျောတိုက်၍ ပြေးဝင်လာသည်။ အတွင်းအားဖြင့်မွှေ့ထုတ်လိုက်သည့်လေအရှိန်ဖြင့်ပင် အရေပြားတွေပွန်းပဲ့ကုန်သည်။ ရှိသမျှအတွင်းအားဖြင့်ခုခံသော်လည်းမရ။ ရှောင်ဆုတ်ဆုတ်နေရသည်။ ဒီတစ်ချီတော့ ကိစ္စချောပြီထင်ပါရဲ့။ နှင်းခဲရာဇာ လတ်တစ်တမ်းအလိုတွင် နှင်းပြင်တစ်ခုလုံးတုန်ခါ ပဲ့ကျသွားသည်။ ရုတ်တရက်မို့မထိန်းနိုင်တော့ဘဲ အသူတရာချောက်တွင်းသို့ နှင်းခဲရာဇာ ဇောက်ထိုးမိုးမျှော် ကျသွားလေတော့သည်။

"ဝေါ. . . ဝုန်း. . . အား. . ."

"ဟား ဟား ဟား မြန်မာပြည်က ပီတိကွ၊ ဘယ်သူဘာတတ်နိုင်သေးလဲ၊ ရောင်စဉ်ခုနစ်လွှာဓားကို ငါပိုင်တော့မယ်။ ဘာအစွမ်းသတ္တိကိုမှ အသုံးမချဘူးဟေ့၊ ရတနာတွေကို ရောင်းစားမယ်။ အကြွေးဆပ်ပြီးအငြိမ့်ထောင်မယ်ကွ။ ငါကြီးပွားပြီ။ သူဌေးဖြစ်ပြီ၊ ဘယ်သူတွေယှဉ်ဦးမလဲကွ၊ လာစမ်းကွန်ဖူးတွေ၊ ရှောင်လင်တွေ၊ ဝူရှူးတွေ၊ လေသိုင်း၊ ကျားသိုင်း၊ စွန်သိုင်း၊ မျောက်သိုင်းတွေ ဟား ဟား ဟား ဘယ်သိုင်းသမားမှ အရှုံးမပေးဘူးကွ။ မင်းတို့တရုတ်သိုင်းအကျော်အမော်တွေကို ဖြိုပြီး အောင်ပွဲခံတဲ့ပီတိကွ ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

"ကိုပီတိ၊ ကိုပီတိ"

စူးစူးပြာပြာအသံ လှုပ်နှိုးလိုက်တာကြောင့် ကိုပီတိလန့်နိုးသွားတယ်။ ပြာယာခတ်နေတဲ့ ဇနီးသည် မပွဲကြည့်ရဲ့မျက်နှာကို ငေါင်စင်းစင်းစိုက်ကြည့်ရင်း

"ငါ့ရောင်စဉ်ခုနစ်လွှာမားရောဟ ဘယ်မှာလဲ"

"အို တရှုတ်သိုင်းဝတ္ထုတွေဖတ်ပြီး ဘာဂယောင် ကယင်အိပ်မက် တွေ မက်နေတာလဲ၊ တော့ကိုပြောမလို့တော့ နားထောင်စမ်းပါ"

"ပြောပါဟ ဘာများတုန်း အလန့်တကြားရှိလိုက်တာ"

"ကျုပ်တို့အခုငှားနေတဲ့အိမ်ကို ဟိုလမ်းထိပ်က ဆန်ခေါက်ဆွဲပိုင်ရှင်တွေကို ရောင်းလိုက်ပြီတဲ့တော့၊ ရွှေလီကဆိုလား၊ မူဆယ်ကဆိုလား၊ သူတို့နှမတွေ ဆွယ်တာဆိုင်ဖွင့်ဖို့တဲ့၊ အဲဒါသုံးရက်အတွင်း ရွှေ့ပေးရမှာတဲ့"

"ဟင် ဟုတ်လား မပြောမဆိုကြီးဟာ"

"သူတို့ချင်း စကားရှိတာ ကြာပြီတဲ့၊ အိမ်ရှင်ကလည်း ကျုပ်တို့ဆီက လခမရတာ သုံးလဆိုတော့ ယူရင်း ယူရင်းနဲ့ ဒီလိုဖြစ်သွားတာပေါ့တော်၊ အဲဒါ အိမ်လေးဘာလေး ရှာဦးတော့"

ပြောပြီးထွက်သွားတဲ့ မပွဲကြည်ကို ငေးကြည့်နေရင်း ကိုပီတိ သက်ပြင်းချတယ်။ ပွဲကြဲ လမ်းကြဲနဲ့ ခေါင်ခိုက်နေတဲ့ စဘော်၊ မိုးထိုးနေတဲ့ အိမ်လခတွေ ဘယ်လိုလုပ် ငါရှာနိုင်မှာလဲ ပွဲကြည့်ရယ်။ မိသားစုငါးယောက်စရိတ်နဲ့တင်၊ ငါ့ချာလည်ပတ်ရမ်းနေတာနင်အသိပါ။ အင်း လောလောဆယ်တော့ မြစ်ငယ်က အဒေါ်အိမ်မှာ ခဏသွားနေရမှာပဲ၊ ပြီးမှ ကြည့်စီစဉ်ရမှာ၊ ဒါတောင်မြို့ထဲမှာ မလွယ်ဘူး၊ မြို့သစ်လို၊ အမရပူရလို နေရာမျိုးပဲ ရွှေ့ရမှာ။ တော့ ဒီလူများကလည်းကွာ တစ်လလောက်များ ကြိုပြောပါတော့၊ ...နှယ်။



www.burmeseclassic.com

www.burmeseclassic.com


ကိုပီတိ စိတ်ထွေထွေနဲ့ လျှောက်တွေးရင်း ခေါင်းကုတ်ပြီး မန္တလေးနဲ့ နီးနီးနေရာတွေ စဉ်းစားကြည့်တယ်။ ဘယ်မှစဉ်းစား မရတဲ့အဆုံး၊ အတွေးတွေကိုဖြတ်ပြီး ဖတ်လက်စတရုတ်သိုင်းဝတ္ထုကို ကောက်ပြီး မျက်နှာဖုံးကို လှန်ကြည့်လိုက်တော့ နာမည်က-

"အဝေးရောက် လျှပ်တစ်ပြက်သိုင်းတွက်သခင်"

ချစ်စရာ

စကားချပ် -

(ငှင်းရောင်စဉ်ခုနစ်လွှာမား၊ ငွေသားမျှော်စင်သို့ သွားရောက်လိုသူများအတွက် မြေပုံသားရေချပ်ရှိသော်လည်း၊ ပေါ်ပင်စီးပွားရေးမဂ္ဂဇင်းများမှ ပုဂ္ဂိုလ်များ၊ အပြိုင်သွား၍ သတင်းယူကြလျှင် အစုလိုက်၊ အပြုံလိုက် သေကုန်မည်စိုးသဖြင့်၊ အချိန်မီဖျက်စီးပစ်လိုက်ရပါကြောင်း။)


www.burmeseclassic.com

www.burmeseclassic.com

## ၇ ကိုပီတိနှင့် ပရဟိတသစ်များ

ဒီမှာကိုကြီးပီတိ၊ ဟောဒီ ဝါပိုးသတ်ဆေးကို ကျုပ်သောက်လိုက်တော့မယ်ဗျ သိရဲ့လား. . ."

"ဟမ်. . . ဘယ့်နှယ်၊ ဘယ့်နှယ်၊ မင်းဘယ့်နှယ်ပြောလိုက်တယ်ကွ မှတ်ကြီး"

ကိုပီတိ ချွေးစေးတွေပြန်လာတယ်။ ရင်ခေါင်းထဲမှာ စိုးရိမ်စိတ်နဲ့ထိတ်လန့်မှု အပြိုင်အဆိုင် ကစ်ဘောက်ဆင်ချနေကြပြီ။

"ကျုပ်တွယ်လိုက်တော့မဗျာ၊ သေရင် သေပေစေတော့. . ."

ကိုပီတိက ကမန်းကတန်း လက်ကာရင်း. . .

"ဟာ. . . ဟာနေပါဦး မှတ်ကြီးရ၊ အရမ်းမသေပါနဲ့ဦး၊ အလောသုံးဆယ်သေချင်နေတဲ့ မင်းရည်ရွယ်ချက်ကလေးတော့ ငါသိထားစမ်းပါရစေဦး၊ ဒါမှ လူသေမှုကိုလာစစ်မယ့် တာဝန်ရှိပုဂ္ဂိုလ်တွေကို ငါဖြေရှင်းပြနိုင်တော့မှာပေါ့၊ ကိုင်း. . . မင်းဘယ်သူ့ကြောင့် သေချင်နေတာလဲ ပြောစမ်း"

"ဇင်ဦးမေကြောင့်ဗျ၊ ဇင်ဦးမေကြောင့်"

ကိုပီတိငေါင်သွားတယ်။ ဇင်ဦးမေက မှတ်ကြီးရဲ့ချစ်သူပေပဲ။ နှယ်နှယ့်ချစ်သူမဟုတ်။ ကိုပီတိကိုယ်တိုင် သတ္တဘာဂအဖြစ် နဖူးစာရေးပြီး ရွေးချယ်ပေးထားရတဲ့ချစ်သူလေ။ ဇင်ဦးမေက စက်ချုပ်တယ်။ မှတ်ကြီးက မော်တော်ကားဘော်ဒီပြင်တယ်။

ပါးစပ်ချဉ်လာတော့ အဆိုဝါသနာပါတဲ့ ဇင်ဦးမေက ကိုပီတိ



www.burmeseclassic.com

ကတော် ယိမ်းသမလူထွက် မပွဲကြည်ဆီမှာ အဆိုလာသင်သတဲ့။ ဟိုမရောက်ဒီမရောက်အသံစူးအသံကြောင်ကလေးကို အလုပ်သွား အလုပ်ပြန် ကိုရွှေမှတ်ကြီးက ကြားတော်မူပါရော။ နဂိုကမှကြိုက်ရင်း စွဲရှိလေတော့ အသီးလိုချင် အညှာဖြတ်၊ သမီးလိုချင် ဆရာကပ် ထုံး နှလုံးမူပြီး၊ ကိုပီတိကို မရမကပူဆာတော့တာပါပဲ။ မရိုသေ့ စကားပြောရရင် ကိုပီတိဟာ အင်မတန်အားနာတတ်ပါတယ်။ မိတ်ဆွေသူငယ်ချင်းမှန်သမျှကို အလွန်ကူညီချင်ပါတယ်။ အထူးသ ဖြင့် အချစ်ကိစ္စမျိုးမှာဆို ပိုပြီးဝါသနာပါပါတယ်။ လူပျိုဘဝတုန်းက ဆိုရင် အတွဲတွေကို လိုက်လိုက်ပြီး လက်မှတ်ထိုးပေးရလွန်းလို့ တရားရုံး က လျှောက်လွှာစာရေးကြီးကိုယ်တိုင် မင်းအတွဲနဲ့မင်းများ တခါ တလေ လာစမ်းပါဦး၊ ငါလျှောက်လွှာခ မင်္ဂလာစရိတ် အကုန်ခံ ပါ့မယ်လို့ပြောသူ ရတဲ့ထိ။ ကိုပီတိစိတ်ကူးတောင်းကင်လေမှာ တဖြတ်ဖြတ်လွန့်တက်ပျော်ပါးနေတဲ့ အတွေးလေတံခွန်ကို ဦးနှောက် အသိနဲ့လက်ရှိအခြေအနေကိုပြန်ရစ်ယူလိုက်တယ်။ ပြီးတော့ လည် ချောင်းတစ်ချက်ရှင်းလိုက်ရင်း. . .

"နေစမ်းပါဦး မှတ်ကြီးရဲ့၊ ဇင်မေဦးကလဲ မင်းကိုကြိုက်သမို့ လားကွ"

မှတ်ကြီးငိုမဲ့မဲ့မျက်နှာနဲ့. . .

"အဲဒါကြောင့်ခက်နေတာပေါ့ ကိုကြီးပီတိရ၊ သူချစ်လွန်းလို့ ခက်နေတာဗျ"

"ဟွန်း. . . မင်းဥစ္စာက ဘယ့်နှယ်တုန်း၊ ကိုယ့်ချစ်သူက ကိုယ့် ကိုချစ်တဲ့အတွက် သေကြောင်းကြံရတယ်လို့ ကြား ကြားဖူးပေါင် ကွာ"

"သူက လက်ထပ်ပြီးအတူနေချင်လှပြီတဲ့၊ မြန်မြန်လာတောင်း လှည့်ပါတော့တဲ့၊ ဒါမှမဟုတ်ရင်လဲ ခိုးပြေးပါတော့တဲ့၊ သူ့မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com

က မျက်နှာချင်းဆိုင်အိမ်က တွင်ခုံဆရာနဲ့ သဘောတူနေပါတယ်တဲ့. . . အဟင့်"

"ဒီလိုဆိုလဲ ခိုးပြေးလိုက်ပေါ့ဟ၊ ဒါမျိုးပြဿနာလုပ်လို့"

"ကျုပ်မှာ တစ်ပြားမှမရှိဘူးဗျ၊ စုဆောင်းထားတာလေးတွေလဲ ဒေါ်သေးတာ အသုဘတုန်းက ဖဲရှုံးလို့ကုန်ပြီ၊ မသာမကြီးသေတာတောင် ကောင်းကျိုးပေးမသွားဘူး"

ရော. . . သူ့ဟာသူလောဘဇောတိုက်တာပဲ၊ သေတဲ့လူက ယုတ်မာသလိုလို။

"ကိုင်း. . . ခင်ဗျားပြောဗျာ၊ ဒီဇာတ်လမ်းစတုန်းက ခင်ဗျားလဲ ပါတာပဲ"

အလို. . . ပြဿနာမြွားဦးက ငါ့ရင်ဝလှည့်လာပါကလော။ ကိုပီတိ မိုးဦးကျ မှိုပွင့်တွေလို တပျော်တပါးဖူးဝေလာတဲ့ ချွေးစက်တွေကို သုတ်ရင်း. . .

"ဟကောင်ရ၊ မင်းပူဆာလို့ ငါက အကျိုးဆောင်ပေးရတာလေကွာ၊ မင်းဥစ္စာ ကြည်နူးတုံးကတော့ ငါ့ကို သတိမရဘဲ၊ ပြဿနာကျမှ ခွဲဝေခံစားခိုင်းရတယ်လို့"

"ခင်ဗျားတို့ ဘလပ်တွေဒါမျိုးချည်းပဲ၊ ပို့ပေးတုန်းကပို့ပေး၊ ဒုက္ခရောက်ပြီလဲဆိုရော၊ ခေါင်းရှောင်ကြ၊ ဘလပ်ကျင့် ဘလပ်ကြံတွေ"

"ဟဲ. . . ဘလပ်က ဘလပ်ဖာသာနေတာ၊ နင်တို့ဟာနင်တို့ လာအပူကပ်တာ၊ ချိန်းတွေ့တုန်းက ဘလပ်မသိရပါလား၊ ထွီ. . . စေတနာစော်ကား၊ အလှူစော်ကား၊ ထွီ. . . သွားသွား နင့်ဟာနင်သေချင်ရာသွားသေချည်၊ ဒီမှာတော့ ကောက်ရိုးမပွေ့နဲ့၊ ဘယ့်နှယ်တော် ကျုပ်လင်တိုက်တဲ့ လက်ဖက်ရည်သောက်၊ ကွမ်းစားပြီး စော်စော်ကားကား. . ."

ကျေးဇူး စကြာဝဠာပါပဲပွဲကြည့်ရယ်. . .။ မင်းသာ စျေးက


www.burmeseclassic.com

ပြန်မလာသေးရင် ငါဘယ်လောက်နေရမယ်မှန်းမသိဘူး။ ငါက အိမ်ပေါ်မှာတာ စကားပြောကောင်းတာ။ အပြင်မှာတော့ အား နာလိုက်၊ မျက်နှာကြည့်လိုက်နဲ့ ပြောစရာစကားခေါင်းပါးလွန်း တယ်။ ကိုပီတိ ရင်ချောင်သွားတယ်၊ မှတ်ကြီးလဲ ကိုယ့်ဒူးကိုယ်ချွန် မရဏာစီမံကိန်းမအောင်မြင်လို့ ဘောက်စူဘောက်စူနဲ့ ထွက်သွားတယ်။

"ဘယ့်နှယ်တုန်း ချစ်အကျိုးတော်ဆောင်ကြီး၊ သူများအကျိုး ဆောင်တာ ကိုယ့်အကျိုးပျက်၊ သိက္ခာပျက်၊ နာမည်ပါပျက်တော့ မလို့ပါလား"

ကိုပီတိ သူ့ထုံးစံအတိုင်း ငေါင်းစင်းစင်း ထုံပေပေလေသံနဲ့ . .

"အင်း. . . အောင်သွယ်ဆိုတာ သူတို့အဆင်ပြေရင် သတိမရ တာ၊ မပြေလည်တဲ့အချိန် လက်ညှိုးထိုးခံရတာ ထုံးစံပဲ၊ တော်ပြီ ပွဲကြည့်၊ ဘာမှစားပေါက်မရှိတဲ့ နှလုံးသား အကျိုးဆောင်ဘဝကို ငါဒီနေ့ကစရပ်စဲလိုက်ပြီ။ လူလည်းချမ်းသာ၊ ကိုယ်လည်းဝမ်း မဟာတဲ့ စီးပွားရေးအကျိုးဆောင်အဖြစ် ဒီစက္ကန့်ကစပြီး ခံယူ လိုက်ပြီဟေ့. . . "

□ □ □

လုပ်စမ်းပါ ဦးပီတိရဲ့၊ ဦးပီတိတတ်နိုင်ပါတယ်"

"မလုပ်ပါရစေနဲ့ခင်ဗျာ အဟက်ဟက်ဟက်. . . "

"ဟွန့်. . . ဦးပီတိကြီးက မူတယ်တော့၊ သူလုပ်ပေးနိုင်ရက်နဲ့ . . . ခစ်. . . ခစ်. . .

တစ်လွဲမထင်လိုက်ကြပါနဲ့ခင်ဗျာ။ အကျိုးဆောင်ပါသနာရှင် ကိုပီတိဆီကို လုပ်ငန်းတစ်ခုအတွက် အကူအညီတောင်းနေတာပါ



www.burmeseclassic.com

ခင်ဗျာ။ တစ်ခြားလုပ်ငန်းမဟုတ်ပါဘူး။ ဟိုတလောက သတင်းစာထဲမှာပါတဲ့ တည်းခိုခန်း မန်နေဂျာအလိုရှိသည် ကြော်ငြာကြောင့် တစ်ထပ်တည်းနေ မိတ်ဆွေရဲ့ဇနီးဖြစ်သူက အပူလာကပ်နေတာပါ။ အကြောင်းတိုက်ဆိုင်ချင်တော့ အဲဒီတည်းခိုခန်းဖွင့်တုန်းက ကိုပီတိတို့အ ငြိမ့်နဲ့ အကျော်ဒေးယျဖွင့်ထားတာကိုး. . .။

"ဦးပီတိတို့နဲ့ စထူထောင်တဲ့ တည်းခိုခန်းဆိုတော့ ဦးပီတိပြောပေးရင် ရမှာပါ၊ အာဝဇ္ဇန်းကောင်းတဲ့ ဦးပီတိကို ဒီနေရာမှာ အားမကိုးရတော့ဘူးလား"

"အဲဒီလူက စည်းကမ်းကြီးသဗျ၊ ပြောရဆိုရကြပ်လွန်းလို့" ဒါ့ကြောင့် ကျွန်တော် စဉ်းစားနေတာပါ။

"ကျွန်တော်ကလဲ ဘွဲ့ရပြီး အလုပ်မရသေးလို့၊ ပြီးတော့ကျွန်တော် တစ်ယောက်တည်းဆိုရင် မလေးစားရာရောက်မှာစိုးလို့ ကျွန်တော့်ဇနီးပါ ခေါ်လာတာပါ။ အပေါင်းအသင်းဆံ့တဲ့ လူရှင်တော်ကြီးတစ်ယောက် ပြောပေးရင်ဖြင့် ဒီလုပ်ငန်း ကျွန်တော် နိုးစပ်ပြီဆိုပြီး. . ."

"အဟက်. . . ဟက်. . . ဟက်"

"ဦးပီတိနဲ့ အဲဒီတည်းခိုခန်းပိုင်ရှင်နဲ့ ရင်းနှီးပြီးသား မဟုတ်ဘူး လက်ဖက်ရည်ဆိုင် အတူထိုင်တာ ကျွန်တော် သိပြီးသားပါနော်."

"အဟက်ဟက်. . . ဟက်. . ."

"ကျေးဇူးမမေ့ပါဘူးခင်ဗျာ ကျွန်တော် ကောင်းစားရင် ကျေးဇူးဆပ်ပါ့မယ်"

"အဟက်ဟက်. . . ဟက်. . ."

မပွဲကြည်ရဲ့ တည့်တည့်တစ်မျိုး၊ ဘေးတိုက်တစ်နည်း၊ နောက်ပြန် တစ်သွယ်၊ အလဲလဲအလှယ်လှယ်ကြည့်နေတဲ့ မျက်စောင်းလုံချက်တွေက အနိုလင်မယားကို လက်ဆွဲပြီး ကိုပီတိ



www.burmeseclassic.com

အတန်းဆောင်သန္တေကိုလေဒလကြမ်းတိုက်ပြီး၊ တည်းခိုခန်းမန်နေဂျာအဖြစ် အောင်မြင်စွာပြောပေးလိုက်ပါတယ်။

သို့သော်ကိုပီတိ ဇာတာမှာ ပြဿနာဟာ ရင်ချင်းဆက်အဖြစ် ပါလာလေတော့၊ သုံးလအကြာ၊ သူ့အိမ်ရှေ့လမ်းမပေါ် ထဘီစွန်တောင်ဆွဲလို့ မန်နေဂျာကတော်ရဲ့ အော်ငိုသံက တစ်ရပ်ကွက်ကို ခြိမ့်ခြိမ့်ညံသွားပါတော့တယ်။

"အမလေး ကြားလို့မှ ကောင်းသေးရဲ့လား အရပ်ကတို့တို့ရဲ့ လူပေါင်းမှားတာပါတော့. . . ဒီဌှိကို သိဒ္ဓိတင်မိတာပါတော့၊ ဟော့ဟော့. ."

ကိုပီတိ အိပ်ရာထဲက ငေါက်ငေါက်ထ၊ ဆန်ဆေးတဲ့ မပွဲကြည်ကို လှမ်းပြီး-

"ဟ. . . ဘာတွေဖြစ်ကုန်တာတုန်း ပွဲကြည်၊ ငါ့ပြောစမ်းပါဦး"

ပွဲကြည် ခပ်မဲ့မဲ့မျက်နှာနဲ့-

"သူ့လင်ပါသွားပြီလေ၊ မနေ့က အဲဒီတည်းခိုခန်းကို ဝင်စစ်တော့ မိန်းမရှင် ငါးယောက်မိသတဲ့၊ ဒါနဲ့တာဝန်အရှိဆုံး မန်နေဂျာကို ဖမ်းသွားတာပေါ့၊ မျက်နှာသစ်ပြီးရင် သတင်းစာလဲ ဖတ်ကြည့်ဦး"

အင်း. . . ဂျီအီးစီမှာ စျေးဝယ်ပါ၊ ကြော်ငြာလို ပီတိဆီမှာ ပြဿနာယူလှည့်ပါလို့ ကြော်ငြာရမလို ဖြစ်နေပါပကော။ ကိုပီတိ အတွေးကို မန်နေဂျာကတော်ရဲ့ အသံစူးစူးက ဖြတ်တောက်ပစ်လိုက်တယ်။

"လူပြက်နဲ့ပေါင်းမိလို့ ကျုပ်လင်ပြည့်တန်ဆာခေါင်းဖြစ်ရပါပြီတော့. . . ဟော့. . . ဟော့. . ."

"ဘွန္တော. . . သပ္ပုရိသအပေါင်း သူတော်ကောင်းတို့. . ."

တပို့တွဲနှင်းမှုန်တွေကြားမှာ ကိုပီတိအသံပြာရှုရှုက ဝင်းမှုနေတယ်။ အကျီဖြူ ပိတ်လုံချည်ဖြူနဲ့၊ သူတော်စင်ဝတ်ပီတိအဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com


ခမ္မစကြာဝတ်အသင်းမှာ ကိုပီတိကို တွေ့နိုင်ပါပြီ။ ရာဂဒူတ-တိလေသာ တမန်အလုပ်၊ လောဘဒူတ-စီးပွားရေးတမန်အလုပ်တွေကို ဖြတ်တောက်ပစ်လိုက်ပြီး၊ သန့်ရှင်းမွန်မြတ်တဲ့ ရပ်ကျိုးရွာကျိုးဘဝကို ချမ်းချမ်းမြေ့မြေ့ ခံယူလိုက်ပါပြီ။ အကျိုးဆောင်မှု မှန်သမျှမှာ လူမှုရေးအကျိုးဆောင်ဘဝဟာ အရသာအရှိဆုံးပါလား။ ပီတိပွဲအားချိန် ခမ္မာရုံမှာနေ၊ အလှူခံမဏ္ဍပ်ကနေ အသံချဲ့စက်နဲ့ အလှူခံပေး။ ညကျတော့ လမ်းတကာ ခြေလျင်လျှောက်။ ခမ္မစကားတွေနဲ့၊ မြတ်စွာဘုရား အမှုတော်ကိုထမ်း။ အလှူရှိတော့ ဝေယျာဝစ္စဆောင်ရွက်။ အိုသာမှု နာမှု အစုစုကိစ္စမှာ မင်းပါမှ ပွဲစည်နေပါကောလား ပီတိ။ လောဘမဲ့ အကျိုးဆောင်ဘဝမှာ ဒေါသနဲ့အခိုးအမှောင်တွေ ကင်းစင်နေပါပကောလား။ ကိုပီတိ တရားစာ ရွတ်တယ်။

"သံသရာမှ မြန်စွာ လွတ်မြောက်. . ."

"ကိုပီတိ. . . ကိုပီတိ. . . လမ်းထဲက ဦးမာလာကြီး ဆုံးတော့မယ်ဗျ"

အမောတကော လာပြောတဲ့လူငယ်ကလေးကို၊ ကိုပီတိ ခေါင်းညိတ်ပြရင်း၊ မိုက်ကရိုဖုန်းကို လက်လွှဲပေးလို့ လူငယ်ကလေးနောက် အမြန်လိုက်လာခဲ့တယ်။ သူ့တာဝန် သူသိပြီးသားလေ။ ဆုံးလုဆဲဆဲ လူနာတွေ ခေါင်းရင်းကထိုင် တရားစာရွတ်ပေး (ဘဝကူးကောင်းအောင်ပေါ့)။ ဆုံးပြီဆိုတော့ နာရေးတာဝန်မှန်သမျှကို ဆောင်ရွက်ပေါ့။ ကိုပီတိအိမ်ထဲကိုဝင် ဦးမာလာရဲ့ခေါင်းရင်းကထိုင်ပြီး တရားစာတွေ ရွတ်ပေးနေခိုက်မျက်တောင်ကလေးစင်းပြီး မေးတစ်ဆတ်ဆတ်လို့ ဦးမာလာ ငြိမ်ကျသွားတယ်။ မိသားစု စိကနဲငိုချသံတွေကြားမှာ ကိုပီတိ သူ့တာဝန်ကိုဆောင်ရွက်တယ်။ အဲဒီတော့ရေပုံးတစ်ပုံးဆွဲလာပြီး ထုံးစံအတိုင်း အလောင်းရေချိုးပေးလိုက်တာပေါ့။ ရေလည်းဗွမ်းကနဲ လောင်းချလိုက်ရော ဦးမာလာမျက်လုံးကြီးတွေ


www.burmeseclassic.com

ဆတ်ခနဲပြန်ပွင့်လာပြီး တုန်တုန်ရီရီနဲ့ "ငါ့ကိုဘာလုပ်နေကြ တာလဲ ဟဲဟဲ"

အားလုံးအံ့ဩသွားကြတယ်။ ပြီးမှဝမ်းသာအားရနဲ့-

"မသေဘူးဟေ့. . . မျောသွားတာကွ၊ ရေနဲ့ထိပြီး သတိပြန် လည်လာတာ၊ ကိုပီတိ ကျေးဇူးပဲ မောင်ရေ. ."

"ဟဲ့. . တဘက်နဲ့ရေသုတ်၊ စောင်နဲ့ထွေးထားစမ်း၊ ရေနွေး ကြမ်း ပူပူလေး တိုက်ပါဟ. . . ဆရာဝန်ပြန်ပင့်"

အားလုံးကျေးဇူးတင်အကြည့်၊ အပျော် မျက်လုံးတွေဟာ ကိုပီတိအပေါ်မှာ စီးဝင်လိမ်းကျံနေတယ်။ ကယ်တင်ရှင်ပီတိကွ နော်. . .။ အကျိုးဆောင်နာမည်ပျက်ခဲ့သမျှ ဒီတစ်ချက်နဲ့ အဖတ်ဆယ်လိုက်ပြီ။ ဝမ်းသာစိတ်တွေအပြည့်နဲ့ ကိုပီတိအိမ်ပြန် လာ။ မပွဲကြည်ကို စားမြုံ့ပြန်ပြီးမှ အိပ်ရာထဲမှာ ဝင်အိပ်လိုက် တယ်။ အိပ်မက်ထဲမှာ သေရွာပြန် ဦးမာလာက သူ့အသက်ကို ကယ်ခဲ့တဲ့အတွက် ချေးထားတဲ့ ငွေသုံးရာကို ပြန်ဆပ်ဖို့ မလိုကြောင်း ပြောရင်း၊ အကြိမ်ကြိမ်ဆလုရိုက် အလေးပြုတာကို မက်နေတုန်း. .

"အကျိုးဆောင်ကြီး. . . အကျိုးဆောင်ကြီး ထစမ်းပါဦး၊ နားထောင်စမ်းပါဦး"

ကိုပီတိ အိပ်မှုံစုံမွှားနဲ့ မပွဲကြည်ကို ထကြည့်ရင်း-

"မနက် ခုနစ်နာရီလောက်က ဦးမာလာဆုံးသွားပြီတော့. . ."

"ဟောဗျ. . . အဲဒါ. . ."

ကိုပီတိစကားမဆုံးခင်မှာ ဦးမာလာ မိန်းမရဲ့ငိုသံကို မြောက်ပြန် လေနဲ့အတူ အိမ်ပြတင်းကနေနားတွင်းကို ဆောင့် ဝင်လာတယ်။

"အမလေး. . . တပို့တွဲလ သန်းခေါင်အချိန်ကြီးမှာ ရေနဲ့ လောင်းလို့ အဖျားဝင်တာပါတော့. . . ရေချိုးမှာလို့ သေရတာ



www.burmeseclassic.com

www.burmeseclassic.com


ပါ ကိုမာလာရဲ့. . ."

ကိုပီတိ လင်းတ ဘိန်းမျိုထားသလို ငေါင်တွေတွေ မှိုင်မဲ့မဲ့ကြီး ဖြစ်နေတာကို မပွဲကြည်ကပြုံးပြုံးကြီးကြည့်ရင် ကောက်ချက်ချလိုက်တယ်။

"အင်း. . . လူသတ်မှုမဟုတ်တောင် အနည်းဆုံး လူသေမှုနဲ့ တရားစွဲခံရဖို့တော့ သေချာပေါက်ပဲ. . .

ချစ်စရာ


www.burmeseclassic.com

www.burmeseclassic.com

## ☐ ကိုပီတိနှင့် လှည့်ကွက်သစ်

"လက်ဝဲသုန္ဒရအိမ်ကို ဝယ်ချင်တယ်ဗျာ"

"ဘယ့်နှယ်ကွ. . . ဘယ်လို"

အရင်းမရှိ အဖျားမရှိ ပြောချလိုက်တဲ့ နှုတ်ခမ်းမွှေးရဲ့စကားကြောင့် ကိုပီတိ အံ့သြတကြီးမေးလိုက်ပြီး-

"တွေးတွေးဆဆလည်း လုပ်ပါဦး နှုတ်ခမ်းမွှေးရာ ကုန်းဘောင်ခေတ်က အိမ်တစ်လုံးကို ၂၀၀၄ ခုနှစ်ကျမှ ဝယ်ချင်လို့ ရနိုင်ပါ့မလား. . . ရဦးတော့ ဒီအိမ်ဟာ အကောင်းပကတိဖြစ်နိုင်ပါ့မလား၊ ဖြစ်ဦးတော့ လက်ဝဲသုန္ဒရအမတ်ကြီးနေခဲ့တဲ့အိမ်ဆိုတာ ရော သေချာပါ့မလား. . . တစ်ခုခုတော့ချွတ်ယွင်းနေရောပေါ့။"

နှုတ်ခမ်းမွှေးခြောက်ကပ်ကပ်နဲ့လူကရယ်လိုက်ရင်း

"ကျုပ်ရှေးဟောင်းပစ္စည်းလိုင်းမှာ လုပ်စားလာတာ၊ ခင်ဗျား အသက်လောက် ရှိနေပြီဗျ၊ မသေချာရင် နေရာကမရွှေ့ဘူး၊ ကျုပ်လူတွေကို စုံစမ်းခိုင်းထားတာ နှစ်နှစ်ကျော်ပြီ၊ အခုမှ သတင်း အစအန ရလာတာ၊ တစ်အိမ်လုံးကျွန်းသားနဲ့ ဆောက်ထားပြီး နံရံတွေမှာ နန္ဒီသေနပျို့ထဲက စစ်အင်္ဂါတွေကို ရုပ်ကြွပန်းပုနဲ့ ပုံဖော်ထားသတဲ့" နှစ်စဉ်လိုလို ရေနံဝအောင် သုတ်ထားတာဆိုတော့ သိပ်မပျက်စီးသေးဘူးပေါ့"

"ဘယ်နယ်မှာ တွေ့တာတုန်း"

"မုံရွေးနားက ရွာတစ်ရွာဗျ"



www.burmeseclassic.com

**"ထင် လှတ်ဝဲသုန္ဒရ ရွှေဘိုမှာနေတဲ့ဦးစွာ ဘယ်လိုကနေ မုံရွေးတို ရွှေ့သွားတာလည်း"**

"အမတ်ကြီး ကတော်ရဲ့ဇာတိလို့ ပြောတာပဲ အမတ်ကြီးကွယ်လွန်တော့ သားတွေမြေးတွေက ဖျက်ပြီးယူလာတာတဲ့"

"နို့ဖြင့် မင်းဘယ်လောက်ဈေးနဲ့ ဆိုင်ထားပြီးပြီလဲ"

နှုတ်ခမ်းမွှေး သူ့နှုတ်ခမ်းမွှေး နီကြောင်ကြောင်တွေကိုသပ်ရင်း

"အဝယ်ခက်နေလို့ဗျ အခု အဲဒီအိမ်က ဘုန်းကြီးကျောင်းကို ဆွမ်းစားကျောင်းအဖြစ် လှူထားလိုက်ပြီး အဲဒါ ခင်ဗျားက လှူရှင်တော် ဆိုတော့ လူသိလည်းများ၊ လူချစ်လူခင်လည်း ပေါသမှတ်လား ဖြစ်နိုင်ရင် ဟဲ ဟဲ. . ."

"အမလေး မဖြစ်နိုင်ပါရစေနဲ့တော်၊ ကျုပ်လင်အသက်ကြီးမှ ပြေးပေါက်များနေပါ့မယ်" တစ်လျှောက်လုံး ငြိမ်နေခဲ့တဲ့ မဒမ်ပီတိ မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဝင်တားတယ်၊ နှုတ်ခမ်းမွှေး ပိုက်ဆံအိတ်ကို ဖွင့်ရင်း

"ကျုပ်က ခင်ဗျား ယောကျ်ားကို ခွဲစားချင်လို့ပါ၊ အဲဒီနေရာကို သွားချင်တဲ့ လူတွေမှ အပုံကြီး။ ကဲ ရော့. . . ခင်ဗျားတောင်ရှည် ပုဆိုးဘိုး ထောင့်သုံးရာ"

"အဲဒီနယ်ကို သူမသွားရဲလို့ ကိုကို့ကို လွှတ်လိုက်တာသိလား အရင်တစ်ခါက သူပြဿနာဖြစ်လာတဲ့နေရာ. . ."

အပြန်လမ်းကျမှ မဒမ်ပီတိက ဖွင့်ပြောတယ်။

"ဘယ်လိုပြဿနာတုန်းဟ"

"အဲဒီရွာမှာ တိုင်းရင်းဆေးကျမ်း ပုရပိုဒ်ကြီးတစ်ခုရှိသတဲ့။ ယွန်းပုရပိုက်ကို ရွှေပိန်းချထားတာတဲ့၊ ပိုင်ရှင်ကလည်း တိုင်းရင်းဆေးဆရာကြီး၊ အသက်ခုနစ်ဆယ်ကျော်တဲ့၊ ပုရပိုက်လက်ရာ မပြောနဲ့ အထဲကဆေးနည်းတွေရောင်းစားရင်ကို တန်ဖိုးမရှည်းဘူးတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ နွတ်ခမ်းမွေးက သူ့ထုံးစံအတိုင်း ချဉ်းကပ်ပြီး အမျိုးမျိုး ချော့ဝယ်တာကို ဟိုအဖိုးကြီးက မရောင်းဘူးလေ၊ တစ်ရက်အဖိုး ကြီးရဲ့ အိမ်သားတွေ အလုပ်သွားကြတုန်း နွတ်ခမ်းမွေးက စကား စမြည်ဝင်ပြောရင်း ကျေးလက်က အဖိုးကြီးတွေဟာ အသက်ရှစ် ဆယ်ကျော်တာတောင် မြို့ပြက သုံးဆယ်အရွယ် လူငယ်လူရွယ် တွေနဲ့ သန်စွမ်းဖြတ်လတ်မှု အတူတူဖြစ်တဲ့အကြောင်း ခပ်တိုတို ပြောရင်း သူ့ရွာက ဘကြီးဆိုရင် ခုနစ်ဆယ့်ငါးနှစ်ရှိတာကို တစ်နေ့ ထန်းခုနစ်ပင်တက်နိုင်တုန်း၊ အင်မတန်ထူးခြားတဲ့ ဖျတ်လတ်မှုတွေ ကို ပိုင်ဆိုင်ကြောင်း ပြောတော့ ဟိုအဖိုးကြီးကလည်း အားကျမခံ သူလည်းနေ့စဉ် အိမ်နောက်က ချောင်းကို ဟို ဖက်သည်ဖက် ကူးလာခဲ့တာ နှစ်သုံးဆယ်ကျော်ခဲ့ပြီဆိုတော့ သူက အံ့သြဟန်နဲ့၊ လက်တွေ့မှာတော့ ပုံမှတ်တမ်းတင်ပါရစေပေါ့၊ ထိုက်သင့်သလိုလည်း ကန်တော့ခဲ့ပါဦးမယ်ဆိုတော့ ဟိုလူကြီးက လာဆိုပြီးအကျီချွတ် ခါးတောင်းမြှောင်အောင်ကျိုက်လို့ ပေလေးဆယ်လောက်ရှိတဲ့ ချောင်းထဲကို ခုန်ချ။ ဟိုဘက်ကမ်းကို ကူးချသွားရော။ အဖိုးကြီး ဟိုဘက်ကမ်းရောက်ခါနီးကျတော့ နွတ်ခမ်းမွေးက အိမ်ထဲကို ပြန် ပြေး၊ ပုရပိုက်ကြီးယူပြီး လစ်ပြေးအလာ ရွာကလူတွေက မသင်္ကာ တာနဲ့ဖမ်းထားတုန်း အဖိုးကြီးရေစိုလုံချည်တောင်မလဲနိုင်ဘူး နောက်က ဖုန်တစ်လုံးလုံးနဲ့ ပြေးလိုက်လာတာ၊ ရေကူးရတဲ့ဒဏ်၊ လိုက်လာရတဲ့ဒဏ်ကြောင့် ချက်ချင်း ရန်မလုပ်နိုင်သေးဘူး၊ ငါးမိနစ်လောက် အမောဖြေနေရသတဲ့၊ နွတ်ခမ်းမွေးက လူပါးလေ ဒီပုရပိုက်ထဲက နားမလည်တဲ့ ပါဠိဆရာတွေ၊ ဆရာတော်တွေကို လျှောက်ကြည့်ချင်လို့ သတိရတုန်း ခဏယူမိတာပါ။ ယုံကြည်အောင် အပေါင်ပေးတဲ့သဘောနဲ့ ငွေတစ်သောင်းလည်း စားပွဲပေါ်မှာ တင်ထားခဲ့ပါတယ် ဆိုလို့ သွားကြည့်ကြတော့ ဟုတ်နေလို့အောင့်


www.burmeseclassic.com

www.burmeseclassic.com

သက်သက်နဲ့ ပြန်လွှတ်လိုက်ကြရတာလေ၊ ဟိုအကောင်လည်း သူ့ဟာသူလိပ်ပြာလန့်ပြီး မသွားရဲတော့ဘူး။"

မဒမ်ပီတိပြောရင်းရယ်နေတယ်၊ အင်မတန်လျှင်တဲ့သတ္တဝါ ဒီတစ်ခါပဲ ခံရဘူးတာကိုး. . . အခုပဲကြည့် သူ့အိမ်တွင်းဖြစ်ရုပ်သေး ရုပ်တွေကို ဆင်ပေးဖို့တောင်ရှည်ပုဆိုးအဟောင်းတွေကိုဈေးကောင်း ပေးပြီးဝယ်တယ်၊ ခပ်အူအူကိုပီတိက-

"အသစ်တွေတစ်ပုံကြီးရှိပါသကွာ၊ မင့်ဟာ အဟောင်းအဆွေး တွေကို မတန်တဆပေးဝယ်ရတယ်လို့ အရှုံးမဟုတ်၊ အကောင်း မဟုတ်"

နှုတ်ခမ်းမွှေးထူရန်ကောဆိုတဲ့အကြည့်နဲ့

"ရှေးဟောင်းပစ္စည်းပါဆိုမှ အသစ်နဲ့ မွမ်းမံထားရင် ဘယ်သူ က ယုံကြည်တော့မှာလည်း၊ ရုပ်သေးရုပ်တွေတောင် မဟောင်း ဟောင်းအောင် မနည်းလုပ်ထားရတာ၊ ဒါမှ နိုင်ငံခြားသားတွေ အထင်ကြီးတာ၊ ဆိုတဲ့ ဈေးပေးတာ"

သူ့အတွေးနဲ့သူတော့ အံကျသားပဲ၊ နှုတ်ခမ်းမွှေးလက်ဖက်ရည် ခွက်ကို သူ့ရှေ့တိုးပေးလိုက်ရင်း-

"အခု ခင်ဗျားတို့သွားပြီး ပွဲကရမှာ ရှမ်းပြည်နယ်ဆို. . ."

"အင်း"

"အဲဒီဖက်က ရွာတွေမှာ အလေးဟောင်းတွေရှိတတ်တယ်၊ ဟင်္သာရုပ်ရယ်၊ ဆင်ရုပ်ရယ်၊ နဂါးရယ် အကောင်းဆုံးက ခွေးရုပ် အလေးစုံပဲဗျ၊ တစ်ကျပ်သားကနေ ပိဿာလေးထိ အစုံလိုက်ရရင် ပွဲပြတ်ပြီ။ ပွဲရက်ကြာရင် ပိုပြီးရှာချိန်ရတာပေါ့၊ ခေါပုတ်တို့ ထမင်း ချဉ်တို့ရောင်းတဲ့ဆိုင်တွေကို စုံစမ်းကြည့်ပေါ့. . . သူတို့ဆီက ထမင်း တောင် အချိန်အတွယ်နဲ့ ရောင်းတာမဟုတ်လား ပြီးတော့ ငွေ့ါင်းရင်း သား ဝတ်စုံတွေဝယ်ခဲ့ဗျာ. . .။


www.burmeseclassic.com

www.burmeseclassic.com

"အပေါင်းတွေရှာဝယ်ရမှာလား"

"ဟာ အဲဒါတွေကတော့ အသစ်မှအလုပ်ဖြစ်တော့မှာပေါ့ ခင်ဗျားကလည်း အမေမှာတဲ့ဆန်တစ်ခွဲပါပဲ၊ အော်. . . မောင်းမောင်း တွေလည်း ရရင်ဝယ်ခဲ့"

"မောင်းဘာလုပ်ဖို့လည်း မင်းဆန်ဖွတ်စားတော့မလို့လား"

ဟာ၊ တီးတဲ့မောင်းပြောတာဗျ၊ ကျုပ်မှာလိုက်တာတွေ မမေ့နဲ့နော်။ ခင်ဗျားအကျိုးအတွက် လမ်းဖွင့်ပေးလိုက်တာ မြေထည်ပစ္စည်း လက်ရာကောင်းကောင်းတွေတွေ့ရင်လည်း မှန်ဖိုးပေးပြီးယူခဲ့. . "

အနုပညာသမားဆိုတာ စီးပွားရေးသမားနဲ့ ရည်ရွယ်ချက်ခြင်း အနေအထိုင်စရိုက်ဆန့်ကျင်ပါတယ်၊ စီးပွားရေးသမားက သူလိုချင်တာရဖို့ အိမ်ကြိုအိမ်ကြားဈေးကြို၊ ဈေးကြားတွေမှာ သွားလာရှာဖွေသလို အနုပညာသမားကတော့ သူရှိရာကိုပဲ ပွဲကြည့်သူတွေ ဝိုင်းအုံပြီး လာစေချင်တယ်။ အဲဒီကျမှ ဖျော်ဖြေမယ်။ စီးပွားရေးသမားရဲ့ ရည်ရွယ်ချက်ကငွေကြေး၊ အနုပညာသမားရဲ့ရည်ရွယ်ချက်က အောင်မြင်မှု၊ ဘယ်လိုမှ သဟဇာတ မဖြစ်တာကြောင့် ကြီးပွားဖို့လက္ခဏာမပါတဲ့ ကိုပီတိ ဘယ်ပစ္စည်းကိုမှ မစုံစမ်းမိတာ အမှန်ပါ။ ရိုးရာယဉ်ကျေးမှုကို ထိမ်းသိမ်းကပြနေသူမို့ ယဉ်ကျေးမှု အလှအပတွေကို ခုံမင်နှမြောတာလည်းပါတာပေါ့၊ ကုသိုလ်ကံကောင်းချင်တော့ နောက်ဆုံးညမှာ ပွဲငှားက မြေဆေးတံအိုးအရိုးပဲ့ တစ်ခု လက်ဆောင်ပေးလိုက်တယ်။

🕮 🕮 🕮

"ကျွန်တော့်အိမ်မှာ အင်းဝဘက်က ကောက်ယူလာတဲ့ မြေဆေးတံတွေ တောင်းနဲ့ တစ်လုံးစာရှိတယ်၊ ကော်ချို့များ

မီးတောင် မဖုတ် ရသေးဘူး၊ မူရင်းမြေသားလက်ရာအတိုင်းဘဲ”

နှုတ်ခမ်းမွှေး ဆေးတံအိုးကို လက်ဝါးပေါ်တင်ကြည့်ရင်း တတွတ်တွတ်ပြောနေတယ်၊ ကိုပီတိရင်ထဲမှာတော့ သူ့စကားအတိုင်း ဆိုရင် အခုသောက်နေတဲ့လက်ဖက်ရည်ဖိုးတောင် ငါစိုက်ရှင်းရ တော့မယ်ထင်ပါရဲ့၊ ဆိုတဲ့စကားသံတွေ ညံနေလေရဲ့ နှုတ်ခမ်းမွှေး ဆက်ပြောတယ်။

“ပန်းပွင့်ပုံ ကနုတ်ခွေပုံတွေကို အတွေ့များခဲ့ပေမယ့် အခုလက် ရာ ကိုတော့ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်. .”

အမှောင်ထုသိပ်သည်းနေတဲ့ ငါ့စီးပွားရေးအနာဂါတ်ကို အလင်းမြှင်တစ်စဖြတ်သန်းစပြုလာပါပကော၊ နှုတ်ခမ်းမွှေး အံ့ဩ မယ်ဆိုရင်လည်း အံ့ဩစရာ၊ ကိုပီတိရလာတဲ့ ဆေးတံက မျောက် တစ်ကောင်နောက်ပြန်ဆေးတံအိုးကို ထမ်းထားတဲ့လက်ရာ ရိုးရိုး မျောက်မဟုတ်ဘူး၊ အိန္ဒိယလက်ရာနဲ့ ရာဇဝင်ဆန်တဲ့မျောက်။

“အင်းဝ၊ ညောင်ရမ်း ခေတ်တွေထက်ကို စောတဲ့ခေတ်ဖြစ် ရမယ်၊ ဟိန္ဒူယဉ်ကျေးမှုလွှမ်းမိုးတဲ့အချိန်မျိုးဆိုတော့ အင်း. . . ပျူ ဗိဿနိုးခေတ်လောက်ကပေါ့”

ကိုပီတိ ဝမ်းသာအားရနဲ့ စကားလှေကြုံစီးလိုက်တယ်

“အဲဒီပုဂ္ဂိုလ်က ပြည်ဘက်ကို ဘုရားဖူးသွားရင် ကောက်ရလာ တာတဲ့ကွ”

“လက်ရာက ဟံလင်း ခေတ်လက်ရာမျိုးဗျ”

ရော. . . ခိုင်လုံအောင် ပြောလိုက်မှ သူက ဝက်လက်မြို့နယ် ထဲတောင် ရွှေ့သွားလိုက်သေးတယ်။ အို. . . ကိုယ်လဲ နားလည်တာ မှ မဟုတ်ပဲ ပေးသရွေ့အမြတ်ပေါ့။

“ငါးထောင်ယူသွားဗျ၊ လက်ရာကိုပေးတာနော်၊ ကျွည်းကို ပေးတာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com

ကိုပီတီ တုန်ရီနေတဲ့လက်နဲ့ ငွေစက္ကူကိုယူရင်း၊ ရင်တွေလည်း ခုန်နေတယ်။ လုံးဝမြော်လင့်မထားတဲ့ တန်ဘိုး၊ ထင်မှတ်မထားတဲ့ ငွေ၊ အမွေအနှစ်ကောင်းဆိုတာ နှစ်ကြာလေ အဖိုးတန်လေပါလား၊ နှုတ်ခမ်းမွေးက မျှဝေခံစားတဲ့မျက်နှာမျိုးနဲ့

"ဂျာမန်သမိုင်းသုတေသီ မိတ်ဆွေတစ်ယောက်က ရှားပါး အရှေ့တိုင်းလက်ရာမျိုးရချင်တယ်ပြောလို့၊ ကျုပ်လည်း မမြတ်ပါ ဘူး၊ ခင်ဗျားလိုငါးထောင်ပဲ ရမှာပါ" သူ့ရင်ထဲက ဒေါ်လာဆိုတဲ့ အသံကိုတော့ ကိုပီတီမကြားနိုင်ရှာဘူးလေ။

တုရင်တောင်ပေါ်မှာ အနားယူနေတဲ့နေမင်းကြီးဟာ အနောက် ဘက် တန့်ကြည်တောင်ကို အလင်းထုတွေ စေလွှတ်လိုက်ပြီ။ ဧရာ ဝတီရဲ့ ရွှေရည်တွေက ညင်ညင်သာသာစီးမျောလို့ ထနောင်းပင် တန်းဆီက ချိုးကူသံသဲ့သဲ့ပေါ်လာတယ်၊ တမ္ဗဒီပရွှေအဆင်းရှိသော အနီရောင်ပုဂံမြေပြင်မှာ ကိုပီတီ ဆူးလေဆူးပင်တွေကို တုတ်တစ် ချောင်းနဲ့ဖယ်ရှားရင်း မြေသားထဲကို ထိုးဆွစမ်းသပ်နေတုန်း. . .

"ကိုကို. . . ကိုကို. . . ဘာလုပ်နေတာလည်း. . ."

အမောတကောအော်ရင်းပြေးလာတဲ့ မဒမ်ပီတီကို မျက်စောင်း ထိုးရင်း. . .

"ဆေးတံအိုးရှာနေတာပေါ့ဟ. . . လန့်လိုက်တာ နင်ကလည်း. . ." အာနန္ဒာဘုရားပွဲတော်ကို ကရတော့မယ်ဆို ကတည်းက ဒင်းလိုက်ချင်နေတာ ဖွတ်ဖွတ်ကိုလူးလို့၊ ပွဲတစ်ည က အပြီးမှာ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ ဗူးဘုရားတွေ ဖူးချင် လှချေရဲ့ဆိုလို့ လိုက်ပို့အပြီး ဒင်းအိပ်နေတုန်း အငြိမ့်ခုံနောက်က


www.burmeseclassic.com

မြေစုန့်ပွပွမှာ ရှာဖွေရေးလုပ်နေတာ၊ လာနှောင့်ယှက်ပြန်ပြီ၊ ဒီတစ်ချီဆေးတံရရင်တော့ နှုတ်ခမ်းမွေးထက်ကြီးကျယ်အောင် ကျန်စစ်သားမင်းကြီးပွဲကြည့်ဆောင်မှာ ဖွာရှိုက်တော်မူခဲ့တဲ့

"ပုဂံခေတ် ဆေးတံသောက်တဲ့ အလေ့အထနည်းတယ် ကိုကိုရဲ့"

ဒါဖြင့်ဘာသောက်ကြတာတုန်း ငါးသုံးလုံးလား၊ မာလ်ဘိုရိုလား" စိတ်တိုတိုနဲ့ ရွဲ့ပြောလိုက်ပေမယ့် ဒင့်မျက်ခွက်ပေါ်က အပြုံးဟာ လွင့်မသွားဘူး။

"ခုနကမင်းသမီးတွေနဲ့ ဘုရားဖူးသွားရင်း ဟိုနားက ဆိုင်ခန်းမှာ ပစ္စည်းတစ်ခုတွေ့ခဲ့လို့ နှုတ်ခမ်းမွေးအကြိုက်ပစ္စည်းမျိုးကိုကိုရဲ့ လာပါ သွားမေးရအောင်"

မလိုက်ပြန်ရင်လည်း မြင်းအီးပေါက်သလို ဗျစ်တောက် ဗျစ်တောက်နဲ့ ရန်လုပ်ခံနေရဦးတော့မှာဆိုတဲ့ အတွေးနဲ့ ကိုပီတိထ လိုက်သွားရတယ်။

"ဒီမှာကြည့်စမ်း ကိုကိုမြင်ဖူးရဲ့လား"

မဒမ်ပီတိပြရာကိုကြည့်လိုက်တော့ အသားကိုဖောင်းကြွ ဆင်ရုပ်နှစ်ဖက်ထွင်းထုထားတဲ့သေတ္တာကလေး ရေနံ့ဝပြီး ညိုမှိုင်း စိုအိလို့ နံဘေးမှာလည်း ကနုတ်ပန်းခွေတွေ လိမ်လိမ်ယှက်ယှက် ကိုပီတိမျက်လုံးတွေကျယ်သွားပြီး ဆိုင်ရှင်ကို-

"ဒါဘာထည့်တဲ့ သေတ္တာတုန်းခင်ဗျ"

"ရှေးလူကြီးတွေ ချိန်ခွင်ထည့်တဲ့သေတ္တာပါခင်ဗျ၊ သံမရိုက်ပဲ စရွေးစွတ် ထုထားတဲ့လက်ရာပါ၊ မဒမ်ပီတိပြာရီးပြာယာဝင်တဲ့ပြီ"

"ဘယ်လောက်တုန်းရှင့်"

"နှစ်ထောင်ရောင်းပါတယ်"

"ကျွန်မတို့က အိမ်မှာ အလှထားမှာမို့လို့ လျှော့ပါဦးရှင် မြတ်



www.burmeseclassic.com

www.burmeseclassic.com


နီးလို့ပါ အဟဲဟဲ" ဆိုင်ရှင်က ခပ်ပြုံးပြုံးကြည့်ရင်း. . . ထောင့်ရှစ်ရာနဲ့ရောင်းလိုက်ပါတယ်။ မဒမ်ပီတိဆိုင်ကအထွက် တစ်လမ်းလုံး ဝမ်းသာအားရနဲ့. . .

"နှုတ်ခမ်းမွှေးတော့ နာပြီသာမှတ်. . . တစ်သောင်းကို တစ်ကျပ်မလျှော့ဘူး၊ ဒါသမီးကြည့်တတ်လို့ရလာတာနော် ဟင်း ဟင်း. . . ဒီတစ်ကွက်တော့ ဒင်းရေရေလည်လည်ခံလိုက်ရ. . . ရ" ပြောလက်စစကားတွေ ဖရိုဖရဲဖြစ်၊ မျက်လုံးကြီးပြူးပါးစပ်ဟောင်း လောင်းနဲ့ မဒမ်ပီတိငိုင်ကျသွားတယ်။ သူ့ရှေ့ဆိုင်တစ်ဆိုင်ရဲ့နောက်မှာ နေလှမ်းထားတဲ့ ဆင်ရုပ်ချိန်ခွင်သေတ္တာတွေအစီအရီ ရေနံ တောင် မသုတ်ရသေးဘူး၊ ကိုပီတိဆိုင်ထဲကထွက်လာတဲ့လူကြီးကို ကတုန်ကယင်လေးသံနဲ့လှမ်းပြီး. . .

"ဒီ. . . ဒီသေတ္တာတွေ. . . ဘယ်. . . ဘယ်က ရ. . . ရတာလဲခင်ဗျ ဆိုတော့ လူကြီးက ခပ်ပြုံးပြုံးနဲ့ အေးအေး လေး ဖြေလိုက်ပါတယ်. . ."

"မန္တလေးက နှုတ်ခမ်းမွှေးဖောက်သည် ပို့ပေးတာပါ တစ်လုံး ကို ငါးရာနှုန်းပဲ ကျပါတယ်ခင်ဗျ. . ."

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

## ▢ ကိုပီတိနှင့် လေလံသစ်

"ရှေ့နည်းနည်းတိုးပေးပါဦး အစ်မရဲ့. . ."

". . . . . . . . . . . . . . . . . . . . . . . . ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ဘုရား. . ဘုရား မဒမ်ပီတိဘာတွေများလုပ်နေပါလိမ့်၊ ကိုပီတိ ပွဲအပြန်အိပ်ချင်နေတဲ့ မျက်လုံးတွေ ပြူးကျယ်သွားတယ်၊ ဘယ်လို ဝေါဟာရလဲ၊ အိမ်အပြင်ကနေ နားရွက်နှစ်ဘက်ကိုပေပေကြီး လုပ် နားစွင့်နေလိုက်တော့. . .

"ဒါဆိုရင် ကျွန်တော်တို့ဈေးမကိုက်တော့ဘူးအစ်မ"

"ဟုတ်ကဲ့ကျွန်မကလည်း ဈေးကုန်ရှေ့တိုးပေးထားတာလေ၊ ဒီထက်တိုးရင် ကျွန်မအရင်းရှုံးတော့မှာမို့ ကြပ်နေတယ်ပြောရ တာပါ၊ ရပါတယ်။ ရှင်တို့မဝယ်နိုင်လည်း သုံးဆယ်နှစ်လမ်းက ကိုဟုတ်ကြိုင်တို့က ကမ်းလှမ်းထားပြီးသားပါ။ ဒီဈေးထက်ပိုရချင် လို့သာ အဟဲဟဲ. . ."

အော်. . . အရောင်းအဝယ်ကိစ္စကိုး ကိုပီတိနည်းနည်း စိမော သက်သာသွားတယ်၊ မဒမ်ပီတိအသံ ပေါ်လာတယ်။


www.burmeseclassic.com

"ကဲ လက်ဖက်ရည်သောက်ဦး အဆင်မပြေတာဘာတတ်နိုင် . မှာလည်း နောက်တစ်ခါ အဆင်ပြေမှာပေါ့. . . သုံးဆောင်ပါဦးရှင့်၊

"နောက်တစ်ခါလုပ်မနေပါနဲ့ အစ်မရယ် အခုကို အစ်မပြောတဲ့ ဈေးဘဲ ကျွန်တော်ပေးခဲ့ပါတော့မယ်။ ပစ္စည်းကောင်းမို့ ကျွန်တော် အလွတ်မခံနိုင်ပါဘူး. . . "

"ပစ္စည်းကောင်းမို့ ကျွန်မကလည်း ကြပ်တယ်ပြောရတာပါရှင့် အဟဲဟဲ. . ."

ကိုမိတိ အခန်းထဲဝင်သွားတော့ ငွေစက္ကူအထပ်လိုက်ကို ရေနေတဲ့ မဒမ်ပီတိကို တွေ့ရတယ်၊ သူ့ကိုတစ်ချက်လှမ်းကြည့်ရင်း

"ကိုကိုတောင် ပွဲကပြန်လာပြီ။ မအိပ်ချင်သေးရင် ထမင်းအိုး လေးတည်လိုက်ဦးနော်. . . သမီး၊ ဒီကဇည့်သည်ကို ပစ္စည်းလိုက် ပို့ပေးလိုက်ဦးမယ်၊ ဒါကျွန်မယောကျ်ားလေ၊ လူရှင်တော်ပေါ့၊ သူ့အငြိမ့်များအားကိုးနေလို့ကတော့ ပါးစပ်တောင် ယင်မောင်း ရလောက်တယ်. . . ကျွန်မ ရှာနိုင်၊ ဖွေနိုင်လွန်းလို့သာ သိလား အဟဲ ဟဲဟဲ. . ."

တစ်သက်လုံး ငါ့ရှာစာ ဖွေစာတွေစားလာတာပါဟဲ့. အခုမှ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေပါနဲ့၊ နင့်လုပ်ငန်းက ဘယ် လောက်များ ကြီးပွားမှာမို့လို့လဲ. . . ဟင်း၊ ပေါပင်စီးပွားရေးများ ငါအထင်မကြီးဘူး. . . ငါ့သဘင်ပညာကိုပဲ ငါယုံကြည်လေးစား တယ်. . . ကိုးစားတယ်၊ ငါ့ပညာကိုပဲ ယုံကြည်လေးစားတယ်. . . ကိုးစားတယ်. . . ငါ့ပညာကိုနင်တစ်ချိန် နှိမ်ချဝပ်လျှိုးရမယ်ဟဲ့. .

အဲဒီလိုရင်တွင်းက ကြွေးကြော်ရင်း ကိုပီတိဆန်ဆေးနေပါ တော့တယ်. . .

ဘယ်စီးပွားရေးမဆို လေလံသဘောသက်ဝင်တာရှည်းပဲ ကိုကိုရဲ့ ဆိုလိုတာက ဈေးပြိုင်စံနစ်ပေါ့။ ကိုယ့်ပစ္စည်းရဲ့မူလ

www.burmeseclassic.com

www.burmeseclassic.com


သတ်မှတ်တန်ဘိုးထက်လည်းပိုရတယ်၊ အခုလည်းကြည့်လေ၊ တစ်ဖက်က အပြိုင်ရှိတယ်လည်းဆိုရာ သူတို့မနေနိုင်တော့ဘူး၊ ကျွန်မတို့ဆိုတဲ့ဈေးပေးကို ပေးရတော့တာပဲ။

အာပေါင်အာရင်းသန်သန်ပြောနေပေမယ့် ကိုပီတိနားမဝင်ပါဘူး၊ သူစိတ်တည်းမယ် ဘယ်ပွဲနဲ့ဘာပြက်လုံးလိုက်ဖက်သလဲဆိုတာကိုပဲ တွေးနေတာပါ။ သူဟာ ပွဲကြည့်တွေချစ်တဲ့ အငြိမ့်လူရွှင်တော်တစ်ယောက်၊ ပရိသတ်မြှော်လင့်တဲ့ ပြက်လုံးတွေကြိုးစားပမ်းစား ပြက်နိုင်တဲ့လူတစ်ဦးဖြစ်အောင် ကြိုးစားနေသူမဒမ်ပီတိရဲ့မုသာဝါဒစီးပွားရေးကို လုံးဝစိတ်မဝင်စားဘူး. . . ဘာဈေးပြိုင်လဲ. . . ဘာလေလံလည်း၊ နောဇာနာမိငါမသိ။

"ရှေ့နှစ်ခေါ်မယ့်အငြိမ့်က ကိုကို့ကို စပေါ်ဆယ်သိန်းပေးမှာတဲ့. . . ဒါနဲ့ သမီးကပြောလိုက်တယ်၊ လက်ရှိအဖွဲ့က ဆယ့်ငါးသိန်းပေးထားပြီဆိုတော့ သူတို့က ဆယ့်ရှစ်သိန်းတဲ့. . . အဲဒါသမီးကလက်ရှိအဖွဲ့ကို ပြောဦးမယ်ဆိုတော့ ပြောမနေပါနဲ့. . . သူတို့ကသိန်းနှစ်ဆယ်တဲ့ အဟဲဟဲ၊ အဲဒါဈေးပြိုင်စနစ်ကြောင့် ကိုကို့တန်ဖိုးတွေ တက်လာတာလေ. . ."

တန်ဖိုးတက်တာမဟုတ်ဖူး၊ ကျွန်သက်ရှည်တာ၊ နင်ဝတ်ချင်စားချင်တာနဲ့ ငါ့ကို လေလံပစ်နေတာ. . . ရတာလေးကို နင်ဖြုန်းပစ်မယ်၊ အဲဒါတွေကုန်ရင် ငါလုပ်နိုင်တဲ့အနုပညာလုပ်ငန်းမှန်သမျှနင်ရက်ရက်စက်စက်ခိုင်းမယ်၊ နင့်ကို အိမ်ထောင်ပြုရတာငါ့အဖို့ မျှာပဒ္ဒအုံထဲလိမ့်ကျသလို အရိုးအသားတောင် ကျန်ပါတော့မလားမဒမ်ပီတိရယ်. . . ။

"ပြောလို့ကောင်းနေတာနဲ့နောက်ကျတော့မှာပဲ. . . ဒီရှေ့စီပင်က အိမ်မြေအခွန်မဆောင်နိုင်လို့ အိမ်နဲ့မြေ လေလံပွဲရှိတယ်ကိုကိုရဲ့ အဲဒါသွားပြီးလေလံဆွဲရဦးမယ်. . ."


www.burmeseclassic.com

www.burmeseclassic.com


"သတင်းကလည်းစုံပါပေ့ဟာ၊ နေပါဦး အဲဒီလေလံက ဘယ်မှာ လုပ်ပြီး ဘယ်သူ့အိမ်နဲ့မြေတုန်း။"

"ငွေနှံးစုက ဦးဒီပါအိမ်တဲ့ ကိုကိုရဲ့. . ." တစ်စတစ်စ မဒမ်ပီတီ ရဲ့ အပြုံင်ဝါသနာဟာ ဖွံ့ဖြိုးပြီးရင်းဖွံ့ဖြိုးလာပါတော့တယ်။

ဟိုကောင်မလေ. . . အဲဒီပါတိတ်ကိုသုံးသောင်းနဲ့ ဝယ်နေ တာ၊ ငါကသုံးငါးပေးလိုက်တော့ ဒင်းဘာမှမတတ်နိုင်တော့ဘူး၊ ပါးစပ်အဟောင်းသားနဲ့ ကျန်နေရော" ဆိုတာမျိုးတွေ. . .

"မမပဲတို့ တိုက်ကို သိန်းခုနစ်ဆယ်နဲ့ ပွဲတိုက်နေတာ သမီးက တစ်ရာပေးမယ့်သူရှိတယ်ဆိုတော့ ကြောက်လန့်ပြီး တစ်ရာ့ငါးဆယ် နဲ့တဲ့ည့်သွားလို့ မုန့်ဖိုးငါးသောင်းရလိုက်တယ်. . ."

ဆိုတာမျိုးတွေ. . . စံတဲ့အခါစံရ၊ ခံတဲ့အခါခံရနဲ့ လေလံသံသရာမှာ လုံးလည်လိုက်နေတဲ့ မဒမ်ပီတီကို. . . ကိုပီတီ ရင်မောစွာ ကြည့်နေရုံကလွဲပြီး ဘာမှ မတတ်နိုင်တာအမှန်ပါ။

"မလျှော့ဘူး လုံးလုံးမလျှော့ဘူး၊ အတိုးဘဲရှိရင်ရှိမယ် လေးမွှာတစ်ကြိမ်" အိပ်နေရာက ဒေါကြီးမောကြီးယောင်အော် လိုက်တဲ့ မဒမ်ပီတီရဲ့ အသံကြောင့် အလန့်တကြားဖြစ်သွားပြီး ကိုပီတီလူးလဲထရင်း မဒမ်ပီတီပုခုံးကို ဆွဲလှုပ်လို့ . . .

"ဟ. . . ဘာတွေအော်နေတာတုန်း၊ ဘာဖြစ်နေတာတုန်း မဒမ်ပီတီမျက်လုံးဖွင့် ဟိုကြည့်သည်ကြည့်လုပ်ပြီးမှ စပ်ဖြီးဖြီးမျက်


www.burmeseclassic.com

www.burmeseclassic.com


နှာနဲ့ "အိပ်မက်ထဲမှာ လေလံပြိုင်နေတာကိုကိုရဲ့"

ကမ်းကုန်သွားပြီ၊ အိပ်မက်၌ပင် လေလံတင်သည့် သခင်ဦးနှောက် ပျက်ပြီလားလို့ ကဗျာစပ်ရမလိုဖြစ်နေပြီ. . . နင့်နှလုံးခုန်သံ တွေကအစ လေလံ. . . လေလံ လို့မြည်နေရောသလား၊ ဒါပေမယ့် ဘယ်လောက်ထိ ရှုံးနိုင်သလဲဆိုတာသိချင်တဲ့အတွက်ကြောင့် . . .

"အချစ်တော်ဝင်စားတဲ့ ကြက်တူရွေးဝင်စားဖြစ်ပါတယ်၊ စိတ်လို လက်ရရှိတဲ့အခါ ပေါ်နွေလလျှင်တို့ ကလျာရွှေညီတို့ တင့်လှ ပေဟာန်တို့စတဲ့ ရတုတွေ ရွတ်နေတတ်ပါတယ်. . ."

"ပြပွဲသွင်းစားရရင် အတော်မြတ်မှာပဲ"

မဒမ်ပီတိဆီက ရေရွတ်သံပေါ်လာတယ်၊ ကိုပီတိဇောချွေး တွေ နီးထစပြုလာပြီ. . .

"အဲဒီတော့ ဒီပစ္စည်းနှစ်ခုကို ကြမ်းခင်းဈေး ငါးထောင်သတ် မှတ် ထားပါတယ်. . . အဲဒီနှုန်းထက် ပိုပေးနိုင်သူရှိပါသလား ခင်ဗျာ"

ဘယ်သူမှ မလှုပ်ကြဘူး

"ငါးထောင်တစ်ကြိမ်. . ."

"ခြောက်ထောင်"

ရှေ့ဆုံးက အသံပေါ်လာတယ်

"ရှစ်ထောင်"

ကိုပီတိမျက်လုံးတွေပြူးသွားတယ် မဒမ်ပီတိဝင်နွဲ့ပြီ။

"တစ်သောင်း"

ရှေ့ဆုံးကလည်း အညံ့မခံဘူး ကြိတ်လိုက်ဟော့။

"သောင်းငါးထောင်"

တွယ်ဟဲ့မိန်းမရဲ့ အိတ်ထဲက စပေါ်ငွေတွေကို ကိုပီတိနှာ ဆက်စပြုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com


"နှစ်သောင်း"

"သုံးသောင်း"

မဒမ်ပီတိဆီကို လေးစားကြည်ညိုတဲ့အကြည့်တွေရောက်ကုန်ပြီ၊ တစ်ဖက်က ဘာသံမှ ပေါ်မလာတော့ဘူး လက်မြှောက်သွားပြီ။

"သုံးသောင်းတစ်ကြိမ်. . . သုံးသောင်းနှစ်ကြိမ်. . . . သုံးသောင်းသုံးကြိမ် ဆက်လက်ပြီးဈေးပြိုင်ပေးသူမရှိတဲ့အတွက် ယောဟိုအစ်မကြီးကိုဘဲ သုံးသောင်းဈေးနဲ့ရောင်းချလိုက်ပါပြီ ခင်ဗျာ. . . ဒူ . . . ဟူဟူ . . ."

---

"ကျွန်မနည်းနည်းမှားသွားပြီထင်တယ်"

အင်း ပေါင်းလာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒီတစ်ခါပဲ အမှားကို ဝန်ခံဘူးသေးတယ်. . . ကိုပီတိ ကြေးကြက်တူရွေး လှောင်အိမ်ကိုဆွဲလာရင်း. . .

"မိန့်တော်မူပါဦးဗျာ. . ."

သူ့အကျီဖိုးတွေဟာ လှောင်အိမ်ထဲ ရောက်ကုန်ပြီဆိုတော့ စိတ်ချဉ်ပေါက်ပေါက်နဲ့ အငေါ်တူးလိုက်တယ်။

"စဉ်းစားကြည့်လေ၊ သူ့အပြောကောင်းတာရယ်၊ မခံချင်စိတ်ရယ်ကြောင့်သာ. . . လေလံဝင်ဆွဲလိုက်တာ အလွန်ဆုံးတန်လှ သုံးထောင်ပေါ့. . . ကြေးကလည်း ကြေးသားနည်းနည်းနဲ့ ပါးပါးလုပ်ထားတာ လှောင်အိမ်ကို အရည်ကြိုပြီး ပိဿာချိန်နဲ့ ရောင်းရင်တောင် တစ်ထောင်ရမှာမဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျားဘာလို့ဝင်ပြိုင်သလဲဗျာ"

"ဝါသနာနဲ့ မခံချင်စိတ်ကြောင့်ပါလို့ပြောပြီးသားဘဲ ကြည့်ပါဦး


www.burmeseclassic.com

www.burmeseclassic.com


အထဲကသတ္တဝါကလည်း ငေါင်းစင်းငေါင်းစင်းနဲ့ ထုံပေပေပုံကြီး"

မဒမ်ပီတီ လှောင်အိဂ်ကိုယူ ကြက်တူရွေးကိုကြည့်ရင်း . . .

"အင်း. . . ရတုမပြောနဲ့. . . တစ်သက်လုံးသင်လို့တောင် စကားတစ်ခွန်းမပြောတတ်တဲ့ ကျေးကုလားကြီး. . ." သိက္ခာကို ထိလို့ဒေါပွသွားပုံရတယ်။ ကြက်တူရွေးလည်ဆံမွှေးတွေကို ဖွလိုက်ပြီး မဒမ်ပီတိကို တုန့်ပြန်လိုက်တာက. . .

"ဟဲ့. . . မသာမရဲ့ ခုနက နင်နဲ့လေလံပြိုင်ဆွဲနေတာငါဟဲ့"

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

## ❒ ကိုပီတိနှင့် ဝေဒနာသစ်

"မေရီ. . . မေရီ. . . ကမ်းမင်. . . ကမ်းမင်. . ."

အိမ်ခန်းထဲက ပေါ်လာတဲ့ အင်္ဂလိပ်စကားသံတွေကြောင့် နေပူထဲက လျှောက်လာတဲ့ ကိုပီတိ ခြေလှမ်းတွေ အရိပ်မြင်ရက်နဲ့ မဝင်ရလောက်အောင် တုန့်သွားပြီး အံ့ဩစိုးထိတ်စွာရပ်ရင်း နားစွင့်နေလိုက်တယ်။

"ခန်းမင်. . . ခန်းမင် မေရီ. . . အိ. . . အိ. . . အိ. . ." ကကြီးနဲ့ ကမ်းရာကလေသံပြောင်းပြီး ခကွေးနဲ့ခန်းသွားပြန်ပြီ၊ မဒမ်ပီတိ ဘာတွေများ အံ့ဖွယ်သုတေသနတွေ တီထွင်နေပြန်ပါ လိမ့်၊ ငါ အဝေးပွဲငါးညဆက်တိုက်ကနေတုန်း ဘယ်ဥရောပနိုင်ငံ နဲ့ ဆက်သွယ်ပြီး ဘာလုပ်ငန်းတွေကို. . .

"အိလေ. . . မေရီ. . . အိ. . . နင့်နှုတ်သီးနဲ့ ပလပ်ပလပ် မြည်အောင်အိ. . ."

အသံကိုနားထောင်ရင်း တံခါးကို တွန်းဖွင့်လိုက်မှ အသံနဲ့ အမြင်ဆက်စပ်မိသွားတယ်၊ မဒမ်ပီတိက သူစာရေးစားပွဲခုံပေါ်မှာ အမွေးစုတ်ဖွားတယ်ရီယာခွေးမတင်ပြီး ဇလုံထဲက အမဲရိုးတွေကို ဘိုလိုရွတ်ပြီး ညည်းခံနေတာကိုး။

"ဟော. . . အဖေကြီး. . . ဂရား ဂရား ပွဲကရာကဝုတ်ဝုတ် ပြန်လာပြီ. . . ဝုတ်. . ."

လူနှုတ်ဆက်သံနဲ့ ခွေးမာန်ဖီသံတွေ အချိုးကျပေါင်းစပ်ပေါ်



www.burmeseclassic.com

လာတယ်။ မဒမ်ပီတီ သူ့ပုခုန်းပေါ်က အထုပ်ကိုလှမ်းယူရင်း

"အဟက်ဟက်. တယ်ရီယာလေ ကိုကိုရဲ့၊ ဆိုင်းဆရာ ဖျောက်ဆိပ်ကြွယ်တို့အိမ်က ဝယ်လာတာသိရဲ့လား၊ နှစ်လသမီး ရှိသေးတယ်. . . ငါးသောင်းကို မနည်းဆစ်လာခဲ့ရတာ၊ ဒါတောင် မရောင်းချင်ပါဘူးလုပ်နေတာ ရွှေ့လဆိုရင် သိန်းဂဏန်းကပ် သွားပြီတဲ့"

"လူတောင်မှ အိမ်ငှားနေရတာ နင့်ခွေးကို ဘယ်နေရာမှာ ထားမှာလဲ၊ အိမ်ပိုင်ရှင်သိရင် ခွေးအတွက်ပါ လခတိုးတောင်းရင် အခက်၊ နင်ကရှုပ်တဲ့နေရာမှာတော့ သပွတ်အူက အမေခေါ် လောက်တယ်၊ နင်သိဘို့က သတ္တဝါနဲ့ ပြဿနာဟာ အပ်နဲ့ချည်ဘဲ၊ နောက်ဆက်တွဲ ပေါ်လာမယ့်ကိစ္စတွေ နင့်ဟာနင်ရင်ဆိုင် ဒါပဲ. . ."

မဒမ်ပီတီ မျက်နှာဟာ ကြည့်ရင်း သင်းခွေချပ်တစ်ကောင်နဲ့ တူလာတယ်၊ နှုတ်ခမ်းချွန်ကြီးကို ရွှေ့ရောက်အောင်ညစ်ထုတ်ရင်း လေသံပြင်းပြင်းနဲ့

"ကျုပ်က တော့ရှေ့ရေးကို ခွေးနဲ့အစားထိုးဘို့ကြိုးစားနေတာ သိရဲ့လား"

"ဘာကွ. . . ဘယ့်နှယ်. . ."

"ငါ့ကိုကိုခမြာ ကြီးတောင့်ကြီးမားနဲ့ နယ်တကာသွားပြီးနေဝင် ကနေထွက် ပွဲကရလာပြန်တော့ မလောက်မင ဒုက္ခကြီးရှာတယ်၊ ဒီဒုက္ခငြိမ်းအောင် ငါကြံမှုပဲဆိုပြီး စေတနာနဲ့ ခွေးမွေးမိတာပါ တော်. . ."

စေတနာဆိုတဲ့ စကားလုံးကြောင့် ကိုပီတိရင်တွင်းဖြစ် ဒေါသ တွေ ပါးလျော့သွားခိုက် မဒမ်ပီတီ လျှာရေးဆက်ပြတယ်။

"ဒီခွေးဟာ သားပေါက်နှစ်သောင်း၊ နို့ခွဲငါးသောင်း မိတ်ဖျော် တစ်သိန်း၊ အဲဒီလောက် ဈေးကြီးတဲ့ အမျိုးအစား သူ့ကိုမွေးပြီးသား



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ရောင်းရင် ရှင့်ပွဲ တစ်နှစ်စာထက် ပိုဝင်ငွေကောင်းတယ်၊ ရှင်လည်း ပွဲကစရာမလိုတော့ဘူး၊ ပိုက်ဆံလည်းရလူလည်း ဇိမ်ကျ စီးပွားရေးပါကိုကိုရယ်. . .”

အင်း. . . ကိုကိုတစ်လှည့်. . . ရှင်တစ်ခါ. . . တော်တစ်မျိုး အခေါ်အဝေါ်တွေရောလဲသုံးနေပြီ. . . ဒင်းတစ်ခုခုဒင်း. . . ခံရ နေကျ. . . ကိုပီတိရဲ့အတွေ့အကြုံတွေက လှုံ့ဆော်လာတာကြောင့်၊

“နေပါဦး. . . ဒီခွေး ဝယ်တဲ့ ငါးသောင်းက. . .

“ကိုကို့ရှေ့နှစ်အတွက် စပေါ်ယူလိုက်တာလေ အဟက်ဟက် နှေလည်ကျ ရှေ့နှစ်စာချုပ်ကို လက်မှတ်သွားထိုးလိုက်ဦး. . . နော် အဟက်ဟက်၊ မေရီ. . . မေရီ. . . ခန်းမင်. . . အိ. . . အိ”

📖 📖 📖

“ဟဲ့ခွေးလေ. . . ခွေးလွင့်. . . မိမစစ်ဖမစစ်ခွေး. . . သခင်အလေအလွင့်တွေ မွေးထားတဲ့ခွေးလေခွေးစုတ်. . . သူတောင်းစား ဖြစ်မဲ့ခွေး၊ ကုန်ပြီကုန်ပြီ ဘယ်ဘဝဘယ်သံသရာအဆက်ဆက်က တော်လာမှန်းမသိဘူး. . . အိုးပါပြောင်အောင် လျက်သွားသေးထို့. . . အိမ်မရှိဘဲ ခွေးမွေးချင်တဲ့ ပုဂ္ဂိုလ်များလည်း အံ့ဩပါရဲ့တော် သူတို့မို့မရှက်. . .”

မိုးသံတဖျောက်ဖျောက်ကို တွန်းထိုးလုယက်ပြီး ထွက်ပေါ်လာတဲ့ ဆဲသံ၊ ဆူသံတွေကြောင့် စောင်ခြုံထဲမှာ ကွေးနေတဲ့ကိုပီတိ လန့်နိုးသွားတယ်၊ မေရီတို့ အစွမ်းပြပြန်ပြီထင်ပါရဲ့. . . ရောက်ပြီးနောက် တစ်နေ့မှာ တစ်ဖက်ခြံကကြက်တူရွေးကို ကိုက်လာတယ်. . . အဲဒီညမှာ အိမ်ရှင် တွေနေတဲ့ အပေါ်ထပ်တက်ပြီး မစင်စွန့်တယ်. . . အိမ်ရှင့်သားက ရိုက်သတ်ပါမယ်တကဲကဲလုပ်နေလို့ တောင်းပန်ရ



www.burmeseclassic.com

တယ်. . . ဒင်းကို ဝယ်မိတာဟာ. . . ငါနဲ့ ငါ့ပတ်ဝန်းကျင်ကို သံယောဇဉ်ဖြတ်ဖို့ သက်သက်များလား. . . အခုလည်း မျက်နှာချင်း ဆိုင်အိမ်ကို စိန်ခေါ်လာပြန်ပြီ။ တတ်သရွေ့မှတ်သရွေ့ လက်အုပ်ချီ ဂါရဝနဲ့ ဆလံသ တောင်းပန်ရဦးတော့မယ်. . .။

"မယားကြီးကဈေးသွားအကြွေးခံနေရင်လည်း မယားငယ်ကို လင်ကရင်အုပ်မကွာစောင့်ရှောက်မယ်မရှိဘူး. . .၊ မိုးအေးအေးနဲ့ ပျော်ပါလေ့နှစ်ကိုယ်တည်း"

သွားပြီ. . . ဒင့်စီးပွားရေးအမြင်ကျယ်လိုက်တာ ငါပါခွေးနဲ့ ပေးစားခံလိုက်ရပြီ၊ ဒါတွေကို ဒင်းသိမှာမဟုတ်ဖူး၊ သိရင်လည်း ရယ်ကျဲကျဲနဲ့ စီးပွားရေးလုပ်ငန်းကြီးဆိုတာ မလိုသူတွေ ပေါတယ် ကိုကိုရဲ့. . . သီးခံနိုင်မှတိုးတက်တာဆိုပြီး လေချိုသွေးချွေးသိပ်မှာပဲ၊ အဆိပ်ကျွေးပြီးသတ်ရအောင်ကလည်း ငါးသောင်းတန်ကြီး၊ ပီတိ မင့်အဖြစ်က ရှေ့တိုးဒုံးကျည်၊ နောက်ဆီမှာရောက် အရှောင်ခက် လှပါလားကွာ. . . ကိုပီတိစိတ်ထဲကညည်းရင်း အိပ်ရာထပြီး အပြင် ကို ခြေအလှမ်း ကြမ်းပြင်ပေါ်က စိုစိစိအပုံကို တက်နင်းမိပြန် တယ်၊ အန်ဖတ်တွေ၊ မသထာရေစာတွေခိုးဝှက်မြို့ဆို့ပြီး အန်ချထား တာနေမှာ. . . ကိုပီတိခမြာ ချက်ခြင်းလူ့ရှင်တော်ဘဝက ခွေးအညစ် အကြေးသန့်ရှင်းရေးလုပ်သားဘဝရောက်သွားတယ်။

"ဟာ. . . ခွေးလေး. . . လှလှချည့်လား. . အို့. . အို့. အို့. . "

"ဘုရား ဘုရား ဗိုလ်စီးဖိန်အိမ်ပြန်လာပါပကောလား။" ကိုပီတိ ရင်တွေတုန်ပြီး ချွေးစေးတွေပျံ့တတ်လာတယ်။ ငါးနှစ်သားရင်သွေး လေးကိုလူမိုက်ငါးဆယ်နဲ့ ရင်ဆိုင်ရသလို တုန်လှုပ်သွားတယ်. . . စီးဖိန်ဆိုတဲ့ကောင်ကလည်း "ဤသူကားခေသူမဟုတ်" ဆိုတဲ့အတား ထည်းကလေ . . . သုံးနှစ်အရွယ်ကတည်းက ရပ်ထားတဲ့ပါဂျဲရိုကား ကိုသံချောင်းနဲ့ထိုးဆွဲလို့ ဆေးတွေကွာကုန်တဲ့အတွက် ပိုင်ရှင်ကို



www.burmeseclassic.com

www.burmeseclassic.com

ဒူးဖက်တောင်းပန်ခဲ့ရတာ . . . သူများအိမ်ကပွက်ပွက်ဆူနေတဲ့ ထမင်းအိုးကို တုတ်နဲ့ထိုးဖွင့်ပြီး သဲတွေထည့်သွားလို့ ဆန်အိုးလျော်ခဲ့ရတာ . . . ပါဝါရိန်းဂျားဆိုပြီး ခလေးချင်း ထိုးကြိတ်လာလို့ လူကြီးချင်း ထိုးကြိတ်လုမတတ်ဖြစ်ခဲ့ရတာ စတဲ့အရည်အချင်းကောင်းတွေတလှေကြီးနဲ့ ရင်သွေးရတနာပေါ့ . . . သူ့သူငယ်ချင်းကြာပေါ်ကတော့ "စီးဖိန့်လို့ မှည့်ထားလို့ပေါ့ကွာ လုရှိသာဆိုရင် ရပ်ကွက်တစ်ခုလုံး ရွှေ့သွားလောက်တယ်"လို့ထောပနာ ပြုဘူးတယ် . . . အခုလည်း သူ့အဖွားအိမ်ပို့ထားရာက ဘယ်ပြဿနာနဲ့ပြန်ရောက်လာတယ်မသိ . . .

"ဒုန်း . ဂိန် . ဂိန် . ဝုတ် . ဝုတ် . . ဒုန်း . . ဖုန်း . . ဂိန်း"

"ကျားသိုင်းဆရာကွ . . . ဟားဟား . . ဖုန်း . . ဝုတ် . . ဝုတ်" ခွေးမိုက်နဲ့ခလေးဆိုး ရင်ဆိုင်တိုးမိကြပါပကော . . . အမေ တကောထွက်ကြည့်လိုက်တော့ ခွေးကိုပီနန်အိတ်ထည်းထည့်ပြီး အဝကိုလက်နဲ့စုကိုင်းရင်း ဆရာဖိန့်ခြေစွမ်းပြနေတာကိုး၊ လှမ်းပြီး တားမယ်အလုပ်

"ဘာလုပ်နေကြတာလဲ ! "

လူကသုံးအိမ်ကျော်မှာရှိနေပေမဲ့ အသံကမြားတစ်စင်းလို စူးခနဲဝင်လာတယ်။ တရုပ်သိုင်းကားထဲကလို အတွင်းအားများ ထည့်အော်လိုက်လေရော့သလား။ မဒမ်ပီတိဟာ လေသိုင်းအဆင့်မြင့်ပညာရှင်တစ်ဦးလို စွေ့ခနဲရောက်လာ . . . ဆွဲခြင်းချ စီးဖိန့် ကုတ်ဆွဲ တင်ပါးသုံးချက်ဆက်တိုက်ရိုက် လှုပ်ရှားမှုတွေကို လှစ်ခနဲ လှစ်ခနဲ ဆောင်ရွက်သွားတယ်။

"ဟီးဟီး . . လာကြပါဦးဗျ . . ကိုယ်သားကိုယ်အသေသတ်နေပါပြီဗျ . . ဟီး . . ဟီး . . အွတ် . . အွတ် . . သေပါပြီဗျ ဟီး . . အွတ် . . အွတ် . . "


www.burmeseclassic.com

ဆရာဖိန်ကလည်း အညံ့မခံပါဘူး . . . မာတာမိခင်ကို ခုနှစ်သံတင်ငိုရင်း ရပ်ကွက်နဲ့လှည့်ပြီး ရန်တိုက်ပေးတယ်။ အံမယ် အွတ် . . အွတ်နဲ့ သွေးအန်တာလိုလို . . . အသံမျိုးတောင်ထည့် အော်လိုက်သေး (မယုံရင်ကိုယ်တိုင်ကြွရောက်လေ့လာနိုင်ပါတယ် ခင်ဗျာ) . . .

"ဟော့ . . ငါ့လင်ကို သတ်ချင်သတ် . . ငါ့ခွေးကိုထိဖို့တော့ မကြိုးစားနဲ့ သားသော . . သမီးသော . . ငါမသိဘူး . . ငါ့အသက် သုံးဆယ်ဘဲရှိသေးတယ် . . အရွယ်ကျန်သေးတယ် . . လင်တစ် ယောက်ထပ်ယူဖို့ငါးရာမကုန်ဘူး လင်ရှိရင်သားရှိသဟော့ . . . ခွေးတစ်ကောင်က . . . ငါးသောင်းတန်တယ် . . သိရဲ့လား. . ."

မဒမ်ပီတိရယ် . . နင်ပတ်ဝန်းကျင်ကို စိန်ခေါ်တာ ငါတို့သား အဖကိုလျှောင်အိမ်ထဲပို့နေသလိုပါဘဲလားကွယ်။ ကိုပီတိတို့သား အဖမျက်လုံးကြောင်လေးတွေနဲ့ ယို့ယို့လေးတွေထိုင်နေခိုက် မဒမ် ပီတိ ဆက်ကြမ်းတယ် . . .

"တိရိစ္ဆာန်ဟာတိရိစ္ဆာန်လောက်ပဲသိတော့မှာပေါ့ . . ထစ်ခနဲရှိ ဒီခွေးချည်းတရားခံရှာနေကြတာ . . ရပ်ကွက်ထဲမှာ ခွေးပေါင်း သောင်းခြောက်ထောင်နေတာဟော့ တခြားလင်တွေ မယားတွေကို လည်းမေတ္တာမျှကြဦး . . ."

"ဟဲ့ . . . ဒီနားမှာ နင့်လင်လုဖက် တစ်ကောင်ထည်းရှိတာဟဲ့ သဘင်သည်ပီပီ . . လူနဲ့နှစ်ပါးသွားရတာရိုးနေလို့ ခွေးနဲ့နှစ်ပါး သွားခိုင်းချင်ရင်လည်း နောက်ထပ်သုံးလေးကောင် ဆက်မွေးဦး . . ."

မိန်းမခြင်း . . . မောရင်ရပ်သွားလိမ့်မယ်ဆိုတဲ့အသိနဲ့ သားကို လက်ဆွဲပြီး လက်ဖက်ရည်ဆိုင်ကိုထွက်ခဲ့ပေမဲ့ ကိုပီတိရဲ့အာရုံထဲ တော့ မင်းသားဝတ်နဲ့သူ့နံဘေးမှာ ခွေးမသုံးကောင်စီခြံရံထားတဲ့



www.burmeseclassic.com

www.burmeseclassic.com


သုနက္ခနှစ်ပါးသွားကို မြင်ယောင်နေလေရဲ့ . . .

📖 📖 📖

ဒီလိုနဲ့ စနက်တန်ဖြတ်ထားတဲ့ အနုမြူဗုံးတစ်လုံးကို စောင့်ခြ ထည်းထည့်အိပ်နေရတဲ့ခံစားမှုမျိုးနဲ့ သိန်းပေါင်းများစွာ ရှာပေမဲ့ ငါးသောင်းတန်ခွေး တစ်ကောင်ကို သုံးလနီးပါးကိုပီတိလက်တွဲခဲ့ ရတယ်။ အဲဒီကာလအတွင်း ထူးထူးခြားခြားပြောင်းလဲသွားတာက ကိုပီတိရဲ့လူ့ရှင်တော်ခေါင်းပေါင်းပုဝါဟာ ခွေးလည်ပတ်ဖြစ်ပြီး တောင်ရှည်ပုဆိုးအဟောင်းဟာ ခွေးရဲ့ခြုလ္ဘာတွေ အိမ်ယာခင်းတွေ ဖြစ်သွားတာပါဘဲ။ အမဲရိုးစွတ်ပြုတ်ကို ခွေးစားနေချိန်မှာ ကိုပီတိ တို့သားအဖခမျာ ပဲပြုတ်နဲ့လွေးနေရတယ်။ ခွေးအားဆေး၊ ခွေးသံ ချဆေး၊ ခွေးရင်ကြပ်ချောင်းဆိုးပျောက်ဆေးတွေ ထောင်ချီပေး ပြီး ဝယ်တိုက်နေတဲ့အချိန်၊ ပွဲဆက်များလို့ အသံဝင်လာတဲ့ ကိုပီတိ ကွမ်းရွက်နဲ့လျက်ဆားတွေသာ ဖိတွယ်နေရတယ်။

"အခိုက်အတန့်သီးခံလိုက်ပါဦးကိုကိုရယ် . . . နောင် တစ်ချိန်ကျ ခွေးရဲ့လုပ်စာကို စားရတော့မှာပါနော်. . . နော်လို့ အခုလည်း မေရီအပျိုစိတ်ဝင်နေပါပြီ။ မကြာခင် အိမ်ထောင်ချ ပေးရတော့မှာ သိလား. . ."

"နင်ကဘယ်လိုလုပ်သိတုန်း. . ."

"မိန်းမချင်းပဲဥစ္စာ ဒီကောင်မ ဂဏ္ဍာမညိမ်တာတွေကြည့်ရင် သိတာပေါ့၊ ငွေ့စုမိတဲ့နေရာကျမှ အဟင်းဟင်း. . . မေရီတို့အမျိုး က သားပေါက်အကောင်းဆုံးတဲ့၊ တစ်ခါမွေးရင် ငါးကောင်အနည်း ဆုံးပဲတဲ့. . . တစ်ကောင်ကို တစ်သိန်းဆိုတော့. . ."

www.burmeseclassic.com


အဲဒီညက ကိုပီတိရဲ့အိပ်မက်ထဲမှာ တယ်ရီယာခွေးတွေ ရာနဲ့ချီပြီး ရောင်းရငွေတွေ အပုံလိုက်၊ အထပ်လိုက်ကြားမှာ မိသားစု သုံးယောက် တစ်ပျော်တစ်ပါးပြေးလွှားခုန်ပေါက်နေခိုက် နောက် ထပ် ခွေးအုပ်ကြီးက အလိုလို ဖြုန်းကနဲပေါ်လာ၊ ထပ်ပြီးရောင်း... ငွေတွေရ၊ ထပ်ဝယ်၊ ထပ်ပွား၊ ထပ်ရ အို...မေရီရယ်၊ မင့်အပေါ် အထင်သေးမိတာခွင့်လွှတ်ပါကွယ်...၊ မင်းဟာ... ကျုပ်တို့လူ ဆင်းရဲ သားမိသားစုကလေးအတွက် ကံကောင်းခြင်းလက်ဆောင်တွေ ချီယူလာခဲ့တဲ့ ခွေးအလိမ္မာလေးပါသမီးရယ်...ဆိုပြီး မေရီကို ဒူးထောက်တောင်းပန်နေတုန်း. . .

"သွားပါပြီတော့. . . အမျိုးပျက်ပါပြီ. . . ဒင်းလင်လို ချင်နေမှန်းသိလို့ အိမ်တံခါးတွေ အကုန်ပိတ်ထားတာ ဘယ်အပေါက်ကဘယ်လို လစ်ထွက်သွားတယ်မသိဘူး. . .

ကုန်ပြီ. . . ကုန်ပြီ ငါ့ငွေတွေရေစုန်မျှောလိုက်ရပြီ၊ ဒီလမ်းဘေး ခွေးဝဲစားနဲ့နှင်နဲ့တန်သလားဟဲ့. . . သတ်ပြီးရောင်းလို့တောင် တစ်ထောင်မတန်တဲ့သတ္တဝါကိုတော်. . ."

ကိုပီတိ စောင်ခြုံထဲက ထမယ်အလုပ်၊ ဆီးဖိန်ကဖအေကို ဖက်ထားရင်း

"ဖေကြီး. . . မသွားနဲ့. . . အဲဒါအမေ့ခွေးမနဲ့ ဟိုဘက်က ကျားဘိုနဲ့ မိသွားလို့ဆူနေတာ. . . အိပ်ချင်ဟန်ဆောင်နေ. . ."

"မင်းကဘယ်လိုလုပ်သိတာတုန်း. . ."

"ခုနသားရှူရှူပေါက်သွားတုန်းအိ. . . အီနဲ့လုပ်နေလို့ သားဖွင့် ပေးခဲ့တာ"

"ဟင် မင်းဘာပြုလို့ဖွင့်ပေးလိုက်တာတုန်း"

"သားကို အမေကရိုက်တယ်၊ အဲဒီကျသားလဲ ဒိုက်စားချေ လိုက်တာပေါ့. . . ဒီခွေးရောက်ကတည်းက သားတို့အဖမှ ကောင်း


www.burmeseclassic.com

www.burmeseclassic.com


ကောင်းမစားရ မနေရ သားလဲခဏခဏ ရိုက်ခံရဆိုတော့. . .

ကိုပီတိ သူ့သား စကားလုံးတွေကို ဆက်မကြားနိုင်တော့ပါဘူး. . . ဖြတ်လမ်းကနေ ငွေကို အလွယ်တကူလိုချင်လို့ မကျွမ်းကျင်တဲ့ စီးပွားရေးကိုလုပ်ရာက အဖတ်ဆည်မရတဲ့အရှုံးလောဘဇောခိုက်ပြီး လူစင်စစ်က ခွေးရူးဖြစ်သွားတဲ့မဒမ်ပီတိရဲ့ နာကျင်ကြေကွဲ ဆဲဆိုသံတွေက အင်နဲ့အားနဲ့ သူ့နားထဲကို တိုးဝှေ့ဝင်ရောက်လာ ကြလို့ပါဘဲ. . .

"သေချင်းဆိုးခွေးမ၊ အခုလိုဖြစ်ကုန်မှတော့ နင်ကမွေးတဲ့ မျိုးမစစ်တွေကို ငါးကျပ်တောင်ပေးဝယ်မယ့်သူမရှိတော့ဘူးဟဲ့. . . ထွီငါကတော့နင့်ကိုအထင်ကြီးလိုက်ရတာ. . . အဖိုးနဲ့အဖွားက ဂျာမန်စစ်စစ်. . . နင့်အဖိုးကဟစ်တလာရဲ့ မော်တော်ကားဘီးကို သေးနဲ့ပန်းဖူးသတဲ့၊ ဂျာမန်မူးမတ်ကြီးများဟာနင်တို့ အမျိုးအနွယ်တွေကို သံကြိုးနဲ့ဆွဲပြီး လမ်းလျှောက်ရတာကိုက ဂုဏ်တစ်ခုတဲ့ ဒုတိယကမ္ဘာစစ်ရှုံးတော့. . . ဝင်စတန်ချာချီ သိမ်းယူတဲ့ထဲမှာ အဲဒီနှစ်ကောင်ပါသွားရာက အင်္ဂလန်မှာမျိုးပွားလာရသတဲ့၊ နင်တို့ကိုယ်ရေးရာဇဝင်ကို အင်တာနက် လှမ်းမေးပြီးမှ ရောင်းတာပါတဲ့. . . ထွီ. . . ဒီသတင်းသာအင်တာနက်ကိုပို့လိုက်ရင်. . . ဟဲ့သွား. . သွား. . ငါ့ပိုက်ဆံတွေ ဖြုန်းပစ်တဲ့ဟာမ. . ."

ချစ်စံရာ



www.burmeseclassic.com

www.burmeseclassic.com

# ❐ ကိုပီတိနှင့် ပီတိသစ်

(၁)

"မယုံကြည်ရင်နေ၊ မစော်ကားနဲ့၊ သိပ်အသိခက်၊ သိပ်လျှို့ဝှက်တဲ့ လောက၊ ကောင်းကျိုးသာ နှောင့်နှေးရင် နှောင့်နှေးမယ်၊ ဆိုးကျိုးကတော့ ဒင်းခနဲနေအောင် ပေးလိုက်တာ"

ဘုရား. . . ဘုရား. . . ဘာများပါလိမ့်၊ ပွဲကြည်. . . စွဲကြည်၊ ကြေအပ်မစည်ရာ ဘာရည်ရွယ်ချက်နဲ့ ဘယ်လိုပုဂ္ဂိုလ်ကိုများ အိမ်ပေါ် ပင့်လာပါလိမ့်၊

ခွေးကတက်ကနေ အသာလှမ်းကြည့်လိုက်တော့ ပိန်ပါးပါး၊ ချက်နှာရှည်ရှည်နဲ့၊ ဘီးဆံထုံးကြီး ထိပ်တည့်တည့်ထုံးလို့၊ ဆံထုံးမှာ နှင်းဆီပန်း နီရဲရဲကြီးပန်ထားတဲ့ အသက်ငါးဆယ်အရွယ်မိန်းမကြီးတို့ တွေ့လိုက်တယ်။

သူ့ရှေ့မှာ ဒူးလေးတုပ်၊ ပခုံးလေးချ၊ ခေါင်းလေးငုံ့လို့ ရိုကျိုးစွာခံနေတဲ့ အသွင်နဲ့ မပွဲကြည်။

အဘွားကြီးသူ့ရှေ့ လင်ဗန်းထဲက ကွမ်းယာကို ကောက်ဝါးပြီး သွားနန်းကြိုးကို တုတ်နဲ့ရိုက်တဲ့ အသံမျိုးနဲ့ စကားဆက်တယ်။

"လူသည်းခံပေမယ့် ပုဂ္ဂိုလ်သည်းမခံဘူး သမီးရဲ့၊ ပုဂ္ဂိုလ်သည်းခံသော်ငြားလည်း နတ်ကသည်းမခံပြန်ဘူး၊ နတ်ကသည်းခံသော်ငြားလည်း ဓာတ်ကသည်းမခံပြန်ဘူး"

"ဩော်. . . အဆင့်ဆင့်သည်းမခံတမ်း ကစားနေကြတာကိုး"



www.burmeseclassic.com

www.burmeseclassic.com


"သည်းမခံတော့ဘာဖြစ်လဲတဲ့၊ ဝင်မယ့်လာဘ်ပိတ်ကရော၊ လာဘ်ပိတ်တော့ စီးပွားကျကရော၊ စီးပွားကျ တော့ စိတ်ထွေရော၊ စိတ်ထွေတော့ အိမ်ထောင်ရေးအက်ကြောင်း ထင်လာကရော၊ အိမ်ထောင်ရေး အက်ကြောင်းထင်တော့ လာဘ်ပိတ်ကရော၊ အရာရာဟာ စီးပွားရေးဝင်ရိုးပေါ်မှာ လည်ပတ်နေရတာ မဟုတ်လားကွယ့်"

"မှန်. . . မှန်လိုက်တာ အမေရယ်၊ သမီးတို့မှာ အဲလိုဖြစ်နေပါတယ်၊ ကယ်များ ကယ်နိုင်ရင်ဖြင့်. . ."

သွားပြီ၊ အဘွားကြီးရဲ့ လေစီးကြောင်းထဲမှာ ပွဲကြည်တစ္ရွတ်ဆွဲပြီး မျောပါသွားပြီ။

အူလှ အ,လှချည်လားဟား စီးပွားကျရအောင် နင်တောင်းစားနေရသလား။

သဘင်သည် ဝါတွင်းပွဲပါးတာ ဆယ့်သုံးနှစ်ပေါင်းလာတဲ့ အတွေ့အကြုံနဲ့ နင်မသိဘူးလားဟဲ့။

ပွဲကတဲ့ အတတ်တစ်ခုတည်းတတ်တဲ့၊ လူပြက်ကို ယူထားမှတော့ နှစ်စဉ်ဖြတ်သန်းရတဲ့ သည်ကြားကာလလေးကိုတော့ နင်နားလည်ပါးနပ်စွာ ရင်ဆိုင်ရမှာပေါ့။ ကိုပီတိအသာရပ်ပြီး နားစွင့်လိုက်တယ်။

"ဘာနေ့သမီးတုံး"

"တနင်္လာပါ အမေ၊ အိမ်ထောင်ဦးစီး ကျွန်မခင်ပွန်းက အင်္ဂါသားပါ"

"အင်္ဂါ. . . အင်္ဂါ . . . အင်း. . . ဟုတ်ပြီ. . . ဟုတ်ပြီ၊ ဩော် ဒီလိုလား၊ အင်း. . . အင်း. . . ဩော်. . . ဟော်. . . ဟော်. . ."

မိန်းမကြီးမျက်စိစုံမှိတ်ပြီးပြုံးလိုက်၊ ရယ်လိုက်၊ ဇွေသိလိုက်၊ မဲ့လိုက်၊ အမူအရာစုံနဲ့ အာမေဋိတ်မျိုးစုံရွတ်နေတယ်၊ ခေါင်းခါလိုက်


www.burmeseclassic.com

www.burmeseclassic.com


ခေါင်းညိတ်လိုက်ကလည်း ခဏခဏ၊ ပြီးမှ မျက်လုံးကြောင်ကြီးတွေနဲ့ မပွဲကြည်ကို စိုက်ကြည့်ပြီး. . .

"အင်္ဂါသား၊ လူမိုက်၊ ယောက်ျားပီပီ ကတိမတည်တဲ့အကောင်၊ လူလူချင်းမပြောနဲ့၊ နတ်တောင် လှည့်ဖြားတယ်၊ ရိုးရာလဲမေ့တယ်၊ ဒါကြောင့် ဒဏ်ခတ်ထားတာဟဲ့"

ကြာရင် ငါလိမ်ထားတာတွေ ပေါ်တော့မှာဘဲ။

အခြေအနေကောင်းတုန်း လူယောင်ဝင်ပြမှ။

ကိုပီတိ လှစ်ခနဲ လှမ်းဝင်လိုက်ရင်း. . .

"အဟမ်း. . ."

"လာစမ်းဟေ့. . . ညီဘွား၊ ယောက်ျားပဲကွာ. . . ဘာပြုလို့ ကတိပေးပြီး မဆောင်ရွက်ရတာလဲဟ"

"ကျွန်တော်မှားပါတယ် အမေရယ်"

"ဟိတ်. . . မင်းနဲ့ စကားပြောနေတာ ပခန်းကွ. . ပခန်း"

လေကြဲစီးချလိုက်မှ . လေလမ်းကြောင်းမှားနေရသေးကွာ. . .

"ဟုတ်. . ဟုတ်ကဲ့. . . အစ်ကိုကြီး၊ ကျွန်တော် မှားပါတယ်"

မပွဲကြည်မျက်စောင်းရောက်မလာခင် အချိန်မီဝန်ခံလိုက်ရတယ်၊

"အေး. . . သောက်ပွဲကျင်းပရမယ်ကွ၊ ကြက်ဖိုကြက်မနဲ့ အနီတစ်လုံး၊ အုန်းငှက်ပျောစုံ ကန်တော့ပွဲပေးဟေ့"

ဟား. . . အနည်းဆုံးထောင်ဂဏန်းကပ်သွားပါပေါ့လား။

ချွေးစေးတွေပြန်လာပြီးကတုန်ကယင်ဖြစ်လာတဲ့ ကိုပီတိကို အကဲခတ်ရင်း. . .

"အောင်မာ. . . မင်းတောင် ငွေလာပါပကောလား၊ ပဌာန်းဆက်ရှိသဟေ့၊ မင်းကို စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေကို ပြစမ်းမယ်၊ မျက်စိမှိတ်ထားစမ်း. . . ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com


ကယောင်ကတမ်းနဲ့ မျက်စိမှိတ်လိုက်တဲ့ ကိုပီတိ နဖူးကိုလက်နဲ့ ထိပြီး တွတ်တွတ် တွတ်တွတ် ရွတ်နေရင်းက. . .

"ဘာမြင်သလဲဟေ့. . . ညီဘွား"

"သိုက်ကို မြင်နေရပါပြီ ခင်ဗျ"

"ဘုရားသိုက်လား၊ သိကြားသိုက်လား၊ ဥစ္စာသိုက်လားကွ"

"ဘီအီးဒီအောင်သိုက်ပါခင်ဗျ. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး"

(၂)

"တော်ကသာ ပြောင်စရာလှောင်စရာတွေလုပ်နေ၊ အမေက သူတို့လောကမှာ နာမည်တစ်လုံးနဲ့နေတာ သိရဲ့လား၊ မာတ်ပိုင်၊ နတ်ပိုင်၊ သိဒ္ဓိမြိုင်ဆိုရင် နတ်ကတော်တိုင်း လေးစားရတာ၊ တောင်ပြုန်းနဲ့ ရတနာ့ဂူနှစ်ပွဲလိုက်သွားတာမှာ ကျုပ်အကုန်သိခဲ့ရတာပဲ၊ ကနားစီး၊ နတ်ထိန်းမှန်သမျှ အမေမြိုင့်တပည့်သားမြေးတွေချည့်"

မပွဲကြည် စကားကိုရပ်ပြီး ကန်တော့ပွဲ ဆက်ပြင်တယ်။ ကိုပီတိ ရေဆေးထားတဲ့ ဘီလပ်ရည်ပုလင်းတွေလှမ်းပေးရင်း

"ငါကလဲလှောင်တာမဟုတ်ပါဘူးဟာ၊ ကြောက်ကြောက်နဲ့ ကိုးရိုးကားရားတွေဖြစ်ကုန်တာပါ၊ နောက် ဒီလိုမဖြစ်အောင် ငါဆင်ခြင်ပါ့မယ်ဟာ"

လေပျော့ကလေးနဲ့ တောင်းပန်ရင်း မပွဲကြည်မျက်နှာကို လှမ်းကြည့်လိုက်တယ်။

မဆန့်ကျင်နဲ့ပီတိ၊ ထိပ်တိုက်ရင်ဆိုင်မတွေ့မိစေနဲ့၊ မင်းအပြော အဆို အနေအထိုင်တွေ ပြုပြင်ထား၊ ပွဲမရှိတဲ့ကာလမှာသူဟာ ယာယီအိမ်ထောင်ဦးစီးဖြစ်သွားပြီ။

ဆရာ့ဂုဏ်ရည် သိဒ္ဓိကြည်ဆိုတဲ့ နာမည်တစ်လုံးနဲ့ နတ်လောက


www.burmeseclassic.com

www.burmeseclassic.com

မှာ တောက်ကြွားစပြုလာတဲ့ သူဝင်ငွေကို မင်းမှီခိုနေရတုန်း ဘာ အမှုပွေလာ ပွေလာ ရှိုးရာနှောက်ထားတာဟော့. . . ဆိုတဲ့ ဘော ချက် တစ်ခုတည်းနဲ့ ဖလားထဲမှာ ကန်တော့ကြေး. . . ရေစင်ဖိုး တွေ လျှံလျှံလာပြီး မင်းတို့ ထမင်းအိုးဟင်းအိုးတွေဆီ စီးကျနေတာ နေ့ဘ်။

"သဘင်သည်ကဖြစ်တဲ့ နတ်ကတော်ဆိုတော့ ငွေတောင်းတဲ့ နေရာမှာ ခားပြကအမေခေါ်လောက်ပါရဲ့ကွာ"

"အပြောကလဲ မိုက်ပေတယ်၊ မင်းမျှား သင်ပေးထားတာလား"

သူသူငယ်ချင်းတွေ အိမ်လာလည်တုန်း မပွဲကြည်အလုပ်လုပ် နေတာကြည့်ပြီး ဝေဖန်သွားကြသံတွေကို ကြားယောင်နေ ပြန်တယ်။

BURMESE CLASSIC

တကယ်တော့ မပွဲကြည်ကိုယ်တိုင်က သည်ခွင်ထဲမှာ ကိုပီတိ အဝင်မခံပါဘူး။

အစခပ်သိမ်း အမေမြိုင်ရဲ့သွန်သင်ချက်တွေချည့်ပါ။

"ညည်းဒီအလုပ်ကို လုပ်စားတော့မယ်ဆိုရင် အဟောအပြော ကို ခွဲခြားနားလည်ရမယ်၊ အဟောဆိုတာ ဖြစ်ပျက်လာတဲ့ကိစ္စ၊ ဖြစ်နေဆဲကိစ္စနဲ့ဖြစ်ပြီးသားကိစ္စကို တိုက်ဆိုင်သွားလို့ ဟုတ်နေရင် ယုံကြည်မယ်၊ ဖြစ်လာမယ့်ကိစ္စကတော့ ထားပါတော့၊ အေး. . . အဲဒီ ဟောချက်တွေကို ဖုံးနိုင်၊ ကာနိုင် မှန်နိုင်အောင် ထောက်ကူ ပေးတာအပြောပဲ၊ ဟောချက်နဲ့ပြောကွက်ကို မျှမျှတတသုံးတတ် ရမယ်အေ့၊ နတ်ကိုချည့်အားမကိုးနဲ့၊ လူကလဲ လုံးပန်းတတ်ရ သေးတယ်၊ တို့ဆီကို အမေးလာတယ်ဆိုရင် ဆယ်ယောက်မှာ ရှစ် ယောက်က မိန်းမဘဲ၊ ယောကျ်ားဆိုတာက မိန်းမနဲ့နွယ်မှ ပါလာတတ်တာမျိုး၊ ဒီနေရာမယ် လူကဲကလဲ ခတ်တတ်ဦးမှ၊ လက်အုပ်ကြီးချီပြီး တုန်ပြနေရုံနဲ့ အထင်မကြီးလောက်သေးဘူး၊


www.burmeseclassic.com

လာတဲ့မိန်းမဟာ စီးပွားပျက်လား၊ အိမ်ထောင်ပျက်လား ခွဲခြားတတ်ရတယ်၊ ငွေပူနဲ့ လင်ပူကလွဲရင် ဘယ်မိန်းမမှ ဗေဒင် တို့ နတ်တို့ဆီကိုမလာဘူး၊ မှတ်ထား မိပွဲကြည် စီးပွားကျတဲ့ မိန်းမက နတ်မေးလာရင် အခြယ်အသ၊ အဝတ်အစား ဆင်ဆင်ပြင်ပြင်ရှိ တတ်ပေမယ့် ရည်းစားပူ အိမ်ထောင်ပူကျတော့ အခြယ်အသကို မရှိတော့ဘူး၊ ဖရိုဖရဲဖြစ်ကတတ်ဆန်းပဲ၊ ဒီနေရာမယ် အကြီးပူ အငယ်ပူဆိုတာ ရှိလာပြန်ရော၊ ဟဲ. . . သေနာမ ရယ်မနေနဲ့၊ ငါ အကောင်းပြောတာ၊ ဒါမျိုးတွေ ညည်းတစ်ချိန်မတွေ့ တစ်ချိန်တွေ့ ရမှာ၊ ဥစ္စာပျောက်လောက်ကတော့ အို. . . ကြင်ရာဥဒကော၊ ကြာကန်သုဝနေ လက်ါလေးကျက်ပြီးချိန်ဆဟောပေါ့အေရယ်. . အာဝဇ္ဇန်းတော့ မြိုင်နေ ဝေနေအောင် ကျင့်ပေတော့ မခြော၊ ကိုင်း. . . မောလှသအေ. . . ဘိလပ်ရည်လေးတစ်လုံးဖောက်စမ်း"

အဲသလို လက်ထပ်သင်ကြားပေးတဲ့ကျေးဇူး၊ အပူသယ်ကို ခေါ်လာတတ်တဲ့ကျေးဇူး၊ နှစ်လပြတ်နတ်ကတော်အတတ်သင် ပညာပေးကျေးဇူးတွေကို တစ်လတစ်ကြိမ်လောက်တော့ မှန်မှန် ဆပ်နိုင်ခဲ့သလို ကိုပီတီလည်း လူရှင်တော်စင်စစ်က နတ်စုခံ၊ နတ် အစေအပါးဖြစ်မှန်းမသိဖြစ်လာရတော့တာပါပဲ၊ အုန်းငှက်ပျော အစ ပန်းဖယောင်းတိုင်၊ အမွှေးတိုင်အဆုံး နတ်ဝေယျာဝစ္စတွေ ဆောင်ရွက်လာရပါတော့တယ်။

ကတော်သက်ကလေး နည်းနည်းရလာတဲ့ မပွဲကြည်ဟာလည်း စီးကရက်ကလေးတမြမြ၊ ကွမ်းကလေးတမြုံ့မြုံ့နဲ့ သနပ်ခါးပါးကွက် နဲ့ ခန့်ညားချင်တိုင်းခန့်ညားနေပါပြီ၊ ကိုပီတီကတော့ သူချစ်ဇနီး ကတော်လားမြောက်လာတဲ့ အလှအပကိုကြည့်ရင်း. . .

"အင်း. . . ဆိုက္ကားစီးပြီး ညခရီးထွက်ဖို့ ကောင်းနေပြီ"လို့ မကြားတကြား ချီးမွမ်းလေ့ရှိတယ်။



www.burmeseclassic.com

"ဟိုဘက်ရပ်ကွက်ထဲက ဖိုးတေတို့များ ခုနစ်ပွဲရေစင်သောက်ပြီး ကနားစီးလုပ်နေလိုက်တာ၊ ပိုက်ဆံကို တင်းကျမ်းပဲတဲ့၊ ကနား မရှိတဲ့အချိန် ဆိုက္ကားနင်းတဲ့၊ တော်လဲ ပွဲအားတုန်း အဲဒီလိုမျိုး. . ."

"တော်စမ်းပါဟာ. . . ငါ့ဟာငါ နေစမ်းပါရစေ၊ ဘယ့်နှယ် လူပြက်ကနေ မာမီဖြစ်အောင် စည်းရုံးနေရတာလဲ"

"ကျုပ်က စေတနာနဲ့ ပြောတဲ့ဥစ္စာ၊ မလုပ်ချင်လဲနေပေါ့"

"မလုပ်ချင်လို့ ပြောတာမဟုတ်ဘူးဟ၊ ငါ့ဥပမိနဲ့ အဲဒီအဝတ်အစားတွေနဲ့လိုက်ဖက်၏။ မလိုက်ဖက်၏။ ဝေဖန်ကြည့်ဦး၊ အခုတောင် ငါ့လူတွေက ကဲ့ရဲ့ကုန်ကြပြီ၊ ရေစင်ဖိုးနဲ့ အသက်ရှင်နေရတာပါတို့၊ ဒုက္ခသည်ရှိသရွေ့ ထမင်းမရှားပါဘူးတို့၊ နားကို လျှံနေပြီ"

"အို. . . ကိုယ့်ပညာနဲ့ ကိုယ်ရှာစားတာ ဘာဖြစ်လဲ"

"မတရားလို့ပေါ့၊ ရေစင်ဖိုး ငါးမတ်သာကြားဖူးပါတယ်၊ နှင့်လက်ထက်ကျမှ သုံးဆယ့်ခုနစ်မင်းမို့ သုံးဆယ့်ခုနစ်ကျပ်ဆက်ရတယ်လို့ နှစ်ဆယ်တန်ပစ္စည်းပျောက်လို့ လာမေးရင်တောင် ဆယ့်ခုနစ်ကျပ်ရှုံးနေပြီ"

"အမေပွဲ. . . အမေပွဲ"

တိုက်ပွဲအခြေအနေ တင်းမာစမှာ အမောတကာခေါ်ရင်း အိမ်ပေါ်ကို ပြေးတက်လာတဲ့စန်းရီကို တွေ့လိုက်ရတာကြောင့် တုန့်ပြန်လုဆဲဆဲ မပွဲကြည် ပါးစပ်အဟောင်းသားနဲ့ ငေါင်ငေါင်ကြီးဖြစ်နေတယ်၊

"အမေပွဲ. . . ဟိုဘက်လမ်းထဲက အစ်မကြီးနှစ်ယောက် မြေရောင်းချင်လို့ မေးပေးပါဆိုတာနဲ့ ခေါ်လာခဲ့တယ်"

မပွဲကြည်ရဲ့ မျက်လုံးတွေဟာ သားကောင်ကိုမြင်တဲ့ကျားသစ်ကောင်ရဲ့ အသွင်ဖြစ်သွားပြီး. . .



www.burmeseclassic.com

"ခေါ်လိုက်လေစန်းရီ. . . ကူညီရတာပေါ့"

မရွှေးမနှောင်းပဲ အိမ်ပေါ်ကို အသားဖြူဖြူဝဝ မျက်နှာအစ်ဖောင်းဖောင်း နှုတ်ခမ်းထူတွဲတွဲ မိန်းမကြီးနှစ်ယောက်တက်လာတယ်။

"သူကဒေါ်ကျင်၊ သူက ဒေါ်လွမ်းလေ၊ သူတို့ဝင်းကနှစ်ဝင်းတွဲ၊ အဲဒါရောင်းချင်တာ၊ ထိုင်းနေလို့ အမေပွဲရဲ့"

မပွဲကြည် ဖယောင်းတိုင်တွေ မီးညှိရာက နောက်လှည့်မကြည့်ဘဲ. . .

"သိန်းနှစ်ဆယ်စီ ရချင်တာမဟုတ်လား"

မိန်းမကြီးနှစ်ယောက် ယိမ်းကလိုက်သလို မျက်နှာချင်းဆိုင်သွားတယ်။ ဒေါ်ကျင်ဆိုတဲ့ ဖြူအစ်အစ်ကြီးက မျက်ခွံဖောင်းဖောင်းကြီးတွေပိတ်သွားအောင် ပြုံးဖြဲဖြဲလုပ်ရင်း. . .

"ဟုတ်ပါလယ်စင့်. . . အဲလာ. . . မြန်မြန်လေး"

မပွဲကြည်ခေါင်းညိတ်ပြီး လက်အုပ်ချီ၊ ပါးစပ်ကတိုးတိုးရွတ်၊ လက်အုပ်နဲ့ ဖြောင်းဖြောင်းမြည်အောင်ရိုက်၊ ခေါင်းတွေတုန်၊ မျက်စိစုံမှိတ်ထားရင်း. . .

"ဟား. . . ဟား. . . ဟား ခလုတ်ထိမှ အမိတ၊ ပုတ်ထဲကမားမကထပွဲ့မှ ကယ်တင်ရှင်ကိုတမ်းတ၊ နင်တို့ဘာကတိပျက်ထားသလဲ၊ ဘာကတိတွေပေးထားသလဲ၊ ဟေ့. . . စားဖို့မရှိ လျှော်စို့တော့ရှိရမယ်"

မိန်းမကြီးနှစ်ယောက် ထိတ်ထိတ်လန့်လန့်ဖြစ်လာတယ်။ ခဏစဉ်းစားပြီးမှ. . .

"တောင်ပြုံးမှာ ဝတ်လဲသော် စက်ပါ့မယ်ဆိုလာ"

မပွဲကြည်က လက်ကာပြတယ်။

ခေါင်းညိတ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ. . .

"အဲဒါလုပ်လိုက်၊ ဟောဒီအစွဲရှင်ရဲ့ နေအိမ်နန်းမှာဆက်စမ်း၊ ပြီးတော့ သောက်ပွဲကျင်းစမ်း၊ နင်တို့ အရောင်းအဝယ်ကို သုံးလ သုံးရက်အတွင်း အောင်မြင်ရင် သုံးရက်ကနားပေးရမယ်၊ ကတိပေး မလွယ်နဲ့နော်၊ စဉ်းစားပြီးမှ ဖြေ၊ ပွဲဦးမင်းကြီးကွ၊ ပခန်းကျော် ကြားဖူးတယ်မဟုတ်လား၊ နင်တို့ နဲ့ငါနဲ့လောင်းမယ်၊ နင်တို့က သိန်းဂဏန်းဆယ်ချီရချင်တာဆိုတော့ ကန်စွန်းရွက်နဲ့လဲရင် ဆန်ကွဲပဲရမှာ ရွှေနဲ့သွားမှ ပတ္တမြားပိုင်တော့ မှာပေါ့၊ ကိုင်း. . . ရေစင်ဖိုး သုံးထောင့်ခုနစ်ရာနဲ့တစ်မတ်စီ ဆက်စမ်း"

ကိုပီတိမျက်လုံးတွေပြာသွားပြီး ရင်တွေတလှပ်လှပ်ခုန်လာ တယ်။

ရက်စက်လှချည်လား၊

နွှာလှချည်လား၊

သူ့စိုးရိမ်စိတ် အမှိုက်သရိုက်တွေဟာ မိန်းမကြီးနှစ်ယောက် အပြိုင် ထုတ်ပေးလိုက်တဲ့ ငွေစက္ကူအထပ်လိုက်တွေအောက်မှာ ပြားပြားဝပ်သွားပြီး ဝတ်လဲတော်ဖိုး၊ ရေစင်ဖိုး၊ သောက်ပွဲ၊ ကန်တော့ ပွဲဖိုး မပွဲကြည်ရှေ့မှာ အထပ်လိုက် အထပ်လိုက်၊ ငွေစက္ကူတွေ။

"သုံးလ၊ သုံးရက်နော် မှတ်သွား၊ ပါငွေရတဲ့တရား၊ ဇာတိပြတဲ့ စကားကွ၊ များများပေးဖို့ နည်းနည်းပြောမယ်၊ နင်တို့ရိုးရာကို ကန်တော့ပူဇော်ပါ၊ မေတ္တာပို့ပါ၊ လိုချင်လို့ ပေးရဲတဲ့နင်တို့သတ္တိ တော့ ယုံပြီ၊ ငါ့ဘက်ကလဲ စောင့်သာကြည့်ကြပေတော့၊ ဝါး. . . ဟား. . . ဟား"

တုန်တုန်ယင်ယင်နဲ့ ကိုကြီးကျော် ထွက်သွားပြီး မပွဲကြည်မျက် နှာကို လက်ကိုင်ပဝါနဲ့ပွတ်ရင်း အံ့ဩသွားတဲ့မျက်နှာနဲ့. .

"ဟယ်. . ပိုက်ဆံတွေအများကြီး ဘာလုပ်ကြတာလဲ"


www.burmeseclassic.com

"ဦးမီးကျော် စက်ပေးပါ၊ ဝတ်လဲတော်စက်ပေးပါ၊ ဒါက မမပွဲ အတွက် သတ်သတ်ကန်တော့တာပါ"

ဟား. . . ထပ်ပေးပြန်ပြီဟေ့၊ အမေပွဲတို့ ရွှေ ငွေ ဝဲဂယက်ထဲ ကျနေပါပေါ့လား။

ရက်ရောလိုက်ကြတာ။

ပိုက်ဆံတွေများကောက်ရနေသလိုပါပဲ။

ခဏ အလာပသလ္လာပစကားပြောပြီး စန်းရီနဲ့ မိန်းမကြီး နှစ်ယောက်ပြန်သွားတယ်။

မပွဲကြည် ငွေစက္ကူအထပ်လိုက်တွေကို သိမ်းရင်း. . .

"တောက်. . . တောင်းလိုက်တာ နည်းတောင်သွားပြီ"

"ဟ. . . ငါ့စိတ်ထဲမှာ မျှားလွန်းလို့ အားတောင် နာနေတာ"

"အို. . . ဘာအားနာရမလဲ၊ သူတို့ ဧပါချောင်ကောင်းဈေးနဲ့ မြေကွက်တွေကိုနှိမ်ဝယ်၊ ဆယ့်လေးငါးဆတင်ရောင်း၊ ဒီလိုလုပ်စား နေကြတာ၊ အခုလဲ ဟိုဘက်လမ်းထဲက ကိုဘဌေးတို့မြေကို ငါးသိန်း စီနဲ့ဝယ်ပြီး ပြန်ရောင်းနေတာတော့၊ ကိုဘဌေးတို့ကတော့ မြို့သစ် ရွှေ့သွားပြီလေ၊ ဒါကြောင့် အကွက်ဆိုက်တုန်း ဖိတွယ်လိုက်ရတာ"

"ဟင်. . ."

"မဟင်နဲ့ ကိုပီတိ၊ စီးပွားရေးချင်းတော့ ဘယ်လိုမှပြိုင်လို့ရမှာ မဟုတ်တော့ဘူး၊ ဒီတော့ ကိုယ့်နည်းနဲ့ကိုယ်ပြန်ပြီးဖဲ့ရ လုယူရတော့ တာပဲ၊ ထောင်မြင်၊ ရာစွန့်လောဘသမားတွေမြင်တယ်မဟုတ်လား၊ ဈေးတောင်မဆစ်ဘူး၊ တောင်းသလောက် ပက်ခနဲ၊ ပက်ခနဲပဲ"

"ဟ. . . အဲဒါပခန်းဦးမင်းကျော်က တောင်းတာမဟုတ်ဘူး လား၊ ငါကတော့ အဟုတ်မှတ်. . ."

စကားတွေတစ်ဝက်တစ်ပျက်နဲ့ရပ်သွားတယ်။

မပွဲကြည်မျက်စောင်းထိုးလိုက်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားနဲ့ သူ့လုပ်ရပ်တွေကြောင့် မပွဲကြည်ရဲ့မျက်စောင်းဟာ ကိုပီတိရင်ထဲမှာ ပီတိသစ်ကလေးတစ်ခု ဂယက်ထချမ်းမြေ့သွားစေတာတော့ အမှန်ပါပဲ။

ချစ်ဦးရာ


www.burmeseclassic.com

www.burmeseclassic.com

## ❒ ကိုပီတီနှင့် ဆုံးဖြတ်ချက်သစ်

ချောင်းရေပြင်တစ်ခုလုံး မီးဟုန်းဟုန်းတောက်နေသည့် သစ်စ၊ ဝါးစ ကြိမ်မျှင်ကြိမ်နွယ်များအထွေးထွေး အယှက်ယှက်၊ ထိုင်ရွဲ့ချည်နဲ့စွာ တွန်းထိုး မျောပါရင်း လောင်ကျွမ်းနေဆဲ. . .။ ဖြတ်သန်းတိုက်ခတ်လာသည့် လေပူ၌ပင် ပြာနံ့မီးလောင်ညှော် နံ့တို့ကို လူးဆွတ်လိမ်းကျံလျက်သား ရှူရှိုက်ရဆဲ. . .။ နောက်ကျန်အတိတ်မှန်သမျှတို့ကို ခေါင်းမငဲ့၊ ဦးမလှည့်စတမ်း၊ ကျောခိုင်း၍ ရင်ဆိုင်ပစ္စက္ခကို ပြတ်သားစွာ၊ ရဲဝံ့စွာ အနိုင်ယူအောင်ပွဲခံရေး၊ ကူးခတ်ဖြတ်သန်းခဲ့ရာ ထိုမှာဘက်ကမ်းကို မီးတောက်မီးစွယ်တွေ ယိမ်းနွဲ့လှုပ်ခတ်နေသည့် ကြားမှ ဝေဝါးစွာ မြင်နေသည်။ ကြွင်သူသက်ထား သားသမီးတို့သည်လည်း ဟိုမှာဘက်ကမ်းမှ မီးကန့်လန့်ကား ခြားခဲ့ရပြီ။ သည်မှာဘက်၌ အောင်ပွဲမဆင်နိုင်လျှင်. . . အောင်ပွဲမဆင်နိုင်လျှင်. . . ဟိန်းစီလွင်မြ စစ်မောင်းသံတစ်ချက် ကြားလိုက်ရ၏။ လေးပင်တွဲဆိုင်းသော အတွေးမှန်သမျှ ပြတ်တောက်ရှိခွာကုန်သည်။ အမြင်အသိကိုယ်စီနှင့် တီးတိုးပြောဆိုနေသည့် အိုးစားရဲမက်အကြွပ် ဗိုလ်မင်းများစွာတို့၏ ဖြောဖြောဖြောက်ဖြောက် စကားမိုးပေါက်သံတွေကြားမှာ မိုးကြိုး တစ်ချက်ကျသည်။

တောနှင်းဆီရိုင်းတစ်ပွင့်နှယ် နွဲ့မယောင်နှင့်မာဆတ်ပြတ်သားသည့် အသွင်လျာကို ဧေးမောရှိကျိုးရင်းတက်ကြွခက်မာသည့်



www.burmeseclassic.com

www.burmeseclassic.com

အမိန့်သံကို ကြက်သီးဖြန်းဖြန်းထသည့်တိုင် နာခံ စူးစိုက်နေကြမိသည်။ လက်ကိုယ်စီကလည်း ဓားရိုးကိုယ်စီကို ကျစ်ကျစ်တင်းတင်း ဆုပ်ကာ မျက်လုံးကိုယ်စီကလည်း ရန်သူရှိရာသို့ အကြောက်မဲ့ အကြည့်ကိုယ်စီဖြင့် လေပြင်းတဝှေ့၌ ပြာမှုန်တွေ ထဲခနဲ ဝဲကျလာသည်။ နောက်ကြောင်းမရှိပြီဆိုသည့် သတိပေးချက်. . .၊ သေခြင်းတရားသည် ဓားတစ်ကမ်းအကွာမှာ ရှိနေပြီ၊ သေခြင်းတရားကို အစိတ်စိတ်အမွှာအမွှာ ဖွာရရာကြဲအောင် ခုတ်ပိုင်းခြေမှုန်းခြင်းပြုနိုင်ပါမှ ရှင်သန်ခြင်းသည် ကိုယ်တွင်းမှ မြဲမြဲပေတော့မည်။

ဒုတိယမောင်းသံကို ကြားရပြန်သည်။ တပ်မင်း၏မိန့်ခွန်းပြီးဆုံးသွားပြီဆိုသည့်သဘော. . .။ သံစဉ်မပြောင်းသော်လည်းအသိအတွေးတွေပြောင်းသွားပြီ။ ဖျိုးဖျိုးဖျတ်ဖျတ် ကိုယ်ကျပ်တန်ဆာတွေ ပြင်သူပြင်၊ အဲမောင်းကို ဆသူတွေဆ၊ လေးညို့ကို စမ်းသူစမ်းနှင့် မွန်းတည့်နေရောင် စူးစူးလက်လက်မှာ ဓားသွားလှံသွား ရောင်ပြန်တွေပြိုးပြက်နေပြီ။ ဇာတိသွေးတွေလည်း ဆူဝေနေပြီ၊ ပြင်းထန်သည့်ဝင်သက်ထွက်သက် ရှူရှိုက်သံတွေကို ချောင်းရေစီးလှိုင်းခတ်သံတို့ ဒူးထောက်အရှုံးပေးရပြီ၊ မလှမ်းမကမ်း သစ်ရိပ်အောက်၌ တပ်မင်းနှင့် အကြီးအကဲ တစ်စုတို့ စစ်နေစစ်ခင်း ဗျူဟာကျင်းနေပြီ။ အရိပ်အခြည်လျှဉ်ပါးပြီး ဗိုလ်မင်းအကြပ်တို့ကလည်း ဦးညွတ်နာခံရင်း လက်အောက်ငယ်သားအစုတို့ကို ရှင်းလင်းခန့်ခွဲဖို့ တွေးနေကြပြီ။

တတိယမြောက်မောင်းသံမှာ ကြက်လျှာအလံတွေလွှားခနဲ ထူလိုက်ကြသည်။ စစ်နေစစ်ထားကို ရှင်းပြကြသည်။ စစ်မြူးဆော်သွားကို တိုတောင်းပြတ်သားစွာ ညွှန်ကြားကြသည်။ပြီးနောက်အတွေ့အကြုံရင့်တိုက်ပွဲဝင် ခြေလှမ်းများက ပေါ့ပါးစွာဖြင့်. . .။ ရန်သူ


www.burmeseclassic.com

www.burmeseclassic.com

နယ်မြေသို့ ချဉ်းနင်းဝင်ရောက်ကုန်သည်။ မီးခိုးနံ့သင်းသောလေပြေကို ရှိုက်သွင်းလိုက်ပြီး ချောင်းရေပြင်ညစ်ထေးထေးကို လှည့်ကြည့်ကာ တီးတိုးမှာကြားလိုက်သည်။

"နေရစ်ခဲ့ပေဦးတော့ နောင်ရိုးရေ. . . "

📖 📖 📖

"ကိုင်း. . . ကျုပ်ပြောချင်တာကတော့ အဲဒါပဲ၊ ခင်ဗျားတို့လည်း နားလည်သဘောပေါက်ပြီးသားတွေဆိုတော့. . . ဘာမှလဲ ထပ်ပြီး အပို မပြောချင်တော့ဘူး။ ဒီအငြိမ့်ထောင်ဟာ ခင်ဗျားတို့လို လူရွှင်တော်တွေကို အိတ်ထောင်ထဲထည့်ထားပြီး လူပါးဝနေတယ်လို့ ကျုပ်မြင်တယ်။ ခင်ဗျားတို့ ရှိနေသ၍ ပွဲမရှားဘူး၊ ခင်ဗျားတို့မိတ်၊ ခင်ဗျားတို့နာမည်၊ ခင်ဗျားတို့အရှိန်တွေကို ကြံရည်ဖွဲ့သလို နောက်ဆုံးတစ်စက်ထိအောင်ညှစ်ထုတ်အမြတ်ရှာသွားမှာပဲ"

ဩဝါဒကို ခဏရပ်ပြီး အာစရိဆေးလိပ်ကောက်ဖွာတယ်။ သူ့မျက်နှာပြင်မှာ ဒေါသမာနလှိုင်းရိပ်တွေဝေနေတုန်း တစ်ချက်တစ်ချက် တွန့်ကွေးသွားတဲ့မျက်ခုံးထူနှစ်ခုရဲ့ အလယ်မှာ အကြင်နာနဲ့ ညှာတာမှုမျဉ်းဖြောင်းတွေကို တွေ့နေရသလိုပဲ။ ကိုပီတိတို့ အငြိမ့်ရဲ့ ကဇာတ်ပြဇာတ်တွေကို ဦးဆောင်စီစဉ်ပေးနေတဲ့ ဆရာ၊ ခေတ်မီတိုးတက်တဲ့ပြက်လုံးခွင်တွေကို တီထွင်ရှာဖွေတတ်တဲ့ဆရာ၊ အမြဲရယ်စရာတွေသာ ပြောနေတတ်တဲ့ ဆရာ့နှုတ်ခမ်းနှစ်လွှာဟာ ခုတော့ ဒေါသစကားလုံးတွေသာ ဖြောင်းဖြောင်း ဖြင်းဖြင်း ခုန်ထွက်စီးဆင်းနေပါပကော. . .။

"စဉ်းလဲစဉ်းစားကြပေါ့ဗျာ၊ ကျွန်တော်ကတော့ အတင်း မစည်းရုံးချင်ဘူး၊ ပြီးတော့. . . . . ဒီကိစ္စက အငြိမ့်ကြီးပေါ် အငြိမ့်ကလေး


www.burmeseclassic.com

ထောင်တဲ့ ကိစ္စမျိုး၊ ကျွန်တော့်ဖက်ကတော့ နောက်မဆုတ် တော့ဘူး၊ ဆက်လက်ရင်ဆိုင်ဂေ ့ာ့မှာပဲ၊ နောင်ရိုးဖောင်ဖျက်တိုက် ပွဲ ပေါ့ဗျာ၊ ခု ကျွန်တော့်ကိုခေါ်ပြီး စကားပြောထားတဲ့ အဖွဲ့က လက်ရှိခင်ဗျားတို့အငြိမ့်ထောင်လောက် မချမ်းသာဘူး၊ ခင်ဗျားတို့ သုံးယောက်ကိုတောင်အိမ်ပေါင်ပြီးခေါ်ရမှာ၊ ဒီတော့ ခင်ဗျားတို့ သိထားဖို့က တစ်၊ အခွင့်အရေးပိုမရနိုင်ဘူး၊ နှစ်၊ အချိန်မရှိသေး တဲ့ အငြိမ့်အတွက် အလုပ်ပိုလုပ်ရမယ်၊ သုံး၊ အရာရာကိုယ့်ဘက် က အနစ်နာခံရမယ်၊ အဲဒီတော့ ငွေကိုဇန်းပြုပြီးကိုယ့်ဘဝကို ရောင်းစားတာခံကြမလား. . .၊ ကိုယ့်ခွန်အားနဲ့ ထိုက်တန်တဲ့ ညကြေးကို မြိန်မြိန်ရှက်ရှက်စားကြမလား. . . ဆုံးဖြတ်ကြပေတော့”

ပြောပြောထွက်ထွက် ထထွက်သွားတဲ့ ဆရာ့နောက်ကျောကို ငေးကြည့်နေကြရင်းကိုပီတိတို့ သုံးယောက် ခေါင်းချင်းဆိုင်ရ ပြန်တယ်။

“နောင်ရိုးခံယူချက်ကတော့ပြင်းပေသကွ. . . ငါတို့တောင် တစ်ချက်ကလေးလှည့်ကြည့်သွားဖော်မရဘူး. . .”

“အာစရိပြောသွားတဲ့ အချက်သုံးခုစလုံးကတော့ ငါတို့နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတာအမှန်ပဲ”

“အိုကွာ အခွင့်အရေးဆိုတာ အလုပ်ဖြစ်လာရင်အလိုလိုပေါ် ပေါက်လာမှာပါ၊ အဲဒီအခါကျတော့ ငွေကလူကိုရှာလာလိမ့်မပေါ့”

“ဘာပဲဖြစ်ဖြစ် ငါတော့ လက်ရှိအငြိမ့်ထောင်ကို စိတ်ကုန် လာတာအမှန်ပဲ၊ ပြန်ရစေ့မယ်လို့ ကတိပေးထားတဲ့ ဟိုဥစ္စာတွေ လဲ မပေးဘူး၊ ပြီးတော့. . .”

“ဒါထုံးစံပဲကွ၊ တစ်နှစ်ကနေ နှစ်နှစ်ကူးလာတာနဲ့ ဒီအချိုးတွေ ပါလာတာပဲ၊ သူမှမသုံးရင် ငါတို့ အညွန့်တုံးပြီဆိုတဲ့အခြေအနေထိ တွက်ချင် တွက်ထားမှာ”



www.burmeseclassic.com

www.burmeseclassic.com


"အာစရိကတော့တို့ဘက်ကလူပါ၊ ရှင်းရှင်းပြော၊ ပြတ်ပြတ် လုပ်တတ်တဲ့ သူ့ဉာဏ်လဲမင်းတို့ သိရက်သားနဲ့ သူသာမရှိရင် ဒီအဖွဲ့ ဝင်ရိုးတစ်ချောင်းပြုတ်ပြီ. . ."

"ငါတို့မရှိရင်ဒေါက်သုံးချောင်းပြုတ်ပြီ၊ အားကိုးရာမဲ့ပြီ. . ."

"ငွေကိုးကွယ်သူကိုငွေရှာပေးသူတွေက ကျောခိုင်းလမ်းခွဲခြင်း နည်းလမ်းနဲ့ ဆုံးမရမယ်၊ ငါတို့အားလုံး အာစရိနောက်ကို လိုက်မယ်. . ."

"အာစရိဟာ ငါတို့ဘဝရဲ့အလင်းရောင်၊ ဦးဆောင်လမ်းညွှန်သူ အာစရိရဲ့နောင်ရိုးထုံးနှလုံးမူကြစို့. . ." အိုအငြိမ့်ထောင် ပောဒ်း၊ "သင်ကားသင်မြတ်နိုးသော ငွေစအနည်းငယ်ကိုပိုက်၊ တိုက်ကလေး တစ်လုံးနှင့် ကားတစ်စီးကိုပွေ့ဖက်ရင်း သနားစဖွယ်ဟိုမှာဘက် တမ်း၌ နေခဲ့ပေတော့. . ." ကျွန်ုပ်တို့ပြည်တန်ပတ္တမြားသုံးလုံးကား သည်မှာဘက်ကမ်းသို့ ကူးခတ်တော့မည်။ ဟားဟားဟား. . . အနု ပညာသမားတွေဗျ ငတ်တာမဆန်းဘူး၊ ငတ်ရဲတယ်၊ ငတ်ဝံ့တယ်။ အဲ အဆာမခံနိုင်တာတစ်ခုပဲ"

"ကွိ. . . ကွိအိ. . . ကွိအိ. . ."

ဟ. . ဟဘာယ်နှယ်တုံးနောင်ရိုး အိပ်မက်တွေကို အရသာရှိရှိ ကြည်ကြည်နူးနူးမက်ကောင်းနေတုန်း နားထဲမှာ ဝက်နာခွေးဆွဲတဲ့ အသံတွေဒုန်းချဝင်လာပါလိမ့်။ လေးပင်စင်းတွဲနေတဲ့ မျက်ခွံတွေကို အတင်းဖြဲကြည့်လိုက်တော့. . . ဟား. . . မောင့်မဟေသီ မပွဲကြည် တိုး။ ကိုပီတိကိုအလေသုံးဆယ်သွက်သွက်ခေါ်လိုက်တော့ . . . ကွိအိ . . . ကွိအိနဲ့ဖြစ်နေတာပေါ့။ ကိုပီတိအိပ်ချင်မူးတူးနဲ့ ဘ ထိုင်ပြီး. . .

"ဘာတုံးဟ၊ ဒီလောက်အရေးကြီးရအောင် ဘယ်မှာမီးလောင်နေလို့လဲ. . ."


www.burmeseclassic.com

www.burmeseclassic.com

"တော့ခေါင်းပေါ်မှာ လောင်နေတာတော်ရေ့... တော့်အာစရိလုပ်ပုံကောင်းသေးရဲ့လား ကွီအိရဲ့..."

"ဟ... သေသေချာချာအေးအေးဆေးဆေး ပြောစမ်းပါဦး၊ ဘာတုံး... ဘယ်လိုတုံး..."

"တော့အာစရိလေ... ကောင်းပြီ ကောင်းရက်နဲ့ တော်တို့ကို စည်းရုံး၊ တော်တို့ကလဲ သူ့ကိုလေးစားတော့ ပေးသလောက်ငွေကလေးယူ၊ သူလုပ်တဲ့အဖွဲ့ကလေးနဲ့ စာချုပ်ကြ၊ ခုအဲဒါတွေပြီးကာမှ ဟိုအငြိမ့်ထောင်ဟောင်းက ကက်ဆက်တစ်လုံး၊ ငွေနှစ်ထောင်ညကြေးသုံးဆယ်တိုးပေးလို့ အဲဒီအဖွဲ့ကိုပဲ ပြန်လုပ်သတဲ့တော့..."

"ဟိုက်..."

ကိုပီတိရင်တွေတဒိုင်းဒိုင်းခုန်လာတယ်။ ချွေးသီးချွေးပေါက်တွေကလဲ ခုမှတဖျော်တပါးထွက်လာကြတယ်။ ဆရာဘယ်အပေါက်ဖွင့်လိုက်ပါလိမ့်၊ လူပြတ်တွေက အကုန်လက်လွန်ပြီးပြီ။ လုပ်ရက်လိုက်တာ အာစရိရာ...။

"ရေ... ရေတစ်ခွက်ပေးစမ်း..."

ရေခွက်ကိုယူပြီးလင်းတမျှိုမျှိုနေတုန်း အာယုနဲ့ ကြာပေါ်ရောက်ချလာတယ်။ နှစ်ယောက်စလုံးမျက်နှာနီကြီးတွေနဲ့ ခံလိုက်ရလေးခြင်းဆိုတဲ့ သဘောပေါ့လေ။

"ငါ အကုန်စုံစမ်းပြီးပြီ၊ လူချင်းလဲသွားတွေ့ပြီးပြီကွ"

ကြာပေါ်က မထိုင်သေးဘဲပြောလိုက်တယ်။

"မင်းဘယ်သူကမေးနေလို့လဲ"

"အို... မဟုတ်လဲမေးမယ့်ဉစ္စာ၊ တောက်... တစ်သက်လုံးကလီကမာလုပ်လာခဲ့သမျှ ကလီကမာ့ ကလီကမာနဲ့တွေ့တာပဲ"

"ဝင်ရှုလည်တာပေါ့ကွ၊ ယုံမိတာကိုကတို့အမှား..."

အာယုကလေးပျော့ကလေးနဲ့ ဝင်ထောက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



"အံမာ ငါတို့နဲ့တွေ့တော့ ပြုံးဖြဲဖြဲလေး၊ သူ့ကိုခွင့်လွှတ်ပါတဲ့။ သူ့အခက်အခဲကိုငါတို့ နားမလည်နိုင်သေးဘူးတဲ့။ ဒီတစ်နှစ်မဆုံ ပေမယ့် နောက်နှစ်ဆုံမှာပါတဲ့။ ထို့. . . တစ်သက်လုံး မဆုံချင်တော့ ဘူး။ ပြီးတော့ပြောသေးဗျ. . . ဒီအငြိမ်ထောင်ဟောင်းက သူ့အဖို့ မိဘလို ဖြစ်နေတာကလဲ တစ်ကြောင်းပဲတဲ့"

"ဒါတွေ အရင်တုန်းက ငါတို့လုပ်နေကျပါကွာ၊ ခုမှမေ့သွားလို့ ခံလိုက်ရတာပါ"

ကိုပီတိ နုံးနုံးကြီးမောနေတယ်။ ဘာမှမပြောနိုင်ဘူး။ လူပြက် သုံးယောက်ကို အလိမ္မာနဲ့ပထုတ်ပြီး သူ့အခွင့်အရေးကို ပါးနပ်စွာ ယူချသွားတဲ့ပညာတတ် လူလိမ်ကို ဒေါသနဲ့ ချိုးမွမ်းနေမိတယ်။ အင်းလေ ကဇာတ်ပြဇာတ်ရေးနေတဲ့ လူဆိုတော့လဲ အကွက်ဆင် ကောင်းပေမပေါ့။ ဟိုနှစ်ယောက်ကတော့ ဒေါသမီးတွေ ဟုန်းဟုန်း ထနေကြတုန်း။

"ဒီခံယူချက်တွေ၊ ရည်ရွယ်ချက်တွေ တစ်ထွေးကြီး ပြောနေက တဲ့က လိမ်ဖို့ရာပျိုးနေပြီဆိုတာ တို့သိခဲ့ဖို့ကောင်းတယ်"

"ငါတို့လဲ လက်တစ်လုံးခြားလိမ်နေတဲ့လူတွေပဲကွာ၊ တို့အပေါ် ဆံချည်တစ်မျှင်ခြားလိမ်နေပြီဆိုတာ နည်းနည်းတော့ သိတာပေါ့။ ဒါပေမယ့် ဇာတ်လမ်းကို သွားယုံလိုက်မိသဟေ့၊ သူကဖောင်ဖျက် ပြီးပြီဆိုတာကို"

"ဒီတော့ ငါတို့နဲ့ တစ်ဘက်တည်းရပ်ပြီး နောက်ကြောင်းမရှိ ကြေး ဆော်တော့မယ်ဆိုပြီး ယုံလိုက်မိတာဟေ့၊ သူဖောင်ဖျက် တာကို သက်ဝင် ယုံစားမိတာ. . . ထို့. . ."

တစ်လျှောက်လုံးဘာမှမပြောဘဲ ငူငူကြီးနားထောင်နေတဲ့ ကိုပီတိ. . . ရယ်ကျဲကျဲမျက်နှာကလေးနဲ့ ခပ်လေးလေး ပေဖန် ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


"ဖောင်တော့ဖျက်တာပဲကွာ၊ ဖောင်လဲပျက်ရော အငြိမ့်ထောင်က ပွဲချိတ်နဲ့လာခေါ်တာနဲ့ အားနာပြီး မြန်ပါသွားတာထင်ပါရဲ့ကွာ. . . ဟီး. . . .'

ချစ်စရာ


www.burmeseclassic.com

www.burmeseclassic.com

## ❒ ကိုပီတိနှင့် မှာပုံတော်သစ်

အပေါ်မော့ကြည့်တော့လည်း ပြင်းပြင်းစူးစူးနေရောင်၊ အောက်ငုံ့ကြည့်တော့လည်း အစေးပေါက်ပြီး တံလှပ်တထောင်းထောင်းထနေတဲ့လမ်းမ။ ဘေးဘီဝဲယာကြည့်ဦးမလား။ ချို့ချို့ငဲ့ငဲ့ ရွက်ရော်ရွက်ခြောက်ကလေးတွေနဲ့ အရိုးပြိုင်းပြိုင်း အကိုင်းသွေ့သွေ့ ကုက္ကိုပင်အိုတွေ။

ဇော့ယမ်းတိုက်ခတ်သွားတဲ့ လေကအစ အပူဓာတ်နဲ့ အိမ်ထောင်ကျပြီးသားမို့ နွေးရှရှ ပြာစင်နေတဲ့ကောင်းကင်မှာ တိမ်တစ်မျှင်မှမရှိဘူး၊ ပျံနေတဲ့ငှက် တစ်ကောင်မှမရှိဘူး၊ လေပူ၊ နေပူဒဏ်ကိုကျောကော့ပြီးခံနေရရှာတဲ့ ကတ္တရာလမ်းပေါ်မှာတော့ ပျားပန်းခတ် လှုပ်ရှားသွားလာနေကြတဲ့ ဈေးသွားဈေးပြန်တွေ၊ တောင်းရွက်၊ ဗန်းရွက်၊ လွယ်အိတ်လွယ်၊ အထုတ်ကျောပိုး၊ တွန်းလှည်းဆွဲ၊ ခြင်းတောင်းလက်ချိတ်လာသူတွေ။

ဥဒဟို ပြေးလွှားနေတဲ့ ကားကလည်းမျိုးစုံ၊ အရောင်အသွေးစုံ၊ အရွယ်ရွယ်အစားစား တောက်ပတဲ့ကား၊ မောက်ကြွတဲ့ကား၊ ဂုဏ်ထည်တဲ့ကား၊ ကုန်သယ်တဲ့ကား၊ ဆေးကွာတဲ့ကား၊ ဈေးလာတဲ့ကား၊ အပြေးမောင်းတဲ့ကား၊ ဆေးရောင်းတဲ့ကား၊ တိရစ္ဆာန်တွေနွေအမောသတ်နေချိန် လူတွေ ငွေဇောကပ်နေကြပါလား။

ကိုပီတိ သူ့အတွေးကို သဘောကျပြီး ပြုံးလိုက်တယ်။ ပြီးတော့ သက်ပြင်းတစ်ချက်ကိုဆောင့်ဆောင့်ကြီးချလိုက်တယ်။ ဒီလိုလေး



www.burmeseclassic.com

လေး. . . နှာဝကထွက်လာတဲ့ သက်ပြန်လေကအစ လေပူကြီးပါလား။

ဈေးထောင့် ပလက်ဖောင်းမှတ်တိုင်မှာ ကားရပ်စောင့်နေတာ ဆယ့်ငါးမိနစ်ကျော်ပြီ။ ခုထိ မလာသေးဘူး၊ လာရင်လည်း သည်မှတ်တိုင်မှာ နာရီဝက်လောက်ရပ်ပြီး ခရီးသည်စောင့်ဦးမှာ။

ကြာတာတော့ ကြာဦးမှာပဲ။ ကြာတာချင်းတူရင် နေပူထဲရပ်ပြီးကြာမယ့်အစား တိုးတိုးဝှေ့ဝှေ့နဲ့ဘတ်စ်ကားအမိုးအောက်ဝင်ပြီး အရိပ်နဲ့ကြာလိုက်ချင်သေးတယ်။

ခုတော့အပူရှိန်ပြင်းရတဲ့အထဲ လေနဲ့ရောပါလာတဲ့ မြောင်းပုပ်နံ့၊ အမှိုက်ပုံနံ့၊ သံတံတားနံဘေးမှာ စည်းမဲ့ကမ်းမဲ့ လက်ဆောင်ပေးသွားကြတဲ့ ကျင်ငယ်နံ့၊ ချေးနံ့၊ အမယ်. . . တစ်ချက်တစ်ချက်လေအလှည့်သင့်လိုက်ရင် ရက်လွန်ငါးပုပ်နံ့ကလေးတောင် အဖော်ပါလာတတ်သေး။

တွေးရင်းတောရင်း သူ့အကျီအိတ်ထောင်ကလေးကို ငုံ့ကြည့်မိတယ်။ တောက်. . . ကဆုန်၊ နယုန်ဆိုတဲ့ ဝေါဟာရတွေတို့အငြိမ့်လောကမှာမရှိရင်သိပ်ကောင်းမှာပဲ၊ အကြောင်းဆုံရင်တော့ သီးသန့်သဘင်ပြက္ခဒိန်ထုတ်ဖို့ အကြံပေးရဦးမယ်။

သည်နှစ်လကို နာမည်တစ်ခုခုပြောင်းပြီးထည့်ပေးပါလို့။ ကြည့်လေ၊ တန်ခူးလရေသဘင်အောင်ပွဲတွေ၊ သံချပ်ဆုရပွဲတွေကပြီးကတည်းက ပွဲပါးသွားလိုက်တာ။ အိတ်ထောင်ပိုလီယိုဖြစ်နေပြီ၊ ရှုံ့ပိန်ပြားကပ်ချည့်နဲ့နဲ့ကလေး၊ ငါ့ကို အဲသည်လို မျက်နှာမဲ့မျက်နှာအိုနဲ့မော့ကြည့်အသနားခံမနေပါနဲ့. အိတ်ထောင်ရယ်. . .

တစ်ချိန်မင်းဘဝမြင့်ရလောက်အောင် ငွေရွှင်တဲ့လတွေရောက်ဦးမှာပါ၊ ကဲ. . . ခုတော့ လောကဓံ အတက်အကျသဘောကို သုံးသပ်ရင်း ရှိစုမဲ့စု ငါးကျပ်တန်အိုဟောင်းဟောင်းလေးနဲ့ပဲ ကျေနပ်ပါဦးကွာနော်၊ ဝါဆိုဝါခေါင်ကျရင် ငါကအငြိမ့်အော်ပရာ



www.burmeseclassic.com

www.burmeseclassic.com


တွေ ပြဇာတ်တွေရေးရမှာ။

အဲဒီကျရင် မင်းရင်ခွင်ထဲကို အရွက်ကြီး၊ အရွက်လတ်၊ အရွက်ငယ်တွေ စိတ်တိုင်းကျထည့်ပေးမယ်၊ အင်း. . . ပြောလို့သာ ပြောရတာပါ၊ တချို့အဖွဲ့တွေကျတော့ ရင်းနှီးမှုနဲ့ ကူညီလိုက်ရ တချို့ကျတော့ ချို့ငဲ့လို့သနားလိုက်ရနဲ့ လက်စိုက်ဥာဏ်စိုက် လျှော့ယူလိုက်ပါဦးတွေ များတတ်တာပါပဲ။

"ဖြည်းဖြည်းတက်ကြပါ၊ မလုပါနဲ့၊ ခရီးသည်ပြည့်မှ ထွက်မှာပါ၊ အဆင်းကလေးစောင့်ပါဦး၊ မတိုးပါနဲ့ဗျ၊ ဆွဲခြင်း. . . ဆွဲခြင်း၊ ဘယ်သူ့ဟာလဲ၊ ကျန်ရှိပစ္စည်းတာဝန်မယူဘူးနော်၊ ခါးပိုက်နှိုက်သတိထားပါ၊ ကျုပ်တို့နဲ့ သမီးယောက်ဖမတော်ဘူး၊ လမ်းကို အရမ်းမကူးပါနဲ့၊ အနီစွတရားကို လက်တွေ့သိသွားမယ်၊ ဒါကျောက်သပိတ်ကားနော်၊ ကြံခင်းကားမဟုတ်ဘူး၊ အနီအနက်မှားမယ်"

သတိပေးချက်တွေ၊ ကြွေးကြော်သံတွေ၊ အငေါက်အငမ်းတွေ တစ်ပြုံတစ်မကြီး နားထဲတိုးဝင်လာမှ ကားရောက်လာမှန်းသိတယ်၊ သည်းသည်းလှုပ်တိုးဝှေ့တက်နေတဲ့ ခရီးသွားတွေနဲ့အတူ ကိုပီတိတွန်းတွန်းထိုးထိုးပဲ ကားပေါ်ရောက်သွားတယ်။

"ဖြည်းဖြည်းတက်ကြပါဗျ. . . လူစောင့်ဦးမှာပါ"

စပယ်ယာက လှမ်းပြောတယ်၊ မရပါဘူး၊ အတိုးမရပ်ဘူး၊ မင်းဟာမင်း လူစောင့်ရုံမကဘူး၊ တစ်ညအိပ်ပဲနေနေ၊ ခရီးသွားတာကနောက် အရိပ်အောက်ဝင်ချင်တာက လောလောဆယ်ပြဿနာမောင်ရေ့၊ စိတ်ထဲကပဲပြောလိုက်တယ်။ နှုတ်ကမထွက်ရဲဘူး၊ လက်မှတ်ရောင်းတို့မျက်စောင်းနှုတ်စောင်း အကြောင်းသုံးပါမရွေးဘူး မဟုတ်လား။

"အတွင်းဝင်ကြပါ၊ တိုးပေးကြပါ၊ ဝါသနာပါရင် နှစ်ပါးသွားကလို့ရတယ်"


www.burmeseclassic.com

သူကလည်းပိန်သာပိန်တယ်၊ ဝမ်းကျမရပ်ဆိုတဲ့အထဲကပဲ၊ မလျှော့ဘူး။

ခရီးသည်တွေကလည်း ပြောချင်သလောက်ပြော၊ ပြောရင်းသာ ကံကုန်သွားမယ်။ ခြေတစ်စုံစာတောင်မရွှေ့၊ မွန်ကျပ်အိုက်လှောင်ပြီး ပူလောင်နေတဲ့ ကားဝမ်းခေါင်းဘယ်သူအောင်းချင်ပါ့မလဲ။ လေရှူရတဲ့ကားတံခါးဝနဲ့ နောက်မြီးပိုင်းမှာပဲ တွဲလောင်းတချို့၊ ငုတ်တုတ်တချို့ နှစ်ပါးသွားမကလို့ အင်နာပက်ဗလိုပါရဲ့ ဆွမ်းလိတ်ဘဲလေးအဖွဲ့ဖျော်ဖြေနိုင်တယ်ပြော တို့အားလုံးသဘောကတော့ ရပြီးနေရာ မရွှေ့ပြောင်းရေး။

"ဟာ. . . ကိုပီတိကြီး၊ ဒီနေ့ည ဘယ်မှာကမလဲဗျ"

အရေးထဲ ကိုယ့်ကိုသိတဲ့လူနဲ့မှ လာတွေ့နေပြန်ပြီ။ ပွဲမရှိလို့ စိတ်ညစ်နေပါတယ်ဆိုမှ သောင်မှန်းမသိ ကမ်းမှန်းမသိ ပွဲမေးနေတယ်။

ကိုပီတိ အူပွသွားတယ်။ ဒါပေမယ့် အနုပညာသမားဆိုတော့ မြို့မေတ္တာခံနေရသူတွေဆိုတော့ တင်းနေတဲ့အကြောတွေကို ဖျစ်ညှစ် ရှုံ့တွပြီး အပြုံးနွမ်းကလေးဖန်တီးရင်း ရှက်ရိပ်ရှက်ငွေ့ ရှက်နံ့နဲ့ ရှက်သံလွှမ်းနေတဲ့ လေကျလေးနဲ့ ဖြေလိုက်ရတယ်။

"ဩော်. . . အင်း. . . အဟဲဟဲ. . . ပွဲအားပါတယ်ခင်ဗျ"

တခစ်ခစ် တခွီးခွီးရယ်သံတွေထွက်ပေါ်လာတယ်၊ အကင်းပါးပြီးသား ကိုပီတိနားတွေက မျက်စိကိုတောက်လျှောက်သတင်းပို့လိုက်တယ်။

အလယ်တန်းနှစ်ယောက်ထိုင်ခုံမှာ သုံးယောက်ပူးကပ်ပြီး သတ်သတ်ထိုင်နေတဲ့ ဈေးသည်မလေးတွေ။

"လူပြက်ကြီးတော့. . . ငါမပြောဘူးလား၊ အဲဒါပီတိမှပီတိ အစစ်"



www.burmeseclassic.com

တီးတိုးပြောနေပေမယ့်အတိုင်းသား ကြားနေရတယ်။ ညြော်. . . ငါ့ကိုအတုအစစ်အငြင်းပွားနေကြတာပါ။ မင်းတို့လိုသာ တစ်နိုင်ငံလုံး စိတ်ဝင်စားရင် ငါ့မှာငွေထားစရာတောင် နေရာရှိမှာ မဟုတ်ပါဘူးကွယ်။ ကြည်နူးကျေနပ်စိတ်တဖွားဖွား ပြန့်တက်လာ တုန်း. . .

"ဒီရုပ်ကြီးများ ခွေးချီသွားတောင်မှတ်မိရဲ့"

ဟိုက်. . . ထိန်ခနဲဝမ်းသာ၊ ပျာကယာဝမ်းနည်းပါလား၊ သင်းတို့သံသယ သေချာတာနဲ့တစ်ပြိုင်နက် မိနစ်မဆိုင်းခွေးစာ ကျွေးလိုက်ကြပါပကော။

ချွေတာမျက်စောင်းတစ်ချက်လှမ်းအထိုးလိုက် စီခနဲညံခနဲ ငြင်းသံခုံသံတွေ၊

"ပြားငါးဆယ်ခရီး တစ်ရာကျပ်တန်ကြီးပေးတော့ ဘယ့်နှယ် လုပ် အမ်းမလဲဗျ"

"အနုတ်မပါလို့ပေါ့ကွယ့်၊ မင်းတို့လဲ သုံးဆယ့်ငါးပြားခရီးကို ဆယ့်ငါးပြားတိုးယူထားတာပဲမဟုတ်လား"

"ဓာတ်ဆီအပြင်ကဝယ်ရတာဗျ၊ ကျပ်တန်မပါဘူးလား"

"မပါဘူး၊ ဒါအသေးဆုံးပဲ"

"တစ်ရာကျပ်တန် အသေးဆုံးထားကိုင်နိုင်မှတော့ ကိုယ်ပိုင် ကားဝယ်စီးရောပေါ့ဗျာ"

"ရှိတယ်ဟဲ့၊ ဓာတ်ဆီအပြင်ကဝယ်ရလို့ ထုတ်မစီးတာ"

ပန်းနာသည်ချောင်းခြောက်ဆိုးသလို ကွဲရှရှဂိုယာသံတစ်ချက် နဲ့ ကားစထွက်ပြီ။ ကိုပီတိလက်မှတ်ဖြတ်ဖို့အိတ်ထောင်ထဲက ငါးကျပ်တန်ကလေးကို ထုတ်ယူပြီးကြည့်နေလိုက်တယ်။

ကြည့်ရင်းကြည့်ရင်း ငါးကျပ်တန်ကလေးက ပူလောင်သာ သလိုပဲ။ ဟုတ်တယ်။ မီးကျီးခဲလက်ကြားညှပ်ထားရသလို ပဲတဲ့။

www.burmeseclassic.com

"မင်းတို့ လူရွှင်တော်တွေနဲ့ အလုပ်လုပ်ရတာ တကယ့်ကို မီးကျီးခဲ လက်ကြားညှပ်ထားရသလို နည်းပေါင်းစုံနဲ့ အပူတိုက် နေတာပဲ၊ အငွေ့ကပူ၊ ပြာကပူ၊ မီးကပူ၊ မင်းတို့လဲ ဘာထူးသလဲ၊ တော်ကြာ ကလေးနေမကောင်း၊ တော်ကြာ ကျောင်းစရိတ်၊ တော် ကြာ ဆန်ဖိုး၊ အမျိုးပေါင်းကို စုံနေတာ"

စကားဖြတ်ပြီး အငြိမ့်ဆရာ စီးကရက်မီးညှိတယ်။ မီးခိုးငွေ့ တွေဟာ ဘယ်ညာ ခါယမ်းပြီး လွင့်ပျောက်ကုန်တယ်။

သူ့ခေါင်းပေါ်က ပန်ကာ လေအရှိန်ပြင်းသလို နှုတ်ထွက်စကား သံကလည်း ပန်ကာလေနဲ့အပြိုင် ခပ်ပြင်းပြင်းပဲ ရင်ဆိုင်မှာ၊ ကျုံ့ကျုံ့ကလေး ထိုင်နေတဲ့ ကိုပီတိရင်ထဲကို မြင်းရိုင်းတစ်ကောင်လို ကဆုန်ပေါက် ဝင်သွားတယ်။

အငြိမ့်ဆရာက စိတ်ထဲရှိသလို နှုတ်ကပြောပေမယ့် ကိုပီတိ ကတော့ စိတ်တစ်မျိုး နှုတ်တစ်မျိုး၊ သည်လိုလေ. . .

"ကျုပ်တို့က မီးကျီးခဲ၊ ဟုတ်ပါတယ်ဗျာ၊ မီးကျီးခဲတွေပါ၊ ခင်ဗျားရဲ့အငြိမ့်ဆိုတဲ့ မီးကြွေအိုးထဲမှာထည့်ပြီး ခင်ဗျားစီးပွားရေး ခေါက်ရိုးကျအောင် သားနား သပ်ရပ်အောင် အပူပေး၊ အတိုက်ခံ ရင်း ပြာဖြစ်ရတဲ့ မီးကျီးခဲတွေပါဗျာ၊ ပြာမှုန့်ဘဝထိ အကျိုးပြုသွား ရတဲ့ မီးကျီးခဲတွေပါ" (စိတ်တွင်း)

"အဟဲဟဲ. . . အဆင်မပြေလို့ပါ အာစရိရာ၊ နို့မို့ဆိုရင် မတောင်းပါဘူး" (နှုတ်ထွက်)

အငြိမ့်ဆရာ စီးကရက်ကို ခပ်ပြင်းပြင်းရှိုက်တယ်၊ ပြီးတော့ မှ မျက်တောင်ကလေးစင်းတဲ့ပြီး. . .

"ငါ့မှာက လူသုံးဆယ်ကျော် အဖွဲ့သားတွေရဲ့ပြဿနာကို တစ်ယောက်တည်း ဒိုင်ခံဖြေရှင်းပေးနေရတာကွ၊ ပွဲစရန်ငွေဆိုတာ ပူအောင်တောင် မကိုင်လိုက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"လူသုံးဆယ်ကျော်ကို တစ်ယောက်တည်း ဒိုင်ခံပြီး ပြဿနာလုပ်နေတယ် ပြောပါ၊ အလကားစရန်ငွေ ပူအောင် ကိုင်ရပ်ပါ့မလား၊ ခင်ဗျား စီးပွားရေးထဲ ထိုးသွင်း လှည့်ပတ်ပြီး အသုံးချ အမြတ်ရှာနေတဲ့ဥစ္စာ" (စိတ်တွင်း)

"လူကြီးဆိုတော့လဲ ပင်ပန်းပေမပေါ့ ခင်ဗျာ"

(နှုတ်ထွက်)

"ပြီးတော့ ငါက သူများလို ချမ်းသာတဲ့ အငြိမ့်ဆရာလဲ မဟုတ်၊ ဒီအဖွဲ့လေး တည်တံ့ပါစေတော့ ဆိုတဲ့ စေတနာနဲ့ တစ်ရာကိုသုံးကျပ်တိုးယူပြီး ဒီပြင်လူတွေကို ငါးကျပ်တိုးနဲ့ ပြန်ချေးနေတာ သိပြီးသားပါဗျာ၊ ခင်ဗျားဥစ္စာ ရွှေရည်စိမ် စေတနာကြီးပါ" (စိတ်တွင်း)

"တစ်နှစ်တစ်နှစ် အတိုးဆပ်ရတာနဲ့ ကိုယ်စားဖို့ ကျန်မှာမဟုတ်ဘူးနော်၊ အင်းလေ. . . ဝါသနာဆိုတော့လဲ အခက်သား"

(နှုတ်)

"ပြီးတော့ ဒီနှစ်မှာ ပွဲတွေကလဲ အတော်ကျဲတယ်၊ နယ်ကသိပ်မလာသလို မြို့ပေါ်ပွဲကထိန်တွေ၊ ဘုရားပွဲတွေကလဲ အပ်ထားတဲ့ငွေ မရကြသေးတာနဲ့ မငှားကြဘူး၊ ပြီးတော့ တစ်နှစ်မှာ ဆယ်ချီလောက်ငှားတဲ့ ရပ်ကွက်နှစ်ခုကလဲ မီးဘေး သင့်တယ်ကွာ၊ ဝါဆို ပွဲကဖို့ ပြောတဲ့အရပ်ကလဲ ကျူးကျော်ထဲပါလို့ ဖျက်ဟယ်ရွှေ့ဟယ်နဲ့ လာတော့ လာပါရဲ့ တန်ဆောင်မုန်းပွဲ၊ နတ်တော်ပွဲတွေ၊ တချို့က စရန်နဲ့၊ တချို့ကျ ပုဂ္ဂိုလ်ရင်းနှီးနဲ့ ငွေမပါဘူး၊ ကိုယ့်အလုပ်သမားတွေပဲကွာ၊ စားစေ၊ သုံးစေချင်တာပေါ့၊ ဘယ်လက်ပိုက်ကြည့်နေနိုင်ပါမတုံး၊ မင်းတို့ စိတ်ဆင်းရဲတာ ငါစိတ်ဆင်းရဲတာနဲ့ ဘာထူးသေးလဲကွာ ဒီကြားထဲ အပြိုင်အဆိုင်တွေ လိုက်မမီအောင် ကားလိပ်၊ မီးခွင်တွေကအစ ဖြည့်လိုက်စွက်


www.burmeseclassic.com

လိုက်နဲ့ အိတ်ထဲက စိုက်ထားရတာလဲ ငွေပန်းလှုပြီ၊ ပွဲကမှ ဒီငွေပြန်ရမယ်၊ ကဲ. . . ပွဲကဘာယ်နေမှန်း မသိသေးဘူး၊ အဖွဲ့က လူသစ်တွေများ တီးလုံးတိုက်ရရက်ရှည်ဦးမယ်၊ ဇာတ်ထုပ်တွေ အသားမကျမချင်းလက်မခံရဲဘူး၊ တော်ကြာတစ်နေ့ချတ်တလမွတ်ဖြစ်သွား ရင် ဒုက္ခ၊ ငါတော့ သီတင်းကျွတ်လပြည့် ဟိုဘက်ကျမှ သေချာ ပေါက်ပွဲလက်ခံရဲမှာ၊ မင်းမှာ ငွေလိုနေတာ ငါ ကိုယ်ချင်းစာပါတယ်၊ လောလောဆယ်တော့ မရှိသေးတာအမှန်ပဲ"

"တောက်. . . ကျုပ်က ဝမ်းရေး ဟာမယ်ကြံကာရှိသေး ခင်ဗျားလျှာရေးပြလိုက်တာ ပါတာလေးတောင်ပြန်ပေးခဲ့ရဦးမယ့်ကိန်းပါလား၊ ဝန်ကြီးပဒေသရာဇာ ခင်ဗျားနဲ့တွေ့သွားခဲ့ရင် 'လျှာရေးသုံးဆယ့်ခုနစ်ချင်း' ဆိုပြီး ပေထက်အက္ခရာတင်ခဲ့မှာ မလွဲဘူး၊ မရှိဘူး. . . မရှိဘူးဆိုပြီး ခေါင်းယမ်းလိုက်တိုင်း လှုပ်ခါလှုပ်ခါဖြစ်သွားတဲ့ ခင်ဗျားအိတ်ထောင် တွဲတွဲကြီးထဲက ပိုက်ဆံကို ကျုပ်မမြင်ဘူး ထင်နေသလား ကိုလူလည်ကြီးရဲ့" (စိတ်)

"အဟဲဟဲ. . . ဒါဖြင့်လဲ ပြန်စရိတ်ကလေး ငါးကျပ်လောက်တော့. . . ဟဲဟဲ"

"တကယ်ပါကွာ. . . မပူချင်လို့ အဝေးတိမ်းနေတာတောင် မီးပွားကလေးတော့ စင်ဖြစ်အောင် စင်လိုက်သေးတာပဲ၊ အဟုတ်ကို မီးကျီးခဲတွေပါပဲကွာ"

"ဆန်ဖိုး"

နုံးနုံးမောမောနဲ့ အိမ်ရောက်လို့ အပန်းဖြေမယ်ကြံကာရှိသေး ဇနီးသည်က အရေးကြီးဆုံး ကဏ္ဍကို ကြွေးကြော်ရင်းလက်ဝါး ဖြန့်လာတယ်။

လက်မှတ်ရောင်းအမ်းလိုက်တဲ့ ကျပ်တန်လေးရွက်အခေါက်လိုက် ထုတ်ပေးပေမယ့် ဇနီးက ထွက်မသွားသေးဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com

"နက်ဖြန်အတွက်ကကော၊ ပြီးတော့ ဆန်က နို့ဆီတစ်ဘူး တစ်ကျပ်ခွဲဖြစ်သွားပြီ"

"အဲလိုဆို သုံးကျပ်ဖိုး နှစ်ဘူးဝယ်ခဲ့၊ နက်ဖြန်အတွက် ပေါင်ထားတဲ့ ကုန်ဝယ်စာအုပ်ပေါ်ကသာ ထပ်ယူပေတော့၊ ပွဲမဝင်လို့တဲ့၊ ငွေမပေးလိုက်ဘူး၊ ပွဲဝင်ရင်လဲ အကြောင်းမျိုးစုံပြပြီးပေးမှာမဟုတ်ပါဘူး"

"တစ်ရာလောက်မှရအောင် မတောင်းနိုင်ဘူးလားတော်"

"နင်တစ်လှည့်သွားလိုက်ပါဦးလား၊ နင့်ဆိုအစိတ်လောက်တော့ပေးမှာပါ"

စိတ်ချဉ်ပေါက်ပေါက်နဲ့ အငေါ်တူးလွှတ်လိုက်မှ ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားတယ်။ နိုင်တဲ့မိန်းမယူထားမိလို့သာပေါ့၊ တော်ရုံများဖြင့် သည်နေရာသတ်ပွဲ ရိုက်ပွဲပဲ။ သူ့နားထဲမှာ အငြိမ့်ဆရာ စကားသံတွေ ပြန်ကြားလာတယ်။

ရှေ့မှာ သွားကလေးအဖြူသားနဲ့ ငုံ့ခံဝပ်စင်းလာခဲ့ရပေမယ့် မျက်ကွယ်မှာတော့ ရှက်ဒေါသ၊ မောသောကတွေ တရိပ်ရိပ်တလွှားလွှား။ တောက်. . . သူ့အဖွဲ့ထဲ လိုက်ဖို့လာခေါ်တုန်းကဖြင့် သည်မျက်နှာမျိုးမဟုတ်ဘူး။ တကယ့်ကို မျက်ကလဲဆန်ပျာ။ ခုပဲ ထမ်းခေါ်သွားတော့မလိုလို ထိုင်ပဲ ဦးချတော့မလိုလို ရက်ရောလိုက်တဲ့ငွေ။

လက်ဖက်ရည်ဖိုးတစ်မျိုး၊ ကွမ်းယာဖိုးတစ်မျိုးပေါ့ခနဲ၊ လျှော့ခနဲ။ စာချုပ်စာတမ်းနဲ့ လက်မှတ်ထိုးပြီး သူ့အလုပ်သမားလည်း လာဖြစ်ရော၊ အားလုံးဆန့်ကျင်ဘက်။ ပက်ပက်စက်စက် ပြောလွှတ်လိုက်တာ ပိုသေး၊ မီးကျီးခဲတွေတဲ့။

တောက်. . .

"ဖေကြီး. . . မုန့်ဖိုး"


www.burmeseclassic.com

ဟာ. . . လန့်လိုက်တာ၊ သည်နွားကလေးက တစ်မှောင့်၊ လူဖြင့် လေးနှစ်မပြည့်သေးဘူး၊ တစ်နေ့နှစ်ကျပ်လောက်ဖြုန်းတတ် နေပြီ၊ ကိုယ့်သားမို့လို့ပေါ့ကွာ။ သူ့များကလေးသာဆိုရင် နားရင်းပူပြီသာမှတ်၊ လူမတွေ့နဲ့ တွေ့လိုက်တာနဲ့ ရင်ခွင်ထဲဇွတ်တိုး လက်ဖြန့်တောင်းပြီ။

ဩော်. . . တောင်းတာလည်း သူ့ကို အပြစ်မဆိုသာဘူး၊ ငါကိုက အကြိမ်ပေါင်းများစွာ အကျင့်လုပ်ပြီး ပေးပေးနေခဲ့တာကိုး၊ ရှေ့ရှောက် ပွဲမဝင်၊ ငွေမရှင်နဲ့၊ သည်ကောင်သည်အချိုးချိုးနေရင် ဘယ်နှစ်ကြိမ်အထိ ငါသည်းခံနိုင်မလဲ၊ အသိမဖွံ့ဖြိုးသေးတဲ့ ကလေးကို မသိတတ်စွာ ရိုက်ပြန်ရင်ငါပဲ မိုက်ရာကျတော့မယ်။

ခုကတည်းက မှာထားမှ။ ကိုပီတိ ကြောင်ချေးရုပ်သူ့သား မျက်နှာကို စိုက်ကြည့်တယ်။ ပြီးမှ အိတ်ထဲမှာ ကျန်နေတဲ့ အဖော်နဲ့ ငါးမူးစေ့ကလေးကို ထုတ်ယူပြီး သူ့သားလက်ဝါးပေညစ်ညစ်ထဲကို ထည့်ပေးရင်း ခပ်ဆိုဆိုအသံနဲ့ ကလေးနားလည်မယ့် အထိမ်းအမှတ်တွေ ရွေးပြီး. . .

"သား. . . အဖေပြောမယ်၊ နောက် ရေတွေအများကြီးပက်ပြီးရင် မုန့်ဖိုးသိပ်မတောင်းနဲ့တော့နော်၊ ဖယောင်းတိုင်တွေအများကြီး ထွန်းပြီဆိုမှ ငါ့သားတောင်းချင်သလောက်တောင်းပေတော့"

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

□ ကိုပီတီနှင့် ဒဏ္ဍာရီသစ်

ဟား. . . အေးစိမ့်လှချည့်လားဆောင်းရယ်၊ ရာသီသုံးပါးမှာ နှင်က ကန္ဒဲ့ကလျှနဲ့ အတော်စော်ကားတဲ့ ရာသီပါလား၊ ကြည့်တော့ ဖြင့် အပြစ်မရှိသလိုလို ရိုးသားသလိုလို၊ ဟိုနေရာကြည့်တော့လည်း နှင်းဖြူလွလွ၊ ဒီနေရာကြည့်တော့လည်း မြူခိုးဝေ့ဝေ့၊ တိုးဝှေ့ပွတ် သပ်နေတဲ့ မြောက်ပြန်လေကအစ အပျိုမလေးရဲ့ ရှက်ကိုးရှက် ကန်း အကြည့်မျိုးတဲ့၊အဲဒါပြည့်စုံတဲ့သူတွေက လယ်သာ၊ သိုးမွှေး၊ ဂွမ်းကပ်၊ အထပ်ထပ်ခြုံပြီး နှင့်ကို ချိုးကျူးမြောက်ပင့်ပေးနေကြ တာဟဲ့. . . ဒါမှ ငါတို့လိုအကောင်မျိုးတွေကို နှင်ဖိပြီးစော်ကားခွင့် နှိပ်စက်ကလူပြုခွင့်ရမှာကိုး. . . မြောက်ပြန်လေညှင်းတဲ့. . . ထွီ ဘာလေညှင်းလဲ နှင်ဟာလေညှင်း၊ လေညှင်း အင်မတန်ဆော့ပြီး အမြဲသွေးပူနေတဲ့မျောက်တွေတောင် နှင့်အအေးဓာတ်ကြောင့် မြန် ပြေးကူနိုကြတဲ့ မျောက်ပြန်လေညှင်းဟဲ့. . . အဟားဟား စောင် တွေကလည်း စောင်မှဟုတ်ကဲ့လား. . . စက္ကူတွေများလားကွာ နှစ်ထပ်ခြုံတာတောင် အချမ်းမလုံဘူး၊ တောင်မြောက်ဝင်ရိုးစွန်းက ရေခဲတောင်တွေဟာ ငါတစ်ယောက်တည်းအပေါ်များ အရည်ပျော် ကုန် ကြတာလား၊ နည်းနည်းလျှော့ပါဦးဟာ၊ ဘုရားကို စူးရစေရဲ့ အပေါ်သွားနဲ့အောက်သွားတွေ အုပ်စုလိုက် ရန်ဖြစ်ကုန်ကြပြီ၊ နိုင်ငံခြားကသတ္တဝါတွေကလည်း သူများတိုင်းပြည်တွေရဲ့သာယာ ချမ်းအေးမှုကို ဖျက်မဲ့ရော့ကတ်တွေ၊ ကျည်ဆန်တွေကိုတော့ ရှိမှနဲ့



www.burmeseclassic.com

www.burmeseclassic.com


ပစ်နိုင်အောင် ထွင်နိုင်ပြီး၊ ရာသီဥတုလွန်ကဲမှုကျတော့ ရိုမှုနဲ့ အဘိုးအလျှော့လုပ်နိုင်အောင် မတီထွင်ကြဘူး၊ အိုဇုန်းလွှာ လောက်လက်ညှိုးထိုးပြနေကြတာ၊ နင်တို့ တက်ဖာကြပါလား၊ ဒီလောက် ဒုံးပျံတွေ ဂြိုဟ်တုတွေ ပေါ်နေတဲ့ဟာကို၊ မဟုတ်ကဟုတ်က ခလေးတွေ အညွန့်တုံးစေမဲ့ စိတ်ကြွဆေးတွေ ထွင်မဲ့အစား ရာသီဥတုဒဏ်ခံနိုင်တဲ့ ဆေးဝါးတွေ ထုတ်ပါလား "သောင်းကျော်တန် စောင်များကို ခြုံမည့်အစား ဤဆေးပြားကို သုံးစွဲရုံဖြင့် ဆောင်းတစ်တွင်းလုံး သင်စွတ်ကျယ်နှင့်နေနိုင်ပြီ၊ ဆေးတစ်ဘူးမှ သုံးရာသာ ယူပါသည်"လို့ ကြေညာလိုက်ရင် နင်တို့လက်မလည်အောင် ရောင်းရမှာဟဲ. . . လမ်းထိပ်က မမိကလည်းမနိုပ်ဖူး၊ စောင်လေး တစ်ထည်အကြွေးရောင်းပါဆိုတာ အရင်ကြွေးကျေမှတဲ့. . .

"ဖေကြီး ပုံပြောဦးလေ. . ."

အော်. . . ဆရာလေးမအိပ်သေးဘဲကိုး ကိုပီတိဆောင်းကို အတွေးနဲ့ ရန်လုပ်ရာက သားတော်မောင်ကို လှည့်စောင့်ကြည့်ရင်း

"မင့်အမေပြန်လာမှ ပြောခိုင်းတော့ကွာ အဖေချမ်းလို့. . ."

"ဟာ အမေက ကိုးနာရီဇာတ်ကားကြည့်ပြီးမှ ပြန်လာမှာတဲ့"

ဒီမိန်းမကလည်း တစ်ခက်ပဲ၊ ခုနစ်နာရီကျ ကိုရီးယားဇာတ်ကားပြီးရင် ခနပြန်လာ၊ ရှစ်နာရီခွဲတော့ ပြန်ထွက် ကိုးနာရီတရုတ်ကားကြည့် ကြာရင်း ကိုရီးယားများသွားပြီးအခြေချတော့မှာလား အောင့်မေ့ရတယ်. . .

"ဖေကြီး ဘာပုံပြောမှာတုန်း. . ."

ဒီပြင်ခလေးတွေလို ဗီဒီယိုတွေတီဗွီဂိမ်းတွေ မစွဲဘဲ ပုံပြင်ကို မြတ်နိုးနေတဲ့သားတော်မောင် ငါးနှစ်သားကိုကြည့်ရင်း သူ့အဖွားကို ကျေးဇူးတင်နေမိတယ်၊ ဒီပုံပြောတဲ့အလေ့အကျင့်ဟာ အဖွားဆီက ရထားတဲ့အမွေလေ၊ ငယ်ဘဝ လသာညတွေဆိုရင် ရွှေရွှေ

www.burmeseclassic.com


တုန်းက ဆိုတဲ့ပြီး လေးလေးကြီးပြောခဲ့တဲ့ အဖွားရဲ့စိတ်တွင်းဖြစ် ဒဏ္ဍာရီတွေဟာ ကိုပီတိရဲ့ အဖော်ကောင်းတွေပေါ့၊ ရွှေကျားကြီးရဲ့မီးလောင်ဖုတွေ ဆေးလူးပေးလိုက်၊ မထွေးလေးနဲ့ ဒါန်းအတူစီးလိုက်၊ လိပ်ကမ္ဘာမကြီးကို ရေထဲပြန်လွှတ်ပေးလိုက်၊ ရေသောက်တဲ့သိုးကလေးကို စောင့်ရှောက်လိုက်နဲ့ ပျော်ရာကနေ ဒေဝဒတ်အလောင်းက ဗျိုင်းဟဲ့ ဗုဒ္ဓဝင်အလောင်းကပညာရှိ ပုစွန်လုံးဟဲ့စတဲ့ နိပါတ်တော်ပုံဝတ္ထုတွေကို လေးစားကြည်ညိုရင်း၊ အနော်ရထာမင်း၊ ကျန်စစ်သားမင်းလက်ထက်တုန်းကဆိုတဲ့ ရာဇဝင်ဖြစ်စဉ်တွေကို ကြည်ညိုလေးစားမိခဲ့ရတယ်၊ အဲဒီအမွေကို အခုသူ့သားဆီလက်ဆင့်ကမ်းနေရပြီ၊ ဒါပေမယ့် ကိုပီတိငယ်ငယ်တုန်းကလိုမျက်လုံးကြောင်လေးနဲ့ ငေးပြီး နားထောင်တဲ့ပုံစံမဟုတ်တော့ဘူး မီဒီယာတွေအင်တာဗျူးတွေနဲ့ ကြီးလာရာတဲ့ ခလေးဆိုတော့. . .

"ဖေကြီးကလည်း ပြောပါဆိုနေမှ. . ."

"စဉ်းစားနေလို့ပါကွ၊ ဟိုလေ ရှေးရှေးတုန်းကတဲ့ ကြက်မကြီးနဲ့သူ့ခလေးတွေက ကောက်ညှင်းပေါင်းစားချင်တာနဲ့. . ."

"ကောက်ညှင်းပေါင်းစားရင် သူတို့ရင်ပြည့်မှာပေါ့ဖေကြီးရဲ့ ဒီပြင်ဟာကျွေးလို့မရဘူးလား၊ သားတော် ကောက်ညှင်းပေါင်းမစားတာ"

"ဒီပြင်ဟာ ကျွေးလို့မရဘူး၊ ဒီပုံပြင်က ငါ မင်းအရွယ်ကတည်းက ကောက်ညှင်းပေါင်းနဲ့ အခြေခံထားတဲ့ပုံပြင် . . . အဲဒါစားချင်တာနဲ့ ကောက်ညှင်းပေါင်းအိုးထဲ ဝင်အိပ်ကြရော. . ."

"အဲဒါဆို ကြက်ပေါင်းဖြစ်သွားမှာပေါ့၊ ဖေကြီးကလည်း အမိပ္ပါယ်ရှိတာပြောပါ၊ ကောက်ရိုးပုံတို့ သစ်ပင်ပေါ်တို့ အိပ်ရင်လဲ ရတဲ့ဥစ္စာ"

"ပုံပြင်ဆိုတာ အစစ်မဟုတ်ဘူးသားရဲ့"


www.burmeseclassic.com

"ဒါဖြင့်ညာပြောနေတာပေါ့"

ကိုပီတိရှင်းလေ ရှုပ်လေဖြစ်နေပြီ၊ အမေးအဖြန်းထူတဲ့ သားတော်မောင်နဖူးကို တစ်ချက်နမ်းလိုက်ရင်း. . .

"ကဲ. . . ဒီတိုင်းဆိုရင် အဖေတို့ပုံပြောလို့ရမှာမဟုတ်တော့ဘူး သားဘယ်ပုံကို ကြိုက်သလဲ မင်းကြိုက်တာအဖေပြောမယ်"

သူ့သား ခဏစဉ်းစားတယ်၊ ပြီးမှ . . .

"ဟိုပုံပြင်ပြော ဟိုလေကြက်တူရွှေးလေးနှစ်ကောင် လေမုန်တိုင်း မိတဲ့ဥစ္စာလေ"

"အော် ကျေးညီနောင်လား နားထောင်နော်၊ ဟိုးရှေးတုန်းက ကြက်တူရွေးညီအစ်ကိုနှစ်ယောက် အဲ. . . အဲနှစ်ယောက်ရှိသတဲ့ သားရဲ့၊ တစ်နေ့တော့ သူတို့နေထိုင်ရာတောကြီး လေမုန်တိုင်းကျပြီး တစ်ကောင်စီ ကွဲသွားပါရော"

📖 📖 📖

"ကျေးဇူးတင်ပါတယ် ကိုပီတိရယ်. . . ခင်ဗျားကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ နယ်မှာပွဲလမ်းသဘင်ရှားလို့ သမီးကို ယာလုပ်ခိုင်းရမလား၊ ပဲကောက်ခိုင်းရမလားဖြစ်နေတာ၊ အခုလို မြို့ကြီးမှာ အလုပ်လုပ်ဖို့ လာခေါ်တော့ အဟဲ. . ဟဲ"

ဒီဘက်နှစ်တွေမှာ အဲဒီမြို့ကလေးက မင်းသမီးတွေ လူကြိုက် များနေတယ်၊ ဟိုသူငယ်မလေးရဲ့ ရုပ်မြင်သံကြားအငြိမ့်ခန်း လွှင့် ပြီးကတည်းက အငြိမ့်ထောင်တွေရဲ့ စီးပွားရေးမျက်စေ့တွေဟာ အဲဒီမြို့ကိုပဲ ဝိုင်းကြည့်နေကြတယ်။

"မန္တလေးမှာ အငြိမ့်ခေါင်းဆောင်မင်းသမီး အတော်ရှားနေပြီ ကွ၊ အဲ ဟိုကောင်မလေးရဲ့ မြို့တော်မှာတော့ ပေါ်ဟယ်ကြားလို့



www.burmeseclassic.com

www.burmeseclassic.com


မင်းသွားခေါ်ချေကွာ"

အငြိမ့်ထောင်ရဲ့ ခိုင်းစေချက်ကြောင့် ကိုပီတိအဲဒီမြို့က သူငယ်မနှစ်ယောက်ကိုသွားပြီးခေါင်းဆောင်မင်းသမီးအဖြစ် ခေါ်ခဲ့ရတယ်။

"လေးလေးကို မိဖလိုအားကိုးပါတယ်၊ သမီးတို့မလိမ္မာတာရှိရင် ဆုံးမပါ၊ ရိုက်ပါ၊ တနယ်တကျေးကလာရတာမို့ သမီးတို့ကို စောင့်ရှောက်ပါလေးလေးရယ်. . ."

မျက်လုံးလေးပေကလပ်ပေကလပ် ငိုသံသဲ့သဲ့နဲ့ လက်အုပ်ကလေးချီရင်းပြောနေတာကြောင့် ကိုပီတိပါ ငိုချင်သလိုလိုဖြစ်လာပြီး တံတွေးကို ဂလုခနဲမြိုလို့. . .

"ညည်းတို့ ဥပမိလေးတွေက ကြီးပွားမဲ့ရုပ်လက္ခဏာလေးတွေပါ လိမ္မာရင် ညည်းတို့ဖို့ပါ၊ မြှောက်စားပေးဖို့က ဦးတို့တာဝန်ထား။"

"ကျေးဇူးကြီးလှပါတယ်ဦးရယ်၊ သမီးတို့ကောင်းစားရင် ဘယ်လိုကျေးဇူးဆပ်မယ်ဆိုတာ လက်တွေ့နဲ့သက်သေပြပါ့မယ်။"

📖 📖 📖

"ဟ. . . နင့်ဖေကလွှား. . . ဘာကြီးတုန်းဟ. . ."

အော်ပရာအပြီး မီးမှောင်အငြိမ့်ခန်းအကူး ပတ္တလားရှေ့ထိုင်နေတဲ့ ကိုပီတိ ခေါင်းပေါ်ကိုလွှားခနဲကျလာတဲ့ အဝတ်စကြီးကို ပယ်ပြီးကြည့်လိုက်တာ ပွင့်ရိုက်ပါတိတ်ထဘီ၊ ကိုပီတိဒေါသဖြစ်သွားတယ်။

"ဘယ်သူဟာကြီးတုန်းကွ"

"မင်းခေါ်လာတဲ့ ကျေးဇူးရှင်မလေးရဲ့ပစ္စည်းပေါ့၊ လက်နဲ့ချွတ်ဘဲ ခြေထောက်နဲ့ နောက်ပြန်ကန်ပြီး ချွတ်လိုက်တော့ အရှိန်


www.burmeseclassic.com

နဲ့ဝဲပြီး မင်းကိုပန်းကုံးစွတ်လိုက်သလို ဖြစ်သွားတာလေ. . .”

နံဘေးက ကြာပေါ်ရယ်ရင်း ပြောလိုက်တယ်၊ ကိုပီတိ သက်ပြင်းချပြီး။

“အင်း ဂွတော့ကျနေပြီ. . .”

“မင်းကခုမှဂွကျမှန်းသိတာ၊ တို့တစ်ဖွဲ့လုံးကတန်ဆောင်မုန်းလထဲက သိနေတာမောင်ရေ့၊ ငါတို့က မြှောက်ပင့်လေ၊ ပို့ပေးလို့ နာမည်လေးလည်းရရော အငြိမ့်ထောင်တွေက မျက်စေ့ကျလာရော အဲဒီမှာ သူ့မင်းသမီးလက်လွှတ်ရချည့်ရဲ့ဆိုပြီး သူ့အိမ်မှာ ခေါ်ထား ရွှေဆိုရွှေ ငွေဆိုငွေ လိုလေသေးမရှိလုပ်ထားတော့ မောက်မာလာတော့တာပေါ့ကွာ. . . ဟိုတစ်လောက သူ့အဖေလာသေးတယ်၊ ရှေ့နှစ်အတွက် စပေါ်လာယူတာတဲ့၊ မူးလိုက်တာလည်းဒေါင်ချာစိုင်းလို့၊ နောက်ပြီးပြောသွားသေးတယ်၊ ကျုပ်သမီးတွေသာမကယ်ရင် ခင်ဗျားတို့အဖွဲ့ မြောင်းထဲရောက်သွားပြီတဲ့၊ ခင်ဗျားတို့မန္တလေး အငြိမ့်လောကကို လူပြက်ခေတ်ကနေ မင်းသမီးခေတ်ဖြစ်အောင် လုပ်ပြမယ်တဲ့”

ကြာပေါ် ရေနွေးအသောက်မှာ အကြီးဆုံးကိုအာယုက ဆက်ပြောတယ်. . .

“ပိုဆိုးတာက အလုပ်ခွင်ထဲမှာကွ. . . အချိန်များနေလို့ သီချင်းတစ်ပုဒ်လျှော့ဆိုပါဆိုတော့ အခပေးတုန်းလုပ်ပြရတာတဲ့၊ ဦးက မနာလိုလို့လားတဲ့၊ ပြီးတော့ ဒီအမိန့်ကို အဖွဲ့ဦးစီးတွေပေးတာဘဲ နာခံနိုင်မယ်။ ဘဝတူချင်းဆရာလုပ်မခံနိုင်ဘူးတဲ့ကွာ. . . ဂွတော့ တော်တော်ကျတာ”

ကိုပီတိ သက်ပြင်းချလိုက်၊ ရှေ့ခွင်တည်းကမင်းသမီးအေးရဲ့ အသံကိုကြားလိုက်ရတယ်။

“သမီးတို့ ညီအစ်မကို အားပေးကြတဲ့ ဖေဖေ၊ မေမေ၊ ကိုတို့


www.burmeseclassic.com

www.burmeseclassic.com

မမ အားလုံးကို ကျေးဇူးတင်ပါတယ်၊ နာမည်တစ်လုံးပေးထားတာဟာ တစ်သက်လုံးထမင်းကျွေးသလိုပါဘဲရှင်၊ အဲဒီနာမည်ရလာဘို့ ဘယ်သူမှ အားမပြုဘဲ ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားခဲ့ရတာ မိဘများ အသိပါ။ သမီးတို့ဆီကို ဦးလေးဦးပီတိ ကိုယ်တိုင်လာပြီး တစ်နှစ်တစ်ဝါတော့ ကူညီပါဦးသမီးရယ်၊ ဦးလေးတို့မှာ အင်အားသိပ်နည်းနေလို့ပါဆိုတာနဲ့. . ."

"သွားပြီးပင့်လာတဲ့ကောင် ခံဟ၊ ဒါနင့်ကိုလက်တွေ့ကျေးဇူးဆပ်နေတာလေ၊ ပို့ပေးလိုက်ပါဦးလား မြို့ကိုအပ်လိုက်ပါဦးလား"

ကြာပေါ့စကားအဆုံးမှာကို အာယုတို့ကထပ်ပြီး

"မနေ့ကနေ့လည်တုန်းက ငါ့ငွေသုံး သွားတောင်းတော့ အငြိမ့်ထောင်ကတော်နဲ့ သူတို့နှစ်ယောက်ပြောနေကြတာကွ၊ အမေတဲ့ အမေ့လူပြက်ကြီးတွေက သိပ်ညစ်ပတ်တာပဲ၊ သမီးတို့က အပျိုလေးတွေဆိုတော့ ရှက်တယ်တဲ့၊ တကယ်လို့အမေသာ လက်ခံမယ်ဆိုရင် ရွှေနှစ်သမီးတို့ဆီက တွဲနေကျလူပြက်တွေကို ခေါ်ပါလားတဲ့၊ ပိုက်ဆံလည်း သိပ်မပေးရဘူး၊ ခိုင်းလို့လည်း ကောင်းတယ်တဲ့. . . ပီတိရေ မင်းက သူတို့ထမင်းအိုးတည်ပေးတော့ သူတို့ကလည်း ထမင်းအိုးတွေကို ကန်ချတာပေါ့လကွာ၊ တကယ့်ကောင် မင်းသမီးခေါ်ပါဆိုမှ ယောက်မတွေသယ်လာတယ်"

"အင်း . . . ဂွတော့တော်တော်ကျနေပါပေါ့လား. . ."

"ဖေကြီးပြောလေ ဘာငိုင်နေတာလည်း"

သားတော်မောင်ရဲ့စကားသံကြောင့် ကိုပီတိအတွေးတွေပြတ်တောက်ကုန်တယ်၊ ရင်ထဲမှာတော့ သူငယ်ချင်းတွေရဲ့ ညည်းညူသံ၊ သူငယ်မလေးတွေရဲ့။

"ပြောပါလို့ဆို မုန်တိုင်းကျသွားပြီ၊ ကွဲသွားပါရောလေ၊ အဲဒီကျ"

"ဟိုကွာ. . . တစ်နေ့ကျတော့ ဘုရင်ကြီးတစ်ပါးက မျက်စေ့


www.burmeseclassic.com

လည်လမ်းမှာပြီး ကြက်တူရွေးတစ်ကောင်နဲ့တွေ့တော့ ဟော့. . သတ်ကြလော၊ ရိုက်ကြလော့၊ လုကြလို့ ရှိုင်းရှိုင်းစိုင်းစိုင်း အော်သတဲ့၊ အဲဒီမှာ ဘုရင်ကြီးလည်း တစ်နေရာကို ရှောင်အသွား နောက်ထပ်ကြက်တူရွေးတစ်ကောင်နဲ့ထပ်တွေ့တော့. . . ဟေး စော်ကားကြကုန်လော့. . . မြစ်တင်မောင်းမဲ၊ ဆဲရေးတိုင်းထွာပြုကြကုန်. . . ။"

"ဟာ ဖေကြီးကလည်း နောက်တစ်ကောင်ကျတော့ အပန်းဖြေပါ၊ ရေသောက်ပါ၊ ကွမ်းစားပါလို့ပြောတယ်. . ."

ကိုပီတိငေါက်ခနဲ ထထိုင်ပြီး သူ့သားမျက်နှာကို စေ့စေ့ကြည့်ရင်း ရင်ခေါင်းသံကြီးနဲ့ စိတ်ဆိုးမာန်ဆိုး ပြောချလိုက်တယ်။

"မင်း. . . မင်းဘာသိလို့တုန်း၊ ငါ့ကြက်တူရွေးတွေက နှစ်ကောင်စလုံး အငြိမ့်ထောင်အိမ်ထည်းကျသွားတာကွ. . . ။"

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

## ❑ ကိုပီတိနှင့် ကူးစက်ရောဂါသစ်

"ကိုကို..."

"ဟိုက်..."

ကိုပီတိ အောက်မေးပြုတ်ကျမတတ် ပါးစပ်ပြဲသွားတယ်။ တိုနန့်နန့် ထူပိန်းပိန်း မျက်ခုံးနှစ်ခု မြောက်တက်သွားတယ်။နေ့ခင်းကြောင်တောင် သရဲတစ္ဆေတွေ့လိုက်ရသလို ကြက်သီးဖြန်းဖြန်း ထသွားတယ်။

အသံလာရာကို ကြည့်လိုက်တော့ ပြုံးဖြဲဖြဲမူတူတူနဲ့ အိမ်သူသက်ထား မပွဲကြည်။

"ကိုကိုလို့"

အံမယ်... ဒုတိယမွှိ ကိုကိုမှာ 'လို့'တစ်လုံးတောင် တိုးလာပါသေးလား၊ ရည်းစားဘဝကတည်းက 'ဘိုးတော်'၊ 'ဟိုလူကြီး'ဆိုတဲ့ နာမပညတ်တွေနဲ့ အိမ်ထောင်သက် တစ်လျှောက်လုံး ကျေနပ်ခဲ့ရသမျှ မခေါ်စဖူး အခေါ်ထူးနေတဲ့ ဇနီးသည်ကို မျက်မှောင်တစ်ချက်ကုတ်ကြည့်လိုက်ပြီး...

"ဘာတုံးဟ"

အလို... ခပ်ငေါက်ငေါက် ထူးတာတောင် ကြောက်ဒူးတုန်ဟန်မပြပါလား။ ဘာများအလိုတော်ရှိလို့ ပြုံးစိစိလုပ်နေပြန်ပါ လိမ့်...

မပွဲကြည်ပါးစပ်ကြီးဟာ ရင်ခွင်ကား အမြန်ဆွဲဖွင့်လိုက်သလို ဘေးနှစ်ဘက်ကို ပြသထက်ပြတွန့်သွားပြီး နှစ်ကိုယ်ကြားလေသံ



www.burmeseclassic.com

ကလေး ကန့်ကလျ ထွက်လာတယ်။

"နန်းလေ ကိုကို၊ နန်း. . ."

"အယ်. . . ဒီအရွယ်ကြီးကျမှ နင်က ငယ်မူပြန်နေပါပြီ"

"အို. . . ဘာတွေလျှောက်ပြောနေတာလဲ၊ နန်း ရောက်လာပြီ လို့ ပြောတာ"

"နန်း ရောက်လာရင်လဲ ပုံတော်တွေတင်ပြီး ကနားပေးလိုက်ပေါ့"

"နတ်နန်းကိုပြောတာ မဟုတ်ဘူး တော်ရေ့၊ လူနန်း . . . လူနန်း၊ ဟောဒီမှာတွေ့လား"

မပွဲကြည့်က သူ့လက်ထဲမှာ အသင့်ကိုင်ထားတဲ့ လက်ကမ်း ကြော်ငြာလေးကို ဖြန့်ပြလိုက်ရင်း . . .

"အဲဒါ ကိုကိုရယ်၊ ဟို. . . အဟင့်ဟင့်"

တော်လောက်ပါပြီ မိပွဲကြည်၊ ငါနားလည်သွားပြီ။ နင့်လက်ထဲ က ဇာတ်ကြော်ငြာကိုတွေ့ကတည်းက နှစ်စဉ်လုပ်ရိုးထုံးစံအတိုင်း ဇာတ်ရုံကိုသွား၊ အသိမိတ်ဆွေရှာ။ လက်ဖက်ရည် တစ်ခွက်တိုက်၊ ဖျာတောင်း လက်မှတ်တောင်း။

အင်း . . . နင်တို့ပရိသတ်ရှေ့ဆုံးက ဟီးကြောထလို့ကောင်း အောင် ငါ အလုပ်ဟောင်း ပြန်လုပ်ရဦးမှာပါလား။ အနောက် တောင် မုတ်သုံလေရယ်၊ ဘာကြောင့်များ တိမ်တွေနဲ့အတူ ဇာတ် တွေကို သယ်ဆောင်လာရတာလဲ။

တောင်းရ ရမ်းရလွန်းလို့ ငါတော့ အရှက်တရား အစိတ်စိတ် အမြွာမြွာ ကွဲလှပါပြီ။ ပွဲကြည်. . ပွဲကြည်၊ နင့်နာမည်ကို ပွဲကြည့်လို့ ပြောင်းပစ်ဖို့ပဲ ကောင်းတော့တယ်။ စိတ်ချဉ်ပေါက်ပေါက်နဲ့ လျှောက်တွေးရင်း ကိုပိတိ အကျီကောက်ဝတ်လိုက်တယ်၊ ဇာတ်ရုံရဲ့ နောက်ပိုင်းမှာ ယောင်ပေပေ ချာယမ်းယမ်းလုပ်နေတဲ့ ငါ့ကို 'ဟေး



www.burmeseclassic.com

www.burmeseclassic.com

ကိုပီတိကြီး ဘယ်ကလာတာတုန်းဗျ'လို့ နှုတ်ဆက်တဲ့လူတော့ ကံဆိုးပြီသာမှတ်ပေတော့ပေါ့ . . .။

"ဟဲ့. . . ပွဲရိတို့ ပွဲမှီတို့ ပွဲသီတို့ မပြီးကြသေးဘူးလား၊ ဖျာကရွှေ့ဆုံးမှာ ဝင်ထွက်ရ လွယ်တာမဟုတ်ဘူး"

ပြာစူးစူးတုန်အက်အက်နဲ့ အော်လိုက်တဲ့ မပွဲကြည်ရဲ့အသံဟာ ညဦးယံရဲ့ အသရေကို ဒီဂရီလျော့ကျသွားစေတယ်။ ကြည့်ပါဦး သူ့ညီမတွေ နာမည်ကအစ ပွဲရိတဲ့ ပွဲမှီတဲ့ ပွဲသီတဲ့။ ထို့. . . ပွဲကြိုက်လို့သာ တော်တော့တယ်၊ ဆပ်ကပ်များကြိုက်ရင် ဆပ်ကပ်မှီ ဆပ်ကပ်ရီတွေများ ဖြစ်ကုန်မလား မသိဘူး။

"ပြီးပါပြီမမရဲ့၊ မင်းသားဖို့ ပန်းကုံးတွေစီနေရလို့ ကြာသွားရတာပါ"

"ရေမွှေးပုလင်းကော"

"အကုန်ပါပါတယ်၊ ဟောဒီလက်ဖက်သုပ်၊ ကော်ဖီ၊ နေကြာစေ့ သစ်တော်သီးခြင်းနဲ့အပြည့်"

ဘုရား. . . ဘုရား၊ အိမ်ဖြင့် ညစာမနက်စာ နပ်မှန်အောင် ငါကြိုးပမ်းရှာဖွေလိုက်ရတာ၊ သင်းကတော့ အပျိုတွေနဲ့ပြိုင်ပြီး မြူးလားကြွားလား၊ ပျော်လားပါးလားနဲ့ ဝတ်ဆင်ထားလိုက်တာ ကိုယ်နဲ့ မလိုက်မှန်းသိ လိုက်မှန်းသိ ဖြူရော်ရော် စုန့်ပွပွနှင့် ခန္ဓာကိုယ်ပေါ်မှာ အပြောင်စနီရဲရဲဆင်ထားတော့ ရေနစ်သေတဲ့ မသာကို ကွမ်းတံတွေနဲ့ ထွေးထားသလိုပါလားဟဲ့။ ကိုပီတိရဲ့ရင်တွင်းက မေတ္တာပို့တွေ အတော်စူးရောက်ပုံရတယ်။ မပွဲကြည်ဆွဲခြင်းကောက်ကိုင်ရင်း. . .

"ဟိုသီချင်းဆိုရင် ငါးဆယ်လောက် ချရဦးမယ်၊ လာ. . . သွားကြစို့ပေါ့၊ အပျော်ဆိုတာရှောင်၊ ငွေတွေမကုန်အောင် ပွဲကြိုက်တဲ့ အိမ်ကမောင်"


www.burmeseclassic.com

ကိုပီတိ မျက်စောင်းသာ ကြိမ်လုံးဆိုရင် မပွဲကြည်ကျောပြင်က ရှမ်းခနဲ အသံထွက်သွားလောက်တယ်။ သင်းကများ သီချင်း ကပေါက်တိကပေါက်ချာဆိုပြီး ရိသွားရသေးတယ်လို့ ဖျာဖိုးအလွတ်၊ အစားအသောက်၊ အမွှေးအကြိုင်နဲ့ ခရီးစရိတ်တွက်ကြည့်ရင် အနည်းဆုံး တစ်ရာမပိုတောင် မလျော့လောက်ဘူး၊ သည်အတိုင်းသာ ကြပ်ကြပ်လုပ်နေရင် ပွဲကြည်ရေ ငါတော့ မွဲပြီသာ အောက်မေ့တော့ဟ။

"ဟင်း. . . ဟင်း အကာကို သကာမလုပ်ဘူး၊ အနှစ်ကို အားဖြစ်စေရမယ် သိလား"

"ဟ. . ပွဲကြည်ဘာများ အလန့်တကြား ကြွေးကြော်နေပြန်တာတုံး၊ နင်စိတ်တော့မှန်ပါတယ်နော်"

"မှန်ပါတယ် ကိုကိုရဲ့၊ ဒီမှာလေ. . . ဟီး. . . ဟီး"

"ဗုဒ္ဓေါ. . . ဇာတ်ကြော်ငြာ၊ ဇာတ်ကြော်ငြာပါလား"

"ကိုကို့အကြိုက်လေ၊ ပထဗျာဗေ့တစ်ဝိုက်မှာ မြန်မာပြည်ကြိုက်တဲ့ ရတနာ ရွှေသိုက်သဘင်ကိုကိုရဲ့၊ ထုံးစံအတိုင်း အဟိဟိ"

"ဟာ. . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီလူကြီးကို မနှစ်က မီးပုံးရိုက်ပေးမယ်ဆိုပြီး တစ်ရာ့ငါးဆယ် ငါသုံးထားတာ ရှိသေးတယ်၊ ငါဘာဖျာမှ မတောင်းရဲဘူး"

"အို. . . ကိုကိုကလဲ၊ ဒီလူကြီးက ဆင်းရဲသားဆို အလွန်သနားတတ်တာပါ၊ ငွေတစ်ရာ့ငါးဆယ်ဆိုတာ လက်ဖက်ရည်တစ်ဝိုင်းစာတောင် ရှိတာမဟုတ်ဘူး၊ ပစ္စည်းမဲ့တွေကို ထောက်ပံ့ရရင် ပျော်နေတဲ့ လူကြီးပါ၊ တောင်းပါ ကိုကိုရယ်၊ နှစ်စဉ်ပေးနေကျ၊ ဒီနှစ် မပေးရင် ဒီလူကြီး ဖောက်ပြန်တာပဲ"

"အမယ်လေးလေ. . . အရမ်းသွားပြောမနေနဲ့၊ နှင်လင်ကြီးက လူသာဝတာ လက်က အသွက်ရယ်၊ ကြားသွားလို့ ထထိုး



www.burmeseclassic.com

လိုက်ရင် ဇာတ်ဖျာမရဘဲ ငါ့အလောင်းပတ်ဖို့ဖျာပဲ ရလိမ့်မယ်၊ ဒီလူကြီးကြည့်ဖို့က ခေတ်တော် ဟိုအပျိုမတွေနဲ့ သူ့သားလေး သွားပြီး ပေါးတိုက်ချင်လို့ မဟုတ်လား"

"ခစ် . . . ခစ် . . . ခစ်"

"ငါမကြားဘူးမှတ်နေလား၊ ဟိုနေ့က နင်တို့ချင်းပြောနေကြတာ မင်းသားလေးက ဗိုလ်ချော ချောတယ်ဆိုတာ"

"ခစ် . . . ခစ် . . . ခစ်"

"ဒိုင်ယာနာ့မောင် အင်ဒရူးမင်းသားဆိုလား သူနဲ့သိပ်တူတာပဲ တဲ့ ဟုတ်လား"

"ခွိး . . . ခစ် . . . ခစ်ခွိး"

"အောင်မယ် . . . ဒါမျိုးများကြားရရင် သဘောကိုခွေ့နေ တာပဲ၊ ရယ်လိုက်တာ ပါးစပ်က အမြှုပ်တွေများ သုတ်စမ်းပါဦး၊ ဟောဗျ . . . ဟဲ့ . . . ပွဲကြည် . . . ပွဲကြည်"

"ခစ် . . . ခွိးခွိး . . . ခစ် . . . ခစ်

"လာကြပါဦးဗျို့ . . . ဟောဒီမှာ ပွဲကြည်ဝမ်းသာလုံးဆို့ပြီးတက် နေလို့ပါဗျ"

သည်လိုနဲ့ တစ်မိုးတွင်းလုံး လာသမျှဇာတ်မှာ တစ်ဖျာမှ မလပ်ရအောင် ကိုပီတိ တောင်းရမ်းခြင်းအမှုပြုရတယ်။ လူရွှင်တော်ကို တစ်မျိုးချဉ်း၊ မင်းသမီးကို တစ်သွယ်ကပ်၊ ဇာတ်ဆရာကို တစ်နည်းဖားပြီး ဇနီးမယားရဲ့ ပွဲအာသာကို အကဲပါပါ အလိုဖြည့် လာလိုက်တာ ပေးဖျာ၊ ကမ်းဖျာ၊ လှမ်းဖျာ၊ ဝေဖျာ၊ နေရာစေ့ ထောင့်စုံ ဇာတ်ရှိသမျှ ကုန်အောင် မပွဲကြည်တို့ ဖရိုးဂုဏ်မြောက် ပွဲကြည့်ရောက်ခဲ့ရတယ်။

ကိုပီတိခမျာလည်း 'ဟာရိုးရော်ဘင်'ရဲ့ 'ကားပက်ဘက်ဂါး'ဆိုတဲ့ ဝတ္ထုနဲ့အပြိုင် မက်ဘက်ဂါးဘဝ ရောက်မှန်းမသိ ရောက်လာတာပေါ့။



www.burmeseclassic.com

**အဲ. . . မိုးလကုန်လို့ ဆောင်းနှင်းစက်တို့ ရာသီအိမ်တံခါး အခေါက် ဇာတ်ကြီးတွေလည်း အောက်ပြည်အောက်ရွာဆင်းရော ရေချိုးမမှား အစားမတိမ်းဘဲ** မပွဲကြည်တို့တစ်သိုက် သည်ရောဂါ ရလိုက်ကြတာပါပဲ။

တခြားဟုတ်ပါရိုးလား ပွဲကြည်၊ ပွဲမှို၊ ပွဲရို၊ ပွဲသီ လေးယောက် ခေါင်းချင်းဆိုင်ပြီး ငိုင်ငိုင်တွေတွေကြီးတွေ ဖြစ်လိုဖြစ်၊ ရေမွှေး ပုလင်းခွံတွေ ပန်းခြောက်တွေကိုင်ပြီး ပြုံးသလိုလို မဲ့သလိုလို လုပ်လိုလုပ်၊ စားချိန်လည်းမစား၊ အိပ်ချိန်လည်းမအိပ်၊ တစ်ခါတလေ တစ်ယောက်တည် တွတ်တွတ် တွတ်တွတ်နဲ့ စကားပြောတာ လိုလို သီချင်းညည်းတာလိုလိုနဲ့ သွေးယောင်ယောင်၊ လေယောင် ယောင်၊ ပယောဂယောင်ယောင်၊ စိတ်ရောဂါယောင်ယောင် တောင်မှန်း မသိ မြောက်မှန်းမသိ တုန်တုန်ချည့်ချည့်တွေ ဖြစ်ကုန်တော့ ဆွေမျိုး သားချင်းအပေါင်းအသင်းတွေက ဆရာဝန်ပြဖို့ ပယောဂဆရာနဲ့ စစ်ကြည့်ဖို့ မြန်မာဆေးဆရာနဲ့ ခေါ်ကုဖို့ အကြံညဏ်ဝိုင်းပေးကြ ပါတယ်။

ကိုပီတိကတော့ မပူပါဘူး။ ခပ်အေးအေးပဲ၊ လာပြီးအကြံပေး တဲ့ သူတွေကို ပြန်ပြောလိုက်တယ်။

"ဘယ်ဆရာဝန်နဲ့မှ ကုလို့ပျောက်မှာ မဟုတ်ဘူးဗျ၊ ဒီရောဂါက အချိန်တန်လို့ သူ့ရက်ရောက်ရင် ဆေးမလိုဘူး၊ သူ့ဟာသူ ပျောက် သွားမှာ"

"မင်းနှယ့်ကွာ. . . ကြံကြံဖန်ဖန်"

"မကြံဖန်နဲ့လေ. . . ကျုပ်တစ်ခုပြောမယ်၊ အနေပျက်အစား ပျက်၊ အအိပ်ပျက် အညောင်းမိလာတဲ့ ကြက်မျှားဟာ ဘာဖြစ် တတ်သလဲ။

"ကြက်နာကျတာပေါ့ဟ. . . "



www.burmeseclassic.com

www.burmeseclassic.com


"အဲသလိုပဲပေါ့. . . အခုလဲ အလကားရတိုင်း ဇာတ်ပွဲတွေ သွားကြည့်၊ အအိပ်ပျက်၊ အနေအစားပျက်၊ ဇာတ်တွေက အဝေးထွက်သွားတော့ ဟီလေးဟားလေးလုပ်တဲ့ အကျင့်ကလဲပျက်၊ တစ်ညလုံးထိုင်ရတာ. တစ်မိုးတွင်းလုံးရဲ့သုံးပုံနှစ်ပုံလောက်ဆိုတော့ အညောင်းတွေမိပြီး ဇာတ်နာကျနေတာဗျို့. . . ဇာတ်နာကျနေ တာ၊ မပူနဲ့ အချိန်တန်ရင် ပြန်ကောင်းသွားမှာ. . ."

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

၁-

## ❒ ကိုပီတိနှင့် ရှားလော့ဟုမ်းသစ်

"ဒေါက်. . . ဒေါက်"

"ပီတိလားဟေ့ ဝင်ခဲ့လေကွယ်"

အတွင်းကပေါ်လာတဲ့အသံကြောင့် ကိုပီတိနဲ့ဘေးမှာ ရပ်နေတဲ့ ကြာပေါ်ကို ဘယ့်နှယ်ရှိစဆိုတဲ့အကြည့်နဲ့ လှမ်းကြည့်ပြီးတံခါးကို တွန်းဖွင့်လိုက်တယ်၊ အခန်းထဲက ကုတင်ပေါ်မှာ ကတ္တီပါတဘက် နီညိုကိုခြုံပြီး ဆေးပေါ့လိပ်ဖွာရင်းထိုင်နေတဲ့ သူ့အငြိမ့်ထောင် ဒေါ်ပိုကာတင်၊ ကိုပီတိတို့ ကုတင်နံဘေးက ခွေးခြေပေါ်မှာဝင် ထိုင်ရင်း။

"အစ်မကြီး တံခါးခေါက်သံကြားရုံနဲ့ ကျွန်တော်မှန်းဘယ်လို လုပ်ပြီး သိတာလည်း. . ."

ဒေါ်ပိုကာတင်ပျော့တွဲတွဲအရေပြားမျက်နှာကို ရှုံ့လိုက်ပြီး။

"ဟဲ့ ဒီတံခါးကို ဒီလိုခေါက်တာဆိုလို့ ငါ့အိမ်က အောင်နက် နဲ့ နင်ဘဲရှိတဲ့ဥစ္စာ၊ အောင်နက်က အစာစားချင်ပြီဆိုရင် သူ့အမြီး နဲ့ တံခါးကို တဘုတ်ဘုတ်ရိုက်တော့တာလေ၊ နင်လည်း ငွေသုံး တောင်းချင်ပြီဆိုရင် ငါစိတ်ဆိုးမှာလည်းကြောက်တော့ လက်ခလယ် ထိပ်ကလေးနဲ့ တောက်ရုံတောက်တာမဟုတ်လား၊ ခုချိန်က အောင်နက် အိမ်လည်ချိန်ဆိုတော့ နင်ဘဲဖြစ်တော့မှာပေါ့၊ သူက နင်ခေါ်ချင်တယ်ဆိုတဲ့ လူပြက်လား. . ."

တောက်လျှောက်ပြောမေးမေးလိုက်တယ်

"ဟုတ်ပါတယ် အစ်မကြီး..."

ဒေါ်ပိုကာတင် ကြာပေါ်ကို ခြေဆုံးခေါင်းဖျား တစ်ချက် အကဲခတ်ရင်း

"ရွှေဘိုဘက်က လာတာမှတ်တယ်"

"ခင်ဗျာ... ဟုတ်... ဟုတ်ပါတယ်ခင်ဗျ"

ကြာပေါ် ရဲရှေ့ရောက်တဲ့ တရားခံလိုဖြစ်နေပြီ။

"ဆိပ်ခွန်မြောက်ဖျားမှာ နေပုံရသကွဲ့၊ မင့်အိမ်ရှေ့မယ် ထနောင်းပင်နှစ်ပင်ရှိရမယ်၊ အင်း ချည်တွေဘာတွေ ဆေးဆိုးတဲ့ အလုပ်လဲ လုပ်သကိုး"

ကြာပေါ်ခမျာ ငယ်ကျိုးငယ်နာတွေပါများ သိနေရောပါလား အတွေးနဲ့ ချွေးစီးတွေပြန်လာတယ်၊ တံတွေးမျိုရင်း တုန်တုန်ရီရီ လေသံနဲ့...

"တိ...တိကျလိုက်တာခင်ဗျာ၊ ဓာတ်ပုံရိုက်ထားတာမှ လွဲနေပါဦးမယ်၊ အစ်မကြီးရဲ့အတွေးနဲ့ ကောက်ချက်ဆွဲပုံက အံ့သြပြီးရင်း အံ့သြစရာပါလားခင်မျာ"

ဒေါ်ပိုက်တင့်ခွေးနဲ့တွေ့တဲ့ ကြောင်ရဲ့ မာန်ဖီသံမျိုး ရယ်လိုက်ပြီး၊

"ဒါ..ဘာမှ မခက်ပါဘူးကွဲ့ မနေ့ကဆိပ်ခွန်က ဆိုင်းဆရာ မောင်ကျော်အလည်လာရင်း မင်းကို ပီတိက စာရေးပြီးလှမ်းမှာ နေတယ်လို့ ပြောတာနဲ့ စုံစမ်းထားလိုက်တာပါ၊ ခပ်ရှိုးရှိုးခပ်မှန်မှန်အစားထဲကလို့လည်းပြောသွားရဲ့"

"ကိုင်း အစ်မကြီး လုပ်ငန်းစကားလေး..."

"နင် ယုံကြည်လို့ ခေါ်လာတာ ငါဘာမှပြောမနေပါဘူး၊ လိုချင်တဲ့ငွေသုံးနဲ့ ညကြေးသာ ပြောကြ၊ အလုပ်ကိုလည်း ကောင်းအောင် တိုင်ပင်ပြီး လုပ်ကြ"



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ကိုပီတိကိုယ်တိုင်ဦးဆောင်ပြီး စပေါ်တွေ၊ ညကြေးတွေ ...ကြ ပြောကြပြီး ဒေါ်ပိုကာ ...ဘင်စာချုပ်မှာ လက်မှတ်ထိုးခိုင်းရင်း

"မင်း. . . ဖဲလေးဘာလေးတော့ ရိုက်တတ်သလား" ဆိုတော့ ...ဘာပေါ့မျက်လုံးလေး ကလည်ကလည်နဲ့."

"ကျွန်တော် မကစားတတ်ပါဘူးခင်ဗျာ"

"အော်. . . ပိတိ၊ ပီတိ နှင့်အပေါင်းအသင်းတွေထဲမယ် ဒီလို ...သားတဲ့လူလဲ ရှိသေးသကိုး၊ ကိုင်းကိုင်း ငါလည်း ခလေးတွေ ...တာပြန်သွားတုန်းမို့ ပျင်းနေတာနဲ့အတော်ပဲ အပျင်းပြေ ပိုကာ ...စ်ဝိုင်းလောက်တော့ ဆော့ရအောင်၊ ရော့ နှင့်စပေါ်ငွေတွေ. . ."

"ကျွန်တော် အဟုတ်မကစားတတ်လို့ပါ အစ်မရယ်"

"ဟဲ့. . . မကောင်းတဲ့ အတတ်ဥစ္စာ ကျုရှင်တက်စရာမလို ...ဘူး၊ ပီတိ နှင့်ကောင်ကို စာရေးပြီးသင်ပေးလိုက်၊ လာစမ်းပါ ...ယ်၊ အလုပ်လုပ်ဖြစ်တဲ့ အထိမ်းအမှတ်ပေါ့၊ အဟတ်. . ...ဟတ်. ."

ဒီလိုနဲ့ အလုပ်ရှင်ကျေနပ်အောင် ကိုပီတိနဲ့ ကြာပေါ် ထိုင် ...စားလိုက်ကြတာ စပေါ်ငွေရဲ့ သုံးပုံတစ်ပုံဟာ သူ့အိတ်ထောင် ... ပြန်ဝင်သွားပါလေရော့၊ ဝိုင်းပြီးလို့ပြန်ကြမယ်လုပ်တော့. . .

"နောက်ကျရင် ပီတိမပါလည်း လာကစားလှည့်သိရဲ့လား၊ ...ာဒေါင်းရမယ်ဆိုလို့ကတော့ အစ်မသေရာကတောင် ထကစား ... နာမည်ကိုက ပိုကာတင်လေ အခုရှုံးတာလဲ ခေါင်းထဲမထား ...နော်၊ ဖဲဆိုတာ မနိုင်တဲ့အခါ ရှုံးတတ်တာမျိုးကွယ့်. . အဟတ် ...တ်. . ဟတ်"

ꩨ ꩨ ꩨ



www.burmeseclassic.com

www.burmeseclassic.com


အဲဒီအချိန်ကစပြီး ပိုကာတင်နဲ့ ကြာပေါ်၊ ကြာပေါ်နဲ့ ပိုကာတင်ဟာ ဝိညာဉ်တစ်ခုနဲ့ လူနှစ်ယောက်ဖြစ်သွားပါတော့တယ်၊ နေ့နေ့ညညပွဲအားချိန်၊ ပွဲနားချိန်တွေမှာ ဒေါ်ပိုကာတင်ရဲ့ ဆေးလိပ်မီးခိုးနံ့တွေ၊ မြေကြီးအစိုနံ့တွေနဲ့ မွန်းကြပ်နေတဲ့အခန်းထဲမှာ ဖဲမီးလှုံနေတဲ့ ကြာပေါ်ကို တွေ့နေရပါတယ်။ တစ်ခါတစ်ခါလည်း ပြောင်ပြောင်လက်လက်၊ တစ်ခါတစ်ခါလည်း ညှိုးညှိုးငယ်ငယ်၊ ဒါပေမယ့် ဒုတိယ တစ်ခါတစ်ခါ အဖြစ်နဲ့ပဲ အတွေ့များနေရတာတော့အမှန်၊ ပိုကာတင်ကလည်း သူဖောက်သည် မျက်နှာငယ် မခံပါဘူး၊ ပွဲခလည်း ညကြေးကုန်သွားရင် ကြိုသုံးထုတ်ပေးတယ်၊ ကြိုသုံးကုန်တော့ ကျန်နေသေးတဲ့ ပွဲချိတွေကို ဈေးလျှော့ပြီးဝယ်ယူတယ်၊ အဲဒီငွေကုန်ပြီဆိုမှ၊ အတိုးနဲ့ ထုတ်ချေးတယ်၊ အတိုးဆိုတာသူများလို လတိုး၊ နေ့တိုးမဟုတ်ဘူး၊ ပွဲတိုး၊ ပွဲတစ်ချိ ကပြီးတိုင်း ညကြေးထဲက အတိုးနှိမ်ယူထားပြီးသား ဒီယန္တရား ကြိမ်းဝါးခံနေရတာ ကြာပေါ်တင်မဟုတ်ဘူး၊ တစ်ဖွဲ့သားလုံး၊ ဆပ်လိုက် ထပ်ယူလိုက်၊ အတိုးနှိမ်လိုက်၊ ပြန်ဆပ်လိုက်၊ ပြန်ယူလိုက်၊ ဒီလိုနဲ့ ငွေတိုးကို အလုပ်အကြွေးပြုရင်း ပိုကာတင်ရဲ့ လူရင်းတွေအဖြစ် မမြဲချင်ပဲ မြဲနေကြရရှာတော့တယ်၊ ကြာပေါ့်စကားအတိုင်းပြောရရင်. . .

"နောက်စေ့မှာ မျက်လုံးပါသလား အောက်မေ့ရတယ် ပီတိရေ၊ ယိမ်းသမ ကလစ်ပျောက်တာကအစ၊ လူရွှင်တော် ပုဝါပျောက်တာအဆုံး ထိုင်ရာမထ ကုတင်ပေါ်ကဝေဖန်ပြီး ဖမ်းပေးနေတာ ကွက်တိပဲ၊ သူ့ရဲ့ မူလနာမည်က ခြောက်ထပ်ပေါက်တင်တင်တဲ့ဗျ ဘယ်လိုအမှုမျိုးမဆို ထရုံခြောက်ထပ်ကာထားဦး သူဖောက်ပြီးနိုင်တဲ့ သဘောပေါ့ကွာ. . ."


www.burmeseclassic.com

www.burmeseclassic.com

"မပဟုတ်ရပါဘူးအမေရယ်၊ သေချင်းဆိုးနဲ့သေရပါစေရဲ့"

"အပဟတ်. . အပဟတ်. . . ဟတ် ညည်းကငါ့ကို ငြင်းဖို့ စဉ်းစားနေသပေါ့" ဒါက ရွှေထွက်မင်းသမီးနဲ့ ပိုကာတင်တို့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံပွဲ၊

"အပဟုတ်ပါ အမေရယ်၊ သမီးပြောရင်ယုံပါ၊ အမေ့ကို သမီး မလိမ်ပါဘူး"

ဒေါ်ပိုကာတင်မဲ့ပြုံးပြုံးတယ်၊ ပြီးမှ. . .

"ညည်းအငြိမ့်ခန်းထွက်ခါနီး ဘင်းချောင်(အစုံတီးချောင်)မှာ ခနရပ်ပြီး ဒိုးတီးကြောင်ဘက်ကို ရပ်ကြည့်တယ်၊ ကြောင်က ညည်းကို မကြည့်ပဲ နေကြာစေ့တွေထုတ်ဝါးပြတယ်၊ ပြီးတော့ ညည်း ရွှေ့ကို ထွက်သွားတယ်၊ ဟိုကောင်ချောင်းတွေဆိုးပြီးကျန်နေရစ် တယ် ညည်းက နေကြာစေ့ကို ထမင်းလွတ်ဟင်းလွတ်စားတဲ့ ကောင်မ၊ ဟိုကောင်က ရင်ကြပ်ပန်းနာရှိတဲ့ကောင်၊ သွေးတိုးဝင်နေတဲ့ကောင်၊ အခုတော့ အချစ်အတွက် အသက်ပင်သေသေဆိုတဲ့ တဏှာရူးထုံး၊ နှလုံးမူပြီး စွန့်စားပြီးစားပြနေတယ်၊ ပြီးတော့ သွေးကျဆေး ငါ့ဆီက တောင်းသောက်တယ်၊ ဒါ. . ဘာအဓိပ္ပါယ်လဲ. . ကဲ ညည်းရှင်းစမ်း"

ရွှေထွက် ဘာမှ ငြင်းနိုင်စွမ်းမရှိတော့ဘူး၊ ကြက်တူရွေးကို ညှော်တိုက်ထားသလိုဖြစ်နေပြီ၊ ခိုးထုပ်ခိုးထည်နဲ့ အပိုင်မိသွားတာမို့ လေလျှော့လေးနဲ့. . .

"အမေပေးတဲ့ အပြစ်ခံရုံပါပဲ၊ သမီးတို့ ချစ်နေကြပါပြီ"

"ဒီလို သတ္တိရှိပါအေ၊ ဟိုကောင်ကလည်း လူပျိုမို့ ငါမငြင်းပါဘူး၊ ညည်းဘက်က သဘောမျှတယ်ဆိုရင် ပေးစားဘို့ပါပဲ အေရယ်. . ."

ကိုပီတိနဲ့ကြာပေါ် ဘယ့်နှယ့်ရှိစဆိုတဲ့ အကြည့်ချင်ဆုံးသွားတာတော့အမှန်. . .


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ပီတိ၊ ငါပန်းနာထနေတယ်၊ ဒီပွဲငါလိုက်နိုင်မှာ မဟုတ်တော့ဘူး၊ အဲတော့ နင်ပဲငွေကိုင်၊ စာရင်းကိုင်ပြီး၊ ရှင်းပေးခဲ့ပေတော့. . ."

တစ်နှစ်တာရဲ့ နောက်ဆုံးပွဲ၊ နှစ်ကျွတ်ပွဲ၊ ကိုပီတိ စာရင်းတွေယူရင်း

"ဟဲ့. . . လိုရင် လိုသလောက်ပေးလိုက်ပေါ့၊ နောက်လထဲလည်း ပွဲမှမရှိတော့တာကိုး. . . အဲ. . . နင်နဲ့ကြာပေါ်က ဟိုအငြိမ့်သစ်နဲ့ စကားကမ်းလှမ်းထားတယ်မဟုတ်လား၊ အဟတ်. . ဟတ်၊ ဒါပေမယ့် လိုရင်တော့ နင်တို့လဲ သုံးကြပေါ့၊ ဟိုတစ်ဖက်က အမ်းရင် ငါပိုရတာပေါ့ကွယ်၊ အဟတ်. . ဟတ်။"

အဲဒါနဲ့ အဲဒီနှစ်ကျွတ်ပွဲကို သွားကကြရတယ်၊ မန္တလေးနဲ့လည်း သိပ်ဝေးနေတဲ့နေရာမဟုတ်ဘူး၊ ရွာသစ်ကြီးရဲ့ အနောက်ဘက် အဲဒီပွဲရဲ့ ပထမည ပွဲသိမ်းပြီးတာနဲ့ ထုံးစံအတိုင်း ကိုပီတိတို့ဖွတ်ချင်းအမြီးလိမ်တဲ့ ဖဲဝိုင်းစပါလေရော၊ နှစ်ကျွတ်ပွဲဆိုတော့ အဖွဲ့သစ်မှာ အလုပ်ပြောင်းသူတွေကို အဖွဲ့ဟောင်းကျန်သူတွေက ရက်ရက်စက်စက် ဆော်တဲ့ပွဲပေါ့၊ လက်ကျန်လူတွေက ငွေကို ပိုသုံးခွင့်ရတာကိုး၊ မိုးလေးကလည်း ဖြိုက်ဖြိုက် ရွာလိုက်တော့ အငြိမ့်ခုံအောက်မှာ မိုးခိုနေတဲ့ ဘောလုံးသည်လေးကလည်း တစ်အိမ်ဝင်ပါပါလေရော၊ မိုးလဲလင်းရော အဖွဲ့သစ် ကူးမဲ့လူတွေကနိုင်၊ လက်ကျန်လူတွေက ရှုံးရော၊ ဘောလုံးသည်လေးလည်း ရောင်းရသမျှ ငွေကုန်ပြီး ပါလာတဲ့ စက်ဘီးလေး ပေါင်ရတဲ့ဘဝရောက်ကရော. . . ငွေကို ပိုသုံးခွင့်ရတဲ့ လက်ကျန်လူတို့ ထုံးစံအတိုင်း ငွေသုံးထပ်ယူပြီး၊ ဒုတိယတစ်ချီ ဆော်လိုက်တော့ အဖွဲ့သစ်လူတွေရော အဖွဲ့ဟောင်းလူတွေပါ အကုန် ပြုတ်ပြုတ်ပြုန်းပြီး၊ ဘောလုံးသည်လေးဆီ အကုန်နိုင်ငွေတွေ စုပြုံပါလေရော၊ ကြာပေါ်လည်းပါလာ



www.burmeseclassic.com

တဲ့ လက်စွပ်၊ ဆွဲကြိုး၊ နာရီတွေ အကုန်ပြောင်၊ ငွေသုံးတွေကလည်း ယူပြီးရင်းယူ၊ ကိုပီတိလည်း တောင်ရှည်ပေါင် ငွေသုံးယူနဲ့ နလံမထူအောင် တစ်ဖွဲ့လုံး ရှုံးကြပါလေရော. . . ဒီလိုနဲ့ ဒုတိယပွဲ အပြီး ညှိုးငယ်စွာနဲ့ အိပ်နေကြတော့. . .

၂ ၂ ၂

"အဟတ်. . . အဟတ်. . . ပီတိ နင်တို့အဖွဲ့မယ် ကစားဝိုင်းပါပြီကွယ့်" ငွေအသုံးစာရင်းကိုကြည့်ပြီးဝေဖန်လိုက်တဲ့ ဒေါ်ပိုကာတင်ရဲ့စကားကြောင့် ကိုပီတိမျက်လုံးပြူးသွားတယ်"

"အစ်မကြီး. . . ဘယ်. . . ဘယ်လိုများ. . ."

ဒေါ်ပိုကာတင်၏ အဖွဲ့သားတွေကို တစ်ချက်ဝေ့ကြည့်ရင်း

"ဟဲ့. . ဟဲ့ နင်တို့ပွဲသွားကတာ နယ်စပ်မဟုတ်ဘူးလေ၊ ပစ္စည်းဝယ်ဖို့တောင်းရအောင်ကလည်း ရွာသစ်ကြီးအနောက်ဘက်၊ ပဲနဲ့ ဂျုံကလွဲရင် ဘာရှိမှာလဲ၊ ခုကြည့်စမ်း တစ်ညမှ ငါးရာရတဲ့ ကြေးတီးဝဝင်းက အသုံးလေးထောင်၊ ကားဆွဲဖိုးပိန်က နှစ်ထောင့်ငါးရာ၊ ဟို ယိမ်းသမ မိခိုင်ကအစ သုံးထောင့်ခုနစ်ရာဆိုတော့၊ ဒါကစားလို့ ရှုံးကုန်တာကလွဲရင် ဘာရှိမှာလဲ ပီတိရဲ့. . ."

ကိုပီတိ ခွေးအကြီး လှည်းနင်းထားတော့သလိုဖြစ်နေခိုက် ဒေါ်ပိုကာတင်စကားဆက်တယ်၊

"ဟိုကောင်ကြာပေါ်က သောင်းရှစ်ထောင်နဲ့၊ အခု လက်စွပ် ဆွဲကြိုးတွေပါ ကုန်ခဲ့ပြီမဟုတ်လား၊ မင့်လက်မှာ အဖြူရာ အကွင်းလိုက်ပဲ ကျန်တော့တယ်၊ တစ်သက်လုံး ဆွဲကြိုးကြွားချင်လို့ ရင်ဘတ်ကြယ်သီးဖွင့်လာတဲ့ နင်က ခုလည်ပင်း ကြယ်သီးပါတတ်လို့၊ အဟတ်ဟတ်. . . ပီတိ နင်လည်း တောင်ရှည်ပါ ပေါင်ခဲ့ရသလားဟတ်လား၊



www.burmeseclassic.com

မလိမ်နဲ့နော်"

ကိုပီတိ ကြက်သီး ဖြန်းဖြန်းထသွားတယ်၊ မျက်ကွယ်ကိစ္စမှန်သမျှကို မျက်မှောက်အမြင်နဲ့ ကောက်ချက်စွဲ ဆုံးဖြတ်နိုင်စွမ်း ရှိတဲ့ ဒေါ်ပိုကာတင်ကို ကြောက်ရွံ့ရိုသေစွာနဲ့. . .

"အစ်မကြီးရယ် ဒီလောက်ထိ အသေးစိတ်ကွက်တိသိနေရအောင် အစ်မကြီးမှာ ဘယ်လိုပါရမီမျိုးများ. . ."

ကိုပီတိစကားမဆုံးခင် ဒေါ်ပိုကာတင်လက်ကာရင်း . . .

"နင်တို့ ရှေ့နှစ်အတွက် စာချုပ်လက်မှတ်အရင်ထိုးကြ ပြီးရင် ငါပြောပြမယ်. . ."

အဖွဲ့သားအားလုံး ရှေ့နှစ်ဆက်လုပ်ရေး ငွေသုံးများရကြောင်း လက်မှတ်ထိုးအပြီးမှာ ကိုပီတိက . . .

"ကိုင်း ကျွန်တော်တောင်ရှည်ပုဆိုးပေါင်တာ ကြာပေါ် လက်စွပ်နဲ့ဆွဲကြိုးပေါင်ပြီးရှုံးရတာ အစ်မကြီး ဘယ်ကောက်ချက်နဲ့ ဘယ်အယူအဆသုံးပြီးသိသလဲဆိုတာ . . ."

ဒေါ်ပိုကာတင် လင်းတတစ်ကောင်ရဲ့အပြုံးမျိုးပြုံးပြီး

"ဘာကောက်ချက် ဘယ်အယူအဆမှမလိုဘူး ကိုပီတိရဲ့ နင်တို့နှင့် ဖဲဝင်ရိုက်တဲ့ ဘောလုံးသည်ဟာ ငါထည့်ပေးလိုက်တဲ့ ငါတူ ဖဲလိမ်ဝိဇ္ဇာပြေးကွဲ့. အဟတ်. . ဟတ်. . ."

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

# ❒ ကိုပီတိနှင့် ပွဲငှား (၁)

"ရွှေမျက်လုံးနဲ့ပြူးတဲ့သခင်၊ မြမျက်လုံးနဲ့ပြူးတဲ့သခင် အမယ်လေး မွေးသမိခင်ကျေးဇူးရှင်ပါဘုရား၊ ပွဲစုံကျင်းပ၍ ပွဲစုံခင်း ပါသည် ဘုရား။ လက်ဖက်ဦးနဲ့ဖူး လက်ဖက်ပွဲနဲ့ခွဲပါသရော့ အဟွတ်. . ဟွတ် ဟွတ်. . . ထွမ်. . အဲ. . အဲ ပွဲဦးမင်း၊ ပွဲလယ် မင်း၊ ပွဲသိမ်းမင်းကြီး ပါဘုရား။ ကြက်ဖို၊ ကြက်မ၊ နှစ်ဖြာသပါတယ် ဘုရား။ လာသမျှ ပွဲငှား ဂုတ်ဆွဲ၍ အိမ်အတွင်းသွင်းပေးပါဘုရား။"

ကြက်သားကြော်ပန်းကန်ကိုမြှောက်ရင်း ကလေးများ စာပြန် သလို တွတ်ပွ၊ တွတ်ပွနှင့် နတ်တင်နေတဲ့ နတ်ကတော် အမေရိုက်ကို ကြည့်ရင် ကိုပီတိသူ့ကိုယ်စားမောနေမိတယ်။ အထစ်အငေါ့မရှိ ပါစေနဲ့။ ဖြောင့်ဖြူးပါစေလို့။ ကြိတ်ပြီးဆုတောင်းပေးနေခိုက် အမေရိုက် သူ့ကိုတစ်ချက်လှမ်းကြည့်ပြီး မေးဆက်ပြလိုက်သည်။ ပူမနေပါနဲ့ ပီတိရယ် အမေလုပ်နေကြပါဆိုတဲ့အသွင် အမေရိုက် ချောင်းဟန့်ပြီး ဆက်လိုက်တယ်။

"ရိုးရာကိုကိုးပါတယ်ဘုရား တနင်္လာသားနဲ့ ကြာသပတေးသမီး ဦးစီးတဲ့ဒီအငြိမ့်အဖွဲ့ကြီး အောင်မြင်ကျော်ကြား ပွဲငှားတွေ ခြေချင်း လိမ်နေအောင် ဆောင်ရွက်ပေးတော်မူပါဘုရား။ မစပေးတော်မူပါ ဘုရား။ ရှမ်းပြည်နယ်ကပွဲငှား ကိုးမြို့ရှင်အဖေကြီး ဆွဲထားတော်မူ ပါ။ မကွေးတိုင်းကပွဲငှား ပခန်းအဖေကျော် ခေါ်ထားပါ။ မန္တလေး တိုင်းတာဝန် မန္တလေးဘိုးဘိုးကြီး ကျေပွန်ပါစေ။ မတ္တရာ ပွဲငှား တောင်ပြုံးအရှင်နှစ်ပါး တာဝန်ပါဘုရား. . . "



www.burmeseclassic.com

အံ့သြစရာကောင်းလှချည်လား အမေရိုက်ရယ်၊ (၃၇)မင်းတို့ ဂျူတီချပေးနေလိုက်တာ ခင်ဗျားကမြန်မာနိုင်ငံလုံးဆိုင်ရာ ဒေဝတာ လုပ်ငန်းခွဲဝေရေး ညွှန်ချုပ်များလားဗျာ။ ကိုပီတိ မျက်စိ ရှမ်းနီခေါင်းပေါင်းတွေ တလွှားလွှား၊ တောင်ရှည်တဖားဖားနှင့် ပွဲငှားကို အမိအရလိုက်ရှာနေကြတဲ့ (၃၇)မင်းတို့ရုပ်ပုံလွှာတွေ ပေါ်နေလေရဲ့။ အမေရိုက်ကတော့ သူတာဝန်သူဆက် ဆောင်ရွက် နေပေမယ့် ကိုပီတိရဲ့အာရုံတွေက အဲဒီဖြစ်ရပ်ရဲ့ ပထမကာလဆီ ကို ဘက်ဂီယာထိုးပြီး ချီတက်သွားကြပါပြီ။

◻ ◻ ◻

"တောက် . . . ပွဲငှားတွေ သေများသေကုန်ကြပြီလားကွာ. . . အောက်တိုဘာနှင်းနုတွေ သွေးပျက်သွားလောက်အောင် ဗူး လောင်လောင်ကြီးညည်းချလိုက်တယ်။ အငြိမ့်ထောင်ဦးဘကျန်ရဲ့ မျက်နှာကို ကိုပီတိငေးကြည့်ရင်း အကဲခတ်နေလိုက်တယ်။ အင်း. . . အငြိမ့်ထောင်သက်တမ်းတလျှောက်လုံး အလုပ်သမား တွေ၊ သဘင်ပညာရှင်တွေ၊ ကြိုသုံးငွေပေးရမှာစိုးလို့ စာရင်းထိုး တွေပေါ်မှာစိုးလို့၊ ခြေတော်တင်ထားတဲ့ အငြိမ့်သမက တရားစွဲမှာ စိုးလို့ အချိန်နဲ့အမျှ ရှုတ်ထား၊ မဲ့ထား၊ တင်းထားရလေတော့ သူ့မျက်နှာအရေပြားပျော့တွဲတွဲပေါ်မှာ အရေးအကြောင်းတွေ ရှုပ်ရှုတ်ခတ်နေပုံမှာ လင်းနို့ကိုကြောင်ကုတ်ထားသလိုပါပဲလား ကြည့်နေရင်း အရေးအကြောင်းတွေ တွန့်ကွေးပူးကပ်ကုန်တယ်။ ဩော်. . ထပ်ပြီး မျက်နှာကို ရှုတ်တော်မူလိုက်တာကိုး . . ."

"မင်းတို့ကလည်း ဘာမှကြိုးစားမှုမရှိကြဘူး"

အလိုဗျား . . ကိုယ်ဟာကိုယ် ပေါ်ချောင်ကောင်တွေရှာပြီး သက်သာသလိုထောင်ထားတာ အလကား လူကြိုက်ပါ့မလား


www.burmeseclassic.com

www.burmeseclassic.com

ဒီအဖွဲ့ထဲမှာ အလုပ်လုပ်ဖို့က ကျုပ်ကိုလာခေါ်ကတည်းက ခင်ဗျား ရဲ့အယူအဆကို ကြေငြာပြီးသားလေ . . .

"မင်းက နာမည်လည်းရှိ ပွဲချီလည်းရှိဆိုတော့ မင်းနာမည်နဲ့ ရိုက်စားလုပ်ရမှာပဲလေကွာ၊ ကျန်တာကတော့ မီးခြစ်ကျောက် ပရှုပ်လုံးသုံးမျိုးတစ်ကျပ်တန်တွေပဲ ခေါ်တော့မယ်"

ပြန်သတိရလိုက်စမ်း ဦးဘကျန်၊ ခင်ဗျားဟာ ဦးဘကျန်ကနေ ဦးဘအကျန် အဖနဲ့လို့ ပြောင်းခေါ်ဘို့ကောင်းနေပြီဗျ၊ နာမည်ကြီး လူရွှင်တော်တစ်ယောက်ကိုခေါ်၊ သူ့မှာတပ်ပုံကြီးကြီးနဲ့ ပိုစတာရိုက် ကျန်တာတွေကို အချောင်နှိုက်ပြီး တီးလုံးတိုက် ကတာပဲကွာ၊ တစ်ချီ ဟန်မကျရင် တစ်ချီဟန်ကျမှာပါဆိုတဲ့ လေချိုသွေးလို့ ပလာတာ အလုပ်သမားလူထွက် ကွမ်းယာသည် တစ်ဖြစ်လဲ ဝါသနာရှင်လေး တွေကို လူရွှင်တော်တင်ပြီးကျုပ်ခရီးနှင်လာတာ တကယ့်ပညာရှင် တွေမဟုတ်တော့ မလုပ်တတ်မကိုင်တတ်၊ အဖြတ်မသိ၊ စည်းကမ်း မရှိဆိုတော့ ပွဲမကြိုက်၊ ပွဲမလိုက်တော့ဘူး၊ အဲဒါကျုပ်အပြစ်လား ဟင်၊ ခင်ဗျားကြီးအချောင်ကြိုက်လို့ အကြပ်တွေ့နေတာ မဟုတ် ဘူးလား။

အဲဒီစကားစုတွေကို ပီတိရင်ထဲမှာ ရှုန်းရင်းဆန်ခတ် ဖြစ်နေ ရာက နှုတ်ဖျားဆီကို ထိုးထွက်လာတာကတော့ . . .

"အဟယ် . . . အဟယ် ကျွန်တော့် ကောင်လေးတွေကို ထပ် မောင်းပေးပါဦးမယ်၊ အဟဲ"

"အမှန်က မင်းမှာလဲ အပြစ်မရှိပါဘူး"

အော် . . . ဒီလိုတော့လည်း ခင်ဗျားမှာ လူစိတ်ရှိသေးသားပဲ၊ ဝန်ခံ၊ ဝန်ခံလိုက်၊ ငါ့ဘက်က လိုအပ်ချက်တွေပါ၊ ငါ အလွယ်ခမ်း လိုက်မိတဲ့အပြစ်ပါ၊ နောက်ကို ဒီလိုအဖြစ်မျိုး မဖြစ်စေရပါဘူး မောင်ပီတိရယ်လို့ . . .



www.burmeseclassic.com

www.burmeseclassic.com


"ငါ့မိန်းမ အသုံးမကျတာကွ"

မင်းသာ အကြားအမြင်ဟောစားရင် ငတ်သေသွားနိုင်တယ် ပီတိ၊ ထင်မြင့်ယူဆချက်နဲ့ လက်တွေ့ဖြစ်ပေါ်မှုဟာ ဆန့်ကျင်ဘက်တွေချည်းပါလားဗျ၊ ဦးဘကျန် သူ့ခေါင်းပေါ်က ကြာဆံဟင်းကို တဖျင်းဖျင်းကုတ်ရင်း. . .

"ဝါမဝင်ခင်ကတည်းက ရိုးရာတင်ပါ၊ ရိုးရာတင်ပါလို့ ငါအတန်တန် ပြောရက်နဲ့ ပေ့တာလကွ. . . ဟော ဝါလည်းဝင်ရော မတင်လိုက်ရတော့ဘူး၊ ခုဝါကျွတ်ပြီ နတ်တင်ပါဟဆိုတော့ နေ့ရွှေ့၊ ညရွှေ့ လုပ်နေပြန်ရော၊ မင်းလဲသိပြီးသားပဲ နတ်ဆိုတာ ကောင်းကျိုးသာနှေးမယ်၊ ဆိုးကျိုးကျ ချက်ချင်းပေးတတ်တာကွ၊ ခုလည်း အမျိုးတွေဆီက ပြန်မှပဲ သူ့ကိုစောင့်နေရင်း သုံးဆယ့်ခုနစ်မင်းသာ နတ်သက်ကြွေသွားမယ်၊ တင်ဖြစ်မှာမဟုတ်ဘူး၊ သန်ဘက်ခါလောက်ကျရင် ငါ. . . သောက်ပွဲကျင်းပြီး ရိုးရာတင်မယ်၊ မင်းအသိနတ်ကတော်တစ်ယောက်လောက် ခေါ်ခဲ့ကွာ၊ ပေါချောင်ကောင်းထဲကပေါ့။"

❑ ❑ ❑

"ဟော့. . . ညီဘွား တနင်္လာသားကြီး လာကွ"

တုန်စူးအက်ပြာ အသံကြီးက ကိုပီတိရဲ့ အတွေးတွေကို ဆွဲဆောင့်ခေါ်ယူလိုက်တယ်. . . အော် အမေရိုက်တောင် သရုပ်ဆောင်နေပါပကော။ မျက်စိစုံမှိတ်ပြီးခေါင်းတဆတ်ဆတ်ညိတ်နေတဲ့ အမေရိုက်အနီးကို ဦးဘကျန် ရို့ရို့လေး လက်အုပ်ချီပြီး ကပ်သွားတယ် အမေရိုက် ကိုပီတိဘက်လှည့်ရင်း

"ငါ့ညီ အင်္ဂါသားက ပင့်လို့ ကိုကြီးမင်းဆီကြွလာတာနော်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့. . . အဲ. . အဲ မှန်လှပါကိုကြီး"

"မင်းတို့ ပေါ့ဆတာတွေ သိသမှတ်လားကွ"

"သိ. . . သိပါတယ် ကိုကြီး၊ အဲဒါ တောင်းပန်ချင်လို့"

"ခလုတ်ထိမှ အမိတ၊ ဒုက္ခကြုံမှ နတ်စုံပသ တယ်လေ. . . ငါ"

ဟိုး. . . ဟိုး အမေရိုက် အိုဗာအက်ရှင်ဖြစ်ကုန်လိမ့်မယ်၊ ဒီလောက်ဆိုရင်ကွက်တိပဲ၊ ကိုပီတိထိပ်က လှမ်းပြီးတားနေတုန်း

"အိမ်တော်ပါ အဂ္ဂီသား. . . ရှောဟော့၊ နတ်ငွေနဲ့ လာဘ်ချွေစမ်း၊"

ငွေဖလားထဲက နှိုက်ပြီး ပြစ်ပေးလိုက်တယ်၊ ငါးရာတန် သုံးရွက်ကိုကြည့်ရင်း ကိုပီတိအံ့ဩနေတုန်း ကောဟ်ယူသင့်မယူသင့် စဉ်းစားနေတုန်း ဦးဘကျန် ခပ်ပြုံးပြုံး အရေပြားကို မျက်နှာပေါ်ခဏ ငှားဝတ်ထားရင်း

"ယူလေကွာ. . . ငါပေးတာမဟုတ်ဘူး၊ ကိုကြီးစွန့်တဲ့ဥစ္စာ"

"ဒါမှ ပခမ်းမင်းညီဘွားကွ၊ ထောင်မြင်ရင် ရာစွန့်ရဲရမှာပေါ့ ဟေ့ညီတော် မကြာခင်ပွဲငှားကို ခေါ်ပေးမယ်ကွ သုံးဖို့တစ်ဖို့ သုံးခိုင်တစ်ခိုင် ငါ့ကို လှူနိုင်ပါ့မလား"

"လှူ. . . လှူနိုင်ပါတယ်ကိုကြီး. . . လှူပါ့မယ်ဘုရား"

"ကြံသုံးချောင်းနဲ့ ပေါက်ပန်းဖြူတင်စမ်းကွ သောက်တော်ရေမပြတ်စေနဲ့ . . . ကိုင်း ဝတ်လဲတော်ဖိုး . . . ဘောင်းတော်ဖိုး ဆက်စမ်းကွာ. . ."

နာမည်နဲ့လိုက်အောင်ရိုက်ချသွားတဲ့ အမေရိုက်ပါဘဲလား ခင်ဗျာ တစ်သက်လုံး ကုပ်ဈာပ်စီစစ်လာခဲ့သမျှ ဦးဘကျန် ဒီတစ်ချီ ဦးဘခံဖြစ်သွားရှာပါပေါ့လား လိုချင်တာတွေ အကုန်ရပြီဆိုမှ အမေရိုက် ဝါးခနဲသမ်းပြီး သူ့လုပ်ငန်းကို တခန်းရပ်လိုက်တယ်။

"ပခန်းမင်းကြီးက ဘာများမိန့်သွားတုန်း"


www.burmeseclassic.com

ဟော . . . မသိချင်ယောင်ဆောင်ပြီး မေးနေပြန်ပြီ အော်သူ့ခမြာလည်း ကျရာတာဝန်ပီပြင်အောင် ဆောင်ရွက်ရရှာတာဘဲလေ၊ ဦးဘကျန်ပြန်ဖြေဘို့ ပါးစပ်ပြင်နေတုန်းမှာ အမေရိုက်ဆက်ပြောတယ်

"သူခိုင်းတာသာလုပ်ပါလေ မကြာခင်အဆင်ပြေသွားမှာပါ"

လက်ကလည်း ကြက်ကြော်ပန်းကန်ကိုကောက်ယူပြီး ကျွတ်ကျွတ်အိတ်ထည်းကိုထည့်တယ်. . ."

"အခုတော့ နတ်ပြစ် . .'နတ်ဒါဏ်လဲ ကင်းသွားပါပြီကွယ်"

လက်ဖက်သုတ်၊ ငှက်ပျောသီး၊ အုန်းသီးတွေ ကောက်ထည့်တယ်

"နတ်နာလိုတော့ ဖြိုဟ်မတာပေါ့ကွယ်. . ."

စီးကရက်ဘူး ဘိလပ်ရည် အရက်ပုလင်းတွေ ပါသွားပြီ။

"ပီတိ ဒါတွေနင်ယူခဲ့ အိမ်ကျမှ ဆက်ပြီးတင်ရမယ် အမေတအပိုလည်းမပြောတတ်ဖူး ဖြစ်မယ်ဆိုရင် ဖြစ်ကိုဖြစ်ရမယ်. . . လွန်ခဲ့တဲ့သုံးနှစ်လောက် အမေ့ရပ်ကွက်မှာ မီးလောင်ကိန်းရှိတယ် ကိုယ်တော်တွေက မီးမြင်လို့ပြောတာဘယ်သူမှ မယုံကြဘူး အပြောင်အပျက်တွေပြောပြီး ရယ်နေကြတာ ဘာကြာလို့လဲ တစ်ရပ်ကွက်လုံးမီးဘေးသင့်ပြီး၊ ပြာကျသွားပါရောလားကွဲ့ အဟက်. . ဟက်. . . ဟက်. . ."

ဦးဘကျန်ပါးစပ်အဟောင်းသားနဲ့ အထင်တကြီးငေးကြည့်နေတုန်း အမေရိုက် ထိုင်ရာကထရင်း

"အမေလည်း မီးမရှိသေမှုနဲ့ ထောင်သုံးနှစ်ကျရော . . အမေ့အိမ်ကစလောင်တာလေ . . . အဟက်. . . ဟက် ဖဲ့ပီတိ သွားကြစို့. . ."



www.burmeseclassic.com

www.burmeseclassic.com

"ပီတိ . . ဟေ့ပီတိ . . ဟီဟီ . . ပွဲ . . ပွဲငှား . . ပွဲငှား . . ပွဲ တည့်သွားပြီကွ ပီတိရ ဟီ. . . ဟီ. . ."

ပြုံးဖြီးဖြီးနဲ့ မြူးမြူးကြီးပြောရင်း ဝင်လာတဲ့ ဦးဘကျန်ရဲ့ အပျော်မျက်နှာကို ကိုနီကာဖလင်ကြော်ငြာထဲက ကျားကြီးနဲ့ တူတယ်။ ခင်ဗျားရဲ့ရွှင်ပျမှုတွေဟာ ကျုပ်ရင်ထဲမှာ ကြောက်ရွံ့မှု တွေအဖြစ် စီးဝင်နေပါပြီဗျာ . . . ဘာပဲဖြစ်ဖြစ် အမေရိုက်နဲ့ ငါနဲ့ပူးပေါင်းဆောင်ရွက်မှုရဲ့ အသီးအပွင့်ပေါ့လေ

"မြို့ပေါ်ပွဲလား . . . နယ်ပွဲလားဗျာ. . ."

"မြို့ပေါ်ကွ . . . ဒါပေမဲ့ ငါနယ်မှာကတဲ့ကြေးနဲ့ လက်ခံလိုက် တာ တစ်နေ့နဲ့တစ်ညကို တစ်သိန်းလေးသောင်း . . ."

ဘုရား. . . ဘုရား တစ်ညလေးသောင်းနှုန်းတောင် မနည်း အသနားခံပြီး တောင်းရတဲ့အဖွဲ့က အခုတော့

"အလှူလား . . . ဘုရားပွဲလား. . ."

"နတ်ကနားကွ . . ." "ဗျာ"

ကိုပီတိရဲ့ ထူပိန်းပိန်းမျက်ခုံးနှစ်ခု အမြင့်ခုန်ပြိုင်ကုန်ကြတယ်၊ ဦးဘကျန်မျက်စေ့ကလေးတွေ ခပ်စင်းစင်းနဲ့

"ဒီလိုလေကွာ . . . မနက်ကမင်းနတ်ကတော် ဒေါ်ရွှေရိုက် ရောက်လာတယ်၊ သူတပည့်အိမ်မှာ ကိုကြီးကျော်ပုံတော် လိပ်ပြာ သိပ်ပွဲနဲ့ နန်းတက် ကနားတီးဖို့ ဆိုင်းလာငှားတာတဲ့၊ ဒီရာသီမှာ ပွဲချိုလှိုင်လှိုင်ရတဲ့ အဖွဲ့တွေချည်းပဲ မဟုတ်လား၊ ငါတို့သာ ပေါ်ချောင်ကောင်းတွေများနေလို့ အငှားနည်းပြီး ပွဲကြိနေတာလေ၊ ဒါနဲ့ ငါ့ခွင်ပဲဆိုပြီး နှစ်သိန်းအောချလိုက်ရော မိန်းမကြီးပြာတို သွားတာပေါ့၊ နာရီဝက်လောက် ငိုမလို ရယ်မလို အသနားခံလွန်းလို့ ငါတစ်သိန်းလေးသောင်းနဲ့ လုပ်ပေးလိုက်တာ တစ်ဖွဲ့လုံးမှ လေးသောင်း ရတာ အခုဟာက ဆိုင်းသမားတွေနဲ့မင်းနဲ့ ခုနစ်ယောက်တည်း ဆိုတော့ ဟီဟိ. . . ဟိုနေ့က ငါကုန်တဲ့ငွေသုံးသောင်းကို သုံးဆ...



www.burmeseclassic.com

ပြန်မြတ်သွားတာပေါ့. . . မင်းက အဖွဲ့ဦးစီးဆိုတော့ လိုက်သွားဦး၊ ဘယ်အဆိုတော်မှ ငှားမထည့်ဘူး၊ မင်းဟာမင်း ကြည့် လုပ်ခဲ့။ အော်. . . သူတို့က ရိုးရိုးနတ်သီချင်းတွေထက် ခေတ်သီချင်းမြောက်တွေ ပိုကြိုက်သတဲ့ ကိုကြီးကျော်ရဲ့ပွဲမို့လို့ ဟိုနေ့က မင်းကို စွန့်တဲ့ ထောင့်ငါးရာကို ကြိုသုံးမှတ်လိုက်ပြီ ဟီဟိ"

တိမ်ပုဝါခြုံလွှမ်းပြီး လခြမ်းကွေးက ကြယ်ကလေးကို ပန်းလို ပန်ထားတယ်၊ စောင်မည်းလေးနဲ့ မှေးစင်းနေတဲ့ လောကဟာ လမင်းရဲ့ အလင်းမြှင်တွေ ကျီစယ်မှုကြောင့် လူးလွန့်စ၊ ရင်ဖိုမြူး ကြွ၊ ပတ်မတီးချက်တွေဆင့်ကဲ ဆင့်ကဲ ပေါက်ကွဲဖွာလွင့် နှင်းပွင့်တွေ ထိတ်လန့်နေခိုက်၊ ကွဲရှရှ ပြာလဲ့လဲ့ ကိုပီတိရဲ့အသံ ညဥ့်ဦးယံရဲ့ အလှအပတွေကို ဝါးမြိုစားသုံးလိုက်တယ်. . .၊ ခဏ. . . ခဏ. . . ခဏ. . . ခဏ နဲ့ပေါ့။

"ကနားရဲ့ဘေးနားမှာ ငေးပြီးကြည့်တာတောင်
နတ်ပူးပြီး ရည်းစားစကားတွေပြောတာ
ရမ်၊ ဂျင်တွေ အတုရွေးဆက်တဲ့ နတ်ဆရာ၊
အရှင်သခင်တွေ ဒဏ်ခတ်တော့မှာလား. . .
အနားတိုးပြီး ကြက်ခြောက်ကြော် စားဖို့ကြံတာတောင်
ရှင်ကတော့ အမိအရ လိုက်ဆွဲတာ. . . တကယ်ပါဝဲ

ရှင့်သောက်တော်ပွဲမှာ သိပ်ချစ်တယ်၊ ပွဲဦးမင်းကြီးရာ. . . ခဏ. . . ခဏ. . ရမ်သောက်လိုက်ရ ခဏ. . ခဏ ကြက်လောင်းလိုက်ရ. . . ခဏ. . ခဏ ထန်းရည်မော့လိုက်ရ။

ဒီမှာမူးနေပြီသိရဲ့လား၊ ဒီမှာမွဲနေပြီသိရဲ့လား"

အခုလို နားဆင်တာ ကျေးဇူးတင်ပါတယ်. . . ကျွန်တော် ဆုန်သင်းပီတိပါခင်ဗျာ. . .

ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

## ❏ ကိုပီတိနှင့် ခွင်သစ်

တပေါင်းတဲ့ ဟောင်းနွမ်းမှုတွေ ကြွေလွင့်ပြီး အသစ်အသစ်တွေဝံ့ကြွားဖို့ ချမ်းစိမ့်မှုတွေနဲ့ ဗိုလ်ကျစိုးမိုးလာခဲ့တဲ့ နှင်းစုတ်. . . နှင်းပြက်၊ နှင်းမိုက်တွေ တပေါင်းနေခြည်ရဲ့ တပ်လှန့် တွန်းထုတ်မှုအောက်မှာ မြူလိုလို. . . မင်းလွင်လိုလို. . . တောင်ခိုးလိုလိုနဲ့ နင်တို့ ဂယောင်ဂယင် ဘဝပြောင်းပြီး တဖြည်းဖြည်း ဂျောင်းရတော့မယ်. . . သူပေးလူပေး အနွေးထည်လေးနဲ့ နင်တို့စော်ကားသမျှ ငါအံကြိတ်ခဲ့ရတာ ခု နင်တို့အလှည့်ရောက်ပြီဟဲ့. . . ဘာငွေရည်ပုလဲဥလဲ. . . ဘာဟေမန္တ အပျိုမရဲ့ ပုဝါဖြူလွလဲ. . . ငါတို့သဘင်သည်တွေကို နှာစေး၊ ရင်ကြပ်၊ ဒုက္ခအထပ်ထပ်ပေးခဲ့တဲ့ ဆောင်းစုန်းမအိုရဲ့ မီးနေ ထမိစုတ်တွေ နင်တို့ကို မျိုးဖြုတ်မယ့် တပေါင်းလာပြီဟေ့နော်. . . အော်. . . လေခမြေ သက်စျာန်ဝိတက်သို့. . . သစ်ရွက်ရော်ရည် ကွန္ဒနီလေးတွေတောင် ပင်ယံကိုင်းဖျားက ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေစပြုကုန်ကြပါပကော၊ အဖူးအညွန့် ပုရစ်ဖူးတွေ တန်ခူးကို ဝဲလ်ကမ်းလုပ်ကြရော့မယ်၊ ငါတို့သဘင်သည်တွေလဲ ပွဲငှားတွေ ပွဲခွင်တွေကို ဂွတ်ဘိုင်းလုပ်ပြီး တာ့တာပြကြရတော့မယ်. . . နှင်းထုတွေ ပါးလျသွားသလို ပွဲချိန်တွေလည်း ကျဲသွားတော့မယ်၊ ငါတို့ မီးဖိုချောင်ကကြွက်တွေ၊ ပုရွက်ဆိတ်တွေလည်း အလိုက်သိစွာ ရွှေ့ကြ၊ ပြောင်းကြတော့မယ် တပေါင်းရယ်. . . နင့်ကို ဆက်ဆံရတာ အိတ်ချ်အိုင်ဗွီပိုးနဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ကို လက်တွဲရသလို အပျော်တစ်ဝက် တုန်လှုပ်ရင်မောမှု တစ်ဝက် ပါလား. . .။

တွေးရင်း ကိုပီတိ သက်ပြင်းမောကြီးတစ်ချက်ချလိုက်တယ်၊ လမ်း ၈၀ နဲ့ ၄၁ လမ်းထောင့်မှာရှိတဲ့ သဘင်သည်တွေစုဝေးရာ ဦးတင်စော လက်ဖက်ရည်ဆိုင်ဟာ ကိုပီတိရဲ့ သက်ပြင်းကြောင့် အပူလှိုင်းတစ်ခု ဖြတ်သွားသလိုဖြစ်မှာ သေချာတယ်၊ အနီးက စိန်ပန်းနဲ့ တယ်ပင်တွေ အရွက်ကြွေနေကြပေမယ့်. . .၊ ကိုပီတိမှာ ကြွေးဟောင်းမကျေဘဲ ကြွေးသစ်တွေသာ ထပ်ပြီး ဝေဝေလာတာကိုး၊ အသက်က ရွှေရတုဝင်ကာစ အကြွေးက နဝရတ်ရတု ကျင်းပနေပြီ၊ သိန်းဆယ်ချီနေတဲ့ အဲဒီအကြွေးထုထည်ကြီးကို တွေးတိုင်း ကိုပီတိ ရင်ပူ၊ စိတ်မောရစမြဲ၊ အပေါင်းအသင်းတွေက စပေါ်အသုံးငွေမေးလို့ ဒီကိန်းဂဏန်းကြီးရွတ်ပြတိုင်းရှက်စမြဲ၊ အပေါင်းအသင်းတွေကလည်း အံ့သြရစမြဲ၊ အံ့သြဆို ရတဲ့ငွေနဲ့ ရတဲ့ဘဝက ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကိုး၊ ရိုးရိုးသားသားဝန်ခံရရင် ကိုပီတိက ယုံလွယ်တယ် စာရင်းဇယားမရှိဘူး ရငွေ၊ နှိမ်ငွေ မတွက်ဖူး၊ ပေးသလိုယူတယ်၊ သူလိုတဲ့ငွေရရင် ဖြူဖြူပေါ်မည်းမည်းတင်ရုံမကလို့ ကတ္တရာပူစိမ်ထားတဲ့ နီဂရိုးအလောင်းပါဆင့်ဦး လှည့်မကြည့်တော့ဘူး၊ ဒီကြားထဲ ဟိုကြိုသုံး၊ ဒီဒါဏ်ငွေဆိုတဲ့ ကြားပေါက်ငွေမမြင်ရဘဲ စာရင်းတင်သွားတဲ့ဥစ္စာတွေလည်း မနည်းဘူး၊ လုံးခနဲရတာလည်းမဟုတ်၊ အငြိမ့်လောက ခြေချတုန်းက သုံးထောင့်ငါးရာဆိုတဲ့ စပေါ်ငွေကို အဆင့်ဆင့်ထပ်ပေးထပ်ယူ ပုခုံးအဆင့်ဆင့်ပြောင်းလာလိုက်တာ အကြွေးလားမြောက်ပြီး အကြွေးလူပျိုပေါက် သန်သန်မာမာဖွံ့ဖွံ့ထွားထွားကြီးကို ဖြစ်နေပြီ၊ ဒုတိယအကြိမ်. . . ထပ်ပြီး ရိုးရိုးသားသား ဝန်ခံရရင် ကိုပီတိ လောင်းကစားလုပ်တယ်၊ ဝါသနာကြောင့် မဟုတ်ဘူး အဲဒီအကြွေးကို


www.burmeseclassic.com

www.burmeseclassic.com

ဖြုတ်လမ်းနည်းနဲ့ ဖြေရှင်းချင်လို့ပါ၊ သိတော်မူတဲ့အတိုင်း လောင်းကစားဆိုတာ ဘယ်နှစ်ကြိမ်များ ထိုးသား ကားဝယ်စီးရတယ် ကြားဖူးလို့လဲ၊ တစ်ခါနိုင်၊ နှစ်ခါရှုံး၊ သုံးခါရေစုန်မျော၊ လေးခါဘဝပျက်၊ ငါးခါ ရန်းနိုးနဲ့ ဆက်လိုက်၊ ငွေမျော စပေါ်ငွေနဲ့လိုက်၊ စပေါ်မျောတော့ သူများဆီက အတိုးနဲ့ချေးငှားပြီးလိုက်၊ ပြဿနာပေါ်တော့ အငြိမ့်ထောင်တွေကစိုက်၊ ဒီလိုနဲ့ ပညာတတ်အတွေးအခေါ်သမားရဲ့ ဦးခေါင်းဟာ ငွေရှင်ရဲ့ ခြေစုံကို ဦးခိုက်ရတော့တာပါပဲ၊ လောင်းကစားနည်းသစ်တွေကလည်း ပေါ်လိုက်တာ မိရိုးဖလာ ဂန္ထဝင်လောင်းကစားဖြစ်တဲ့ဖဲတို့၊ လေးကောင်ဂျင်တို့ကအစ, မော်ဒန်လောင်းကစားဖြစ်တဲ့ သုံးလုံးတို့၊ မန်းနီးကွန်ပြူတာဂိမ်း တို့အလယ်၊ ပိုစ့်မော်ဒန်လောင်းကစားဖြစ်တဲ့ နိုင်ငံခြားစလောင်းဘောလုံးပွဲတွေအဆုံး ကြိုက်ရာကို ရွေးပြီးရှုံးနိုင်တဲ့အထိ။

တတိယအကြိမ် အားနာစွာနဲ့ ထပ်ပြီးရိုးရိုးဝန်ခံရရင် ကိုပီတိရဲ့ ဇနီးဟာ လောင်းကစားဟော့ဆိုရင် ဂေါတမီရှေ့ထွက်မယ်ဘုရားဆိုတဲ့ အစားထဲကပါ အရင်းငွေနည်းရင် ဆိုက္ကားဆရာတွေနဲ့ ကြွေဝစ်မယ်၊ နည်းနည်းများရင် ပိုကာဒေါင်းမယ်. . .။ တော်တော်လေးရှိရင် ဘောလုံးပွဲလောင်းမယ်၊ ဒါ သူ့ရဲ့ဝါသနာပေးတာဝန်ပဲ၊ ဒီဘက်နှစ်တွေမှာတော့ သူ့တာဝန်ဟာ ချန်ပီယံလိဂ်တို့ ပရီးမီးယားရှစ်တို့အပေါ်မှာ လုံးဝနစ်မြုပ်သွားပြီ၊ အေ-အီ-စီ-ဒီကို အစအဆုံး မရွတ်နိုင်ပေမယ့် သူ့ပါးစပ်က ပြောလိုက်ရင်-

"ယူအီးအက်ဖ်အေ ဖိုင်နယ်ရှိတယ်ဟော့၊ ဒီနေ့ နှစ်နာရီက ချန်ပီယံလိဂ် ရှုံးထွက်၊ အိုးထရက်ဖို့မှာလေ ဖာဂူဆန်က ဉာဏ်အများကြီး၊ ရီးယဲမက်ဒရစ်တော့ အတော်ကန်ယူရမှာသေချာတယ်ဆိုတဲ့. . . စီးရီးအေပွဲလား၊ ပါးမားနဲ့က အင်တာလေ၊ ပါမားကချက်ခရက်စပို နာနေတယ်၊ ဘားတစ်တူတာကလည်း ခြေစိမ်း


www.burmeseclassic.com

www.burmeseclassic.com

နေတုန်း. . . ဆိုတာမျိုးတွေချည့် ဘောလုံးကစားကို မမြတ်နိုးတယ် မြတ်နိုးတယ်၊ မွေးထားတဲ့ ခလေးနှစ်ယောက်ကိုတောင် နာမည် ပြောင်းပစ်တယ်၊ အကြီးကောင်ကို အိုဝင်ပီတိ၊ အငယ်ခလေးကို ဂျာရစ်ပီတိ၊ နောင်မျှားခလေးထပ်မွေးရင် ဟက်စကီးပီတိတို့ ဒီယော့ပီတိတို့များမှည့်ဦးမလားမသိဘူး၊ ဒါတောင် ဟိုတလောက ဒီအကြောင်းပြောမိတော့. . .

"ကလေးနာမည်မှည့်ဖို့က မွေးအောင်စောင့်ရဦးမှာဆိုတော့ ကိုကိုပဲ နာမည်ပြောင်းပါလား၊ ကိုပီတိနာမည်ကရိုးတယ်၊ သမီးကြိုက်တဲ့ဘောလုံးသမားသုံးယောက်လေ ရော်နယ်ဒိုရယ်၊ ဘာတစ်ရယ်၊ မင်ဒီယေတာရယ် အဲဒီသုံးယောက်ရဲ့ အဖျားဆွတ် နာမည်သုံးလုံးပြောင်းပြီးမှည့်လိုက်. . ."

"ဘယ်လိုမှည့်ရမှာတုန်းဟ. ."

"ဒို-ဘာ-မင်. . . လို့လေ"

"တောက်-နင်နဲ့ကျမှ ငါခွေးအမြီးပြတ်ဖြစ်နေရပြီ-ထွီ"

ꕥ ꕥ ꕥ

တကယ့်ကို အမြီးပြတ်တဲ့ ခွေးဖြစ်ရတာအမှန်ပါ လျှာထွက် အောင် ပြေးရလွှားရ၊ ပိုက်ဆံရှာနေရတော့တာကိုး ကစားသမားနဲ့ ငွေအတူနေခဲ့တယ်လေ။

"ကိုကို့ဒီည အာဆင်နယ်နဲ့ ချဲလ်ဆီးလေ ဟတ်ဆယ်ဘိန်းကြီး တို့အသင်း၊ ချီယေးဗိုနဲ့ ရှီးမားကလည်း ပေါက်ကြေးချောင်လိုက်တာ ရှာပေးပါကိုကိုရယ်၊ နှစ်ပွဲစလုံး မသာပါးစပ်ထဲကပိုက်ဆံထွ အချောင်နှိုက်ယူရုံပဲနော် ကိုကိုနော် လို့. . ."

"ဟိုဂျာနယ်က သေနာကောင်ရဲ့ဆောင်းပါးကြောင့်ပါ၊ ဒင်း-


www.burmeseclassic.com

လုပ်တာ နှစ်ခါရှိပြီ၊ စာရေးမစားဘဲ ဘောလုံးအသင်းဆွဲချ လုပ်စားဖို့ကောင်းတယ်၊ ဒီပွဲက သေချာပါတယ်ကိုကိုရယ်၊ ကိုကို ကရှာတတ်ပါတယ်၊ ပုံတိုပတ်စတွေပြောပြီး ထွန်းဦးစာပေကို ထွန်းဦးဆီက ချေးရင်ချေး၊ ဒါမှမဟုတ်ရင် အလှူသီချင်းစာသားတွေ လျှောက်ရေးပြီး ကိုကို့သူငယ်ချင်း မန္တလေးသိန်းအောင်ဆိုတဲ့ ဆိုင်းဆရာဆီက တောင်းတောင်း ရနိုင်ပါတယ်၊ ယုတ်စွအဆုံး ဦးတင်စောလက်ဖက်ရည်ဆိုင်ထိုင်ပြီး ပွဲငှားလာတဲ့ သူများတွေကို ပွဲစားလုပ်. . . လုပ်. . . ”

“နည်းတဲ့ ပိုစတာကြီးမဟုတ်ဘူးဟေ့၊ ရေးထားတဲ့ ပုံတွေကလဲ မိုက်တယ်နော်၊ ဒီလူက မန္တလေးမှာ ဈေးအကြီးဆုံးပန်းချီဆရာကွ”

“ပွဲချီများတဲ့ ဇာတ်မို့ ဈေးကောင်းတဲ့ ပန်းချီဆရာကို အပ်နိုင်တာဗျ”

နံဘေးစားပွဲက စကားသံတွေဟာ ကိုပီတိရဲ့ အတွေးတွေကို ဖယိုဖရဲဖြစ်သွားစေတယ်၊ လှမ်းပြီးအကဲခပ်လိုက်တော့ လူရည်သန့်သန့် လူလတ်သုံးယောက် လွယ်အိတ်ကိုယ်စီနဲ့ ကံကြီးလိုက်တာ၊ ထိုင်နေကြပွဲစားတွေမရောက်ခင် ကိုယ်နဲ့တွေ့ပေလို့ ကိုပီတိဆက်ပြီး နားစွင့်တယ်-

“ဒီနေ့ သောကြာနေ့ကွာ၊ ဘာပဲဖြစ်ဖြစ် တနင်္လာနေ့တော့ သေချာအောင်လုပ်မှဖြစ်မယ်ကွ ရက်က သိပ်ကပ်လွန်းနေပြီ”

ရွှေ. . . တိုင်းယက်တဲ့ သိုးမွေးစောင်၊ ပေါင်ချင်တာနဲ့ အရဲသင့် ဖြစ်နေပါပကော၊ လှုပ်ရှားလိုက်တော့ ပီတိ၊ ဒီထက်ကောင်းတဲ့ ဂွင်မရှိတော့ဘူး၊ ကပ်ပြီးငှားတဲ့ပွဲ ကြိုက်ဈေးကိုရိုက်ပြီး တောင်းရုံပဲ ဟီဟိ၊ ဒါပေမယ့် ကိုယ်ကပွဲစားလုပ်နေကျမဟုတ်တော့ ဘယ်လို လုပ်ပြီး ချဉ်းကပ်ရပါ့၊ ဟယ်ထူးပါဘူးဇွတ်ဝင်လုံးရတော့မှာပဲ။

“ဟဲ-ဟဲ စိတ်ဝင်စားနေကြတယ်ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com


လူသုံးယောက်မျက်လုံးတွေ ကိုပီတိဆီရောက်လာတယ်၊ ခပ်ငယ်ငယ်လူက ခပ်တင်းတင်းနဲ့-

"ခင်ဗျားနဲ့ အဲဒီဇာတ်ဆရာနဲ့ ခင်သလား"

"ဟာ. . .၊ ညီအစ်ကိုလို နေတဲ့ မိသားစုပါခင်ဗျာ၊ အလွန်ရင်းနှီးသပေါ့"

"ကျေးဇူးပြုပြီး ပိုင်ရှင်ရှိမရှိ စုံစမ်း. . ."

အကြီးဆုံးပုဂ္ဂိုလ်ရဲ့ စကားမဆုံးခင် ကိုပီတိ လှစ်ခနဲပျောက်သွားတယ်။

"ဟဲ့ ပီတိ၊ မောကြီးပန်းကြီးနဲ့ ဘယ်က"

"ပွဲဗျ အစ်ကို၊ ပွဲမှ ကပ်ပေါ်တဲ့ပွဲ၊ ရိုက်သာရိုက်ပေတော့၊ ပွဲခက တစ်သောင်းအထက်ပေးဖို့သာ စဉ်းစားထား"

"အဆင်သာပြေပါစေကွာ၊ မင်းလိုသလောက်ပေးပါ"

ဇာတ်ဆရာ စကားမဆုံးခင် လှစ်ခနဲ ပြန်ပျောက်သွားပြန်တယ်၊ မကြာခင် လူသုံးယောက်နဲ့အတူ ဇာတ်အိမ်ထဲကို ရင်ကော့ပြီး ဝင်လာပြန်တယ်၊ ဇာတ်ဆရာက နေရာထိုင်ခင်းပေးပြီး ခပ်ချိုချိုမျက်နှာပေးနဲ့-

"ကိုင်း-အမိန့်ရှိပါခင်ဗျ၊ ကျွန်တော်ဘယ်လိုများ ကူညီပေးရမှာလဲ"

"ပိုစတာက အတော်ကြီးတာကိုး"

"အို ဖက်နယ်မှာတော့ ကျွန်တော့်ဆိုင်းဘုတ်အကြီးဆုံးပါပဲ၊ တစ်ပြလောက်ကကြည့်ရင်ကို ထင်းခနဲ ရှင်ခနဲပါပဲ. . ."

လူကြီးက ခေါင်းတညိတ်ညိတ်နဲ့ ပြုံးပြီးမေးတယ်။

"ဆိုင်းဘုတ်တင်တာ အတော်ကြာပြီလားခင်ဗျ"

ကိုပီတိဝင်ပြောတယ်။

"သုံးလကျော်ပြီခင်ဗျ၊ အဲကျွန်တော်တောင် ပိုက်ဆံကြွေတုန်းက


www.burmeseclassic.com

www.burmeseclassic.com

ဝင်လုသေးတဲ့ဥစ္စာ ဟီးဟီး ကလေးတွေ တက်နင်းတဲ့အနာတောင် မပျောက်သေးဘူး ဟီး. . . ဟီး"

"ကဲ-ကဲ၊ လာရင်းကိစ္စလေး ပြောကြရအောင်ဗျာ"

ခပ်ကြီးကြီးလူက စကားဖြတ်လိုက်တယ်၊ ကိုပီတိ ခုန်နေတဲ့ ရင်ကိုဖိရင်း နားစွင့်နေလိုက်တယ်၊ ဘုရား-ဘုရားပွဲတည့်ပါစေ၊ ပွဲခရပါစေ၊ ဟဲ့-ဇိုလာတို့ ဟက်ဆယ် ဘိန်းတို့ကြိုးစားနော်၊ ဟို အကောင်နင်နဲ့ ငါနာမည်တူတယ်နော်၊ ငါ့ဘဝကို နင့်ခြေထောက်နဲ့ စောင့်ရှောက်စမ်း၊ ပီတိနဲ့ပီတစ် အသံထွက်တူတယ်ဟော့၊ မင်းတို့ဖို့ ငါရှာနေတာနော်"

ခပ်ကြီးကြီးလူက လည်ချောင်းရှင်းပြီး

"ကျွန်တော်တို့စည်ပင်သာယာက ဆိုင်ဘုတ်အခွန် ကောက်တဲ့ အဖွဲ့ပါ"

ဟိုက်-သွားပြီ၊ ကွင်းလည်စက်ဝိုင်းကကန်လိုက်တဲ့ ဖရီးကစ် မမျှော်လင့်ပဲ တွစ်နဲ့ဂိုးထဲဝင်သွားပါကကောလား၊ ဇာတ်ဆရာကို ကြည့်လိုက်တော့လည်း ခိုးထုပ်ခိုးထည်နဲ့မိထားတဲ့မျက်နှာအိုလေး ငိုင်လို့ တွေလို့. .

"ခွင့်ပြုချက်မတောင်းခံပဲ ဆိုင်းဘုတ်တင်တဲ့ဒဏ်ကြေးရယ်၊ ပြီးတော့ ကျသင့်တဲ့သုံးလအတွက်အခွန်ရယ်၊ တနင်္လာနေ့အမှီလာပြီး ဆောင်လှည့်ပါခင်ဗျ၊ သွားလိုက်ပါဦးမယ်"

လူသုံးယောက်ထပြန်သွားပေမယ့် ကိုပီတိခမြာ ကျောက်ချ ထားသလို ထလို့မရဘူး၊ ပွဲခမျှော်လင့်ချက်လေးလဲ နေလာနှင်း ပျောက်သေ့ခြောက်ပျက်လွင့်သွားခဲ့ပေါ့။

"ဘဝတူသဘင်သည်အချင်းချင်း ချောက်ချချင်ရင် ဒိပြင်နည်း တွေ အများကြီးပါကွာ၊ အခုလို လုပ်တာကတော့. . .

ကျန်တဲ့စကားစုတွေကို ကိုပီတိမကြားတော့ပါဘူး သူ့အာရုံ

www.burmeseclassic.com


ထဲမှာ ချဲလ်ဆီးဘောလုံးအသင်းကို လိုင်းနုပ်ဆွဲ ညွှန်ကြားချက်တွေ ပေးနေတဲ့ သူ့ဇနီးရဲ့ပုံရိပ်တွေရယ်၊ အကြောင်းစုံသိပြီးပြီမို့ ရယ်ချင်စိတ်ကို ကြိတ်မှိတ်အောင့်အီးနေရတဲ့ ဟက်ဆယ်ဘိန်းရဲ့ မျက်ခွက်ကြီးရယ်သာ အလှည့်ကျ ပေါ်နေပါတော့တယ်ခင်ဗျာ. . .။

ချစ်စရာ


www.burmeseclassic.com

www.burmeseclassic.com


## ▢ ကိုပီတိနှင့် ဆုတောင်းသစ်

"နင် ဟိုတလောက ခံလိုက်ရသဆို၊ ငါ့မယ်ကြွားကြွားချင်း ရယ်လိုက်ရတာ၊ ပီတိနှယ်နော်၊ ကိုယ်မကျွမ်းကျင်တဲ့ခွင်ထဲကိုမှ မဆင်မခြင် ဝန်တိုးရတယ်လို့ဆိုပြီးတော့လေ. . . အဟက်. . . ဟက်"

ပါးစုံ့ကြီးတွေ တုန်ပြီး နီရဲလာတဲ့ထိ သွားတစ်ချောင်းမှ မရှိတော့တဲ့ သွားဖုံးမည်းမည်းကြီးတွေပေါ်အောင် အားရပါးရ ရယ်နေတဲ့ အမေနန်းရဲ့ မျက်နှာဝိုင်းဝိုင်းကြီးဟာ စာကလေးမွေးခါစ ရေနစ်နေတဲ့အတိုင်းပဲ။ ကိုပီတိ ခါတိုင်းလို လိုက်ရရမယ့်အစားအမေနန်းကို ကုပ်ကဆွဲပြီး မီးကင်စားချင်စိတ်တွေ ပေါ်နေတယ်။ စည်ပင်သာယာဝန်ထမ်းတွေကို ပွဲငှားမှတ်ပြီး ပွဲစားဝင်လုပ်မိတဲ့သူ့အဖြစ်ကလည်း သဘင်လောကရဲ့နောက်ဆုံးပေါ် ဟာသတစ်ခုလို ပြောစမှတ်ဖြစ်နေတော့တာကိုး။ ခွင့်ပြုချက်မယူပဲ ဆိုင်းဘုတ်တင်မိလို့ ဒဏ်ကြေးဆောင်လိုက်ရတဲ့ ဇာတ်ဆရာဆိုတာ ခုချိန်ထိ သူ့ကို စကားမပြောတော့ဘူးလေ။ အမေနန်း အရယ်ရပ်၊ မျက်နှာပိုးသတ်ပြီး ဆက်ပြောတယ်။

"ထီးဖြူ၊ ဖိနပ်ပါးဆိုပြီး စကားပုံရှိပေမယ့် ငါတို့ ပွဲစားလုပ်ငန်းဟာ ဘယ်လောက်ပညာပါတယ်ဆိုတာ သိပြီမဟုတ်လား၊ တော်ရုံပညာနဲ့ မရနိုင်ဘူးကွယ့်"

"သင်တန်းလေးဘာလေး ပေးလိုက်ဦး အမေနန်းရေ့ ခိုးချင်တာလည်းပျာလို့၊ လက်နှေးတာလည်း ချာလို့ဆိုတာ ဒီလူစားမျိုးပေါ့"


www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုတ်ပန်းကန်ကို ချရင်း မဒမ်ပီတိက ဝင်ချွန်လိုက်တယ်။ ဟဲ့. . . ကောင်မရဲ့၊ နင်ဘောလုံးလောင်းချင်လို့ ငါ့မယ်ကြွံမိကြွံရာ ဝင်ရောလိုက်ရတာ ဘာတတ်နိုင်မှာလဲဟဲ့။ ထို့. . . နင်ဟာ လင်ရတနာကို ထင်ရာခိုင်းနေတဲ့ အရှိင်းမဟဲ့. . . နင်ဟာ စီးတဲ့ရေ ဆည်တဲ့ကန်သင်း မဟုတ်ဘူး၊ စီးတဲ့ရေ သွယ်တဲ့မြောင်းဟဲ့။ ငါ ရှေ့က ကုန်းရုန်းပြီး ရှာသမျှ နင်နောက်က ပြုံးပြုံးကြီးခဝါချ ဖြုန်းတီးနေတာမဟုတ်လားဟင်။ နင်စွမ်းစွမ်းတမံ ဘာများ ရှာပေးဖူးလို့လဲ။ ပွဲအကခိုင်း၊ စာပေါင်းစုံ အရေးခိုင်း၊ ငွေရမယ်ထင်တဲ့ နေရာမှန်သမျှ ဇွတ်အသွားခိုင်း၊ ရလာရင် တဟီးဟီး၊ မရခဲ့ရင် တဂျီဂျီ လုပ်နေတဲ့ဟာမ မဟုတ်လားဟဲ့။ ကစားဝိုင်းပေါင်းစုံကို သွားကစားတော့လည်း နိုင်လာရင် နင် ညွှန်ကြားလို့၊ ရှုံးသွားရင် နင်တားရက်နဲ့ ငါ နားမထောင်လို့နဲ့။ နင်ဟာ မိန်းမညွှန့်၊ မိန်းမစီး မိန်းမလည်ဟဲ့၊ ထွမ်. . .။

ကိုပီတိရဲ့ မျက်လုံးအကြည့်ဟာ အဲဒီအမိဗ္ဗာယ်အပြည့်ဆောင်ပါတယ်။ နှုတ်ကတော့ တစ်ခွန်းမှ မထွက်ပါဘူး၊ အမေနန်း လက်ဖက်သုပ်တစ်ဇွန်းကော်စားရင်း. . .

"ပွဲစားဆိုတာ ပြောင်သုံးပြောင်နဲ့ ညီညွတ်ရတယ် ပီတိရဲ့"

လွတ်လပ်ရေး ရပြီးကတည်းက အငြိမ့်စုံ၊ ဇာတ်စုံ၊ အိမ်စုံ မြေကွက်စုံကို မျက်မှောက်ခေတ်အထိ လူငယ်တွေနဲ့အပြိုင် ပွဲစားလုပ်နေတဲ့ သံမဏိရှည် ဝါရင့်ပွဲစားပီပီ အမေနန်းကအခြေခံနဲ့ စလိုက်တယ်။ ကိုပီတိ ခပ်ယို့ယို့လေပျော့လေးနဲ့. . .

"အမိန့်ရှိပါဦး အမေခင်ဗျ၊ ပြောင်သုံးပြောင်ဆိုတာ. . ."

"အဝတ်အစား ပြောင်လက်ရမယ်ကွယ်၊ ဒါမှ ကိုယ့်ကို အထင်ကြီးတော့မှာပေါ့၊ နောက်တစ်ခုက စကားလုံးပြောင်ရတယ် ဒါမှ ကိုယ့်စကားကို လေးစားပြီး ကိုယ်ဆွဲရာပါမယ်လေ၊ အဲ. . .



www.burmeseclassic.com

www.burmeseclassic.com


အရေးအကြီးဆုံးအချက်က မျက်နှာပြောင်ဖို့ပဲ၊ မဝံ့မရဲမလုပ်ရဘူး၊ အခုမှ တွေ့ဖူးပေဒယ့် ငယ်ပေါင်းတွေလို အတင်းဝင်၊ အတင်းပြောနိုင်ရမယ်၊ ဒါ ပွဲစားပညာရဲ့ ပထမပဲ" လက်ဖက်သုတ် ဝန်းတန်ကို နှိုက်တယ်။

"ပြီးတော့ တစ်ဖက်လူကို အပိုင်အကဲခတ်တတ်ရတယ်" တစ်ဇွန်းကော်စရင်း ပါးစပ်ကို လက်ကိုင်ပုဝါနဲ့ သုတ်တယ်။ စကားဆက်ပြောတယ်။

"ဒီလူဟာ ပွဲငှား အစစ်လား၊ အင်ပွဲငှားလား" ပန်းကန်နှိုက် စကားဆက်။

"အင်ပွဲငှားဆိုတာ တကယ်ငှားမယ့်သူက စုံစမ်းဖို့ လွှတ်လိုက်တဲ့ကောင်မျိုး"

တစ်ဇွန်းထပ်ကော်၊ ဆက်ပြော။

"အဲဒီကောင်ရဲ့ စရိုက်က ပွဲရက်မေး၊ ပွဲဈေးစုံစမ်းမယ်"

စား၊ ပါးစပ်သုတ်၊ ပန်းကန်ချ။

"အဲဒီလူမျိုးကို 'ပွဲနလင်' လို့ ခေါ်တယ်၊ ခပ်လည်လည်ကောင်ဆိုရင် သူ့အတွက် ပွဲကြေးထဲမှာ ထပ်သွင်းထားတယ်" နှိုက်၊ ကော်၊ စား။

"တချို့ကတော့. . . "ပါးစပ်သုတ်၊ ပြန်နှိုက်၊ ကော်။

"အဖွဲ့တကာကို စုံစမ်းပြီးသား. . . "

စား၊ သုတ်။

"လွယ်အိတ်ထဲမှာ ပိုစတာလိပ်တွေ တစ်ပုံကြီးပါတတ်တယ်၊ သိပ်အရောမဝင်နဲ့၊ ကိုယ့်ဆီက လက်ဖက်ရည်ကပ်သောက်သွားမယ့် လူမျိုး၊ အမလေး . . စပ်လိုက်တာ။ ရေလေးတစ်ခွက်ပေးကြဦးဟဲ့"

ရေသောက်၊ ထပ်နှိုက်၊ စား၊ ပြော။


www.burmeseclassic.com

"အရေးအကြီးဆုံးက သောင်မြင်ရာစွန့်ရဲတဲ့သတ္တိရှိပစေ၊ ရင်းမှ မြတ်၊ သင့်မှ ကပ်သတော်ရေ၊ ကိုင်း. . . သွားမယ်အေ၊ ဒါဆို လုပ်စားလို့ရပါပြီ"

လက်ဖက်သုတ်ပန်းကန်ထဲမှာ ကြက်သွန်တစ်ဖတ်မှ မကျန်တဲ့ထိ ပို့ချပြီး အမေနန်းပြန်သွားတယ်။ ထုံးစံအတိုင်း မဒမ်ပီတိက မျက်လုံးပြူးကြီးနဲ့ကြည့်ပြီး. . .

"ကိုင်း. . . "

စကားအဆက်မခံပါဘူး၊ ကျောပွတ်သံ ကြားလိုက်ရတဲ့ ဆပ်ကပ်ထဲက ကျားများလို ကိုပီတိ စွေ့ခနဲ ထိုင်ရာကထပြီး ပွဲပါးခိုက် ပွဲစားတစ်သိုက်ရှိရာကို ခြေကုန်သုတ်လာခဲ့ပါတော့တယ်။

📖 📖 📖

"ရှမ်းပြည်နယ်ပွဲနှစ်ပွဲက တစ်သောင်း၊ မြစ်ကြီးနားပွဲက ငါးထောင်ဆိုတော့ ဒီလအတွင်း အတော်ကိုက်တာပဲ၊ ဒီလိုသာ ပုံမှန်ဝင်မယ်ဆိုရင် 'ညပိုင်း အငြိမ့်က နေ့ပိုင်းပွဲစားလုပ်. . ဟီဟိ ညကြေးနဲ့နေ့ကြေး တစ်လတစ်လ ငါးသောင်းကတော့ အနည်းဆုံးပေါ့တော်"

ဘုရား. . . ဘုရား၊ ရက်စက်လှချည်လား သူငယ်မရယ်။ ငါ့အသက် ငါးဆယ်ရှိပါပြီ။ တိုတိုလေး ကျန်တော့တဲ့ ရှင်သန်ခွင့်လိုင်စင်ကလေးကို အညှာတာမဲ့ခိုင်းပြီး သက်တမ်းလျှော့မပစ်ပါနဲ့လားကွယ်"

"ကိုကို့ကို သနားလည်း သနားပါတယ်၊ အားလည်းကိုးပါတယ်" သကာလူးထားတဲ့ နဖားကြိုးတွေပါလား။

"ရှေ့နှစ်ကျရင် အငြိမ့်ထဲ လိုက်မကနဲ့နော်၊ နယ်ရေးတွေသွား



www.burmeseclassic.com

www.burmeseclassic.com

ရတာ ပင်ပန်းလှပါပြီ။"

ဪ. . . ဒီလိုတော့လည်း ကြင်နာတတ်ရှာသားပဲ။ ကျုပ်မှာ တယ် ခလေးမရယ်။ သမီးအရွယ်လေးကို ယူထားပြီး ကလေးတစ်ယောက်လို ပြောချင်ရာပြော၊ နွဲ့ဆိုးဆိုးနေတာတွေကို ဗွေယူမိတာ ကျုပ်ကို ခွင့်လွှတ်ပါ။ ကိုပီတိရင်ထဲမှာ ဆို့ဆို့နစ်နစ်ကြီးဖြစ်လာတယ်။ ဇရာထောင်းစပြုနေတဲ့ လင်အိုကြီးကို အရွယ်ကောင်းနေသေးတဲ့ မင်းကလေးတစ်လှည့် အလုပ်အကြွေးပြုဦးမယ် ဆိုပါတော့၊ လှိုက်ခနဲ ဝမ်းသာစိတ်အဟုန်ကြောင့် ကိုပီတိ အသံတုန်တုန်ကြီးနဲ့. . . .

"ကိုကို၊ အငြိမ့်ထဲမှာ ရွှေနှစ်ကျရင် လိုက်မကရတော့ဘူး၊ ဟုတ်လား"

"အင်းပေါ့၊ ဆိုင်းထဲမှာ နောက်ထလုပ်ဖို့ ကျွန်မအလုပ်စပ်ထားပြီးပြီ"

"ဟမ်း. . ."

ကိုပီတိ မျက်လုံးထဲမှာ မြက်ထုံးတွေ၊ ကောက်ရိုးထုံးတွေကို စီကာရီကာ မြင်ယောင်လာပါတော့တယ်။

"ဘုရားသခင်သည် လောကကို စိုပြေစေခြင်းငှာ သဘင်သည် အလှာကို ဖန်ဆင်းအံ့ဟု ကြံစည်တော်မူနေချိန်တွင် မာရ်နတ်သည် အငြိမ့်ဇာတ်ပွဲများကို မွေးဖွားပြီးလေပြီ"

ဘယ်သူ့အဆိုအမိန့်မှ မဟုတ်ပါဘူး။ ကိုပီတိရဲ့ ကိုယ်ပိုင်အတွေးအခေါ်သာဖြစ်ပါတယ်။ ဘယ်နှယ့်ဗျာ. . . လမ်းပေါ်မှာ တဘက်ခေါင်းပေါင်းပြီး ပေစောင်းစောင်းနဲ့ လျှောက်လာတဲ့ လူသိုက်မြင်


www.burmeseclassic.com

www.burmeseclassic.com


တာနဲ့ အတင်းချဉ်းကပ်၊ သူတို့ငှားချင်တဲ့ဇာတ်၊ အငြိမ့်တွေထက် ကိုယ့်ကိုပွဲခပိုပေးတဲ့ အဖွဲ့အစည်းကို မငှားငှားအောင် လီဆယ်ဖြားယောင်း နည်းပေါင်းစုံနဲ့ စည်းရုံးရတော့တာ ခမျာမျှားမှာလဲ ပြောဖန်များတော့ နားယောင်၊ အောင်မြင်တဲ့အဖွဲ့ကိုဘေးချိတ်၊ ဖြစ်ကတတ်ဆန်းဖြတ်လမ်းက ခါးဖြတ်အဖွဲ့ကို ငှားသွားကြ၊ ပွဲကတဲ့အချိန်ကျ ရွာကမကြိုက်၊ သွားကတဲ့သူကလည်း မျက်နှာမလှ၊ ငှားရသူအတွက်လည်း သက်သာရာမရ။ ပွဲစားကတော့ ပွဲခမတန်တဆနဲ့ ဇိမ်ကိုကျလို့။ ဇာတ်သမားတွေရဲ့ ဘဝပြဿနာတို အရအမြတ်ရှာနေရတဲ့ ဘဝ။

ဒီလိုနဲ့ လူရွှင်တော် ကိုပီတိ ပွဲစား ပင့်ကူမျှင်မှာ ငြိနေလိုက်တာ မိုးကုန်ကဆောင်းကူး၊ အောက်တိုဘာ နှင်းပွင့်တွေ မျက်နှာရွှေတဲ့ကာလကို ရောက်ပါလေရော။ မန္တလေးဝန်းကျင်က သဘင်သည်တို့လည်း ရေခဲချောင်းတွန်းလှည်း စွန့်သူစွန့်၊ ဆိုက်ကားကို အုံနာပြန်အပ်သူက အပ်၊ ကွမ်းယာဆိုင်ကို အငှားပေးသူ ပေးနဲ့ ပေါင်ထားတဲ့ တောင်ရှည်ပုဆိုးတွေ၊ ဘော်ကြယ်ထိုးထဘီတွေ ပြန်ရွေးလို့ ဘဝလေးတွေ လိပ်ပြာလှုပ်လာပါရော။

"ဒီနှစ် ဆောင်းတွင်းအတော်အေးလိမ့်မယ်၊ ကိုကိုလည်း အသက်ကြီးပြီ၊ ဂွမ်းကပ်တစ်ထည်တော့ ထပ်ဝယ်လိုက်ဦး၊ ရှမ်းပြည်နယ်ပွဲတွေဆိုရင် တအားချမ်းမှာ၊ လေးထောင်တန်ဆို အတော်နွေးပြီ"

ငါသိပါတယ် သာလိကာရယ်။ ပေါင်းလာတဲ့သက်တမ်းနည်းမှ မနည်းတော့တာ။ နင်ဘာစကားပြောရင် ဘယ်ရည်ရွယ်ချက်ဆိုတာသိပြီးသား။ ငါ့ကို ဂွမ်းကပ်ဝယ်ဖို့ပြောမှာပေါ့၊ နင့်အတွက် တစ်သောင်းခဲကျော်တန် သိုးမွေးအထည်ဝယ်ပြီးမှကိုး။ ငါ့အတွက် သုံးလေးထောင်ဘယ်နှမြောပါ့မလဲဟဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ရော့. . ကိုကို၊ စျေးမတက်ခင် ကြိုဝယ်ထားလိုက်၊ သွား. . . သွား"

ငွေလေးယောင်ကို ယူပြီး ငိုက်စိုက်ငိုက်စိုက်နဲ့ ကိုပီတိ လမ်း ၈၀ ပေါ်လည်းရောက်ရော လေထဲမှာ ဝေ့ခနဲပါလာတဲ့အနံ့တစ်ခု ရလိုက်တယ်။ လျှင်ပါးနေတဲ့အာရုံကြောတွေဟ အနံ့ကိုချက်ချင်း သတင်းပို့ကြရော။ "ပွဲငှားနံ့". . .။ ပတ်ဝန်းကျင်ကို အကဲခတ် လိုက်တော့ ဇာတ်ဆိုင်းဘုတ်တွေကို ချေးနေကြတဲ့လူနှစ်ယောက်။ ထုံးစံအတိုင်း ကိုပီတိ ဝင်ရောတယ်။

"အဲဒီအဖွဲ့တွေကို ငှားမယ်ဆိုရင် စိတ်လျှော့ပြီးတော့ ပြန်ကြ တော့ခင်ဗျ"

အဲဒီမှာ ခေါင်းတုံးဆံတောက်နဲ့ ခပ်ကြီးကြီးလူက. . .

"ဘာပြုလို့တုံးဗျ၊ ရွာက သူ့ဇာတ်အငှားခိုင်းလိုက်တဲ့ဥစ္စာ။ ပွဲငှားတော့သေချာသွားပြီ။ ကိုယ်လိုရာ ဆွဲဖို့ပဲ ကျန်တော့တယ်။

"သူကမန္တလေးမှာ နာမည်ကြီးဗျ၊ သုံးလေးလကြိုငှားမှရ တာ. ."

လူကြီးငိုင်သွားတယ်။ သက်ပြင်းချတယ်၊ ကိုပီတိ အသာလေး အကဲခတ်ရင်း. . .

"နာမည်ကြီးပေမယ့် အထင်မကြီးပါနဲ့ဗျာ၊ နာမည်အရှိန်ယူပြီး အလုပ်ကျတော့ သိပ်မလုပ်တော့ဘူး၊ ခပ်ခိုခိုလုပ်တော့တာ၊ တကယ် အလုပ်လုပ်တဲ့ အဖွဲ့လေးတွေကျန်ပါသေးတယ်၊ ကြေးလည်း သူလောက်မများဘူး။ ကပြီဆိုတော့လည်း အနားကိုမပေးဘူး၊ နာမည်ယူနေတဲ့အချိန်ဆိုတော့ ဆက်ဆံရေးကအစ ချိုချိုပေါ့ခင်ဗျာ"

"အင်း. . "

အံမယ် အင်းလေးကြီးပါလား။ ကိုပီတိ ညို့ချက်မိနေတဲ့လူ ကြီးကိုတဖြည်းဖြည်းချင်း မျှိစပြုတယ်။

www.burmeseclassic.com

www.burmeseclassic.com


ငှားသွားလို့ မမှားစေရဘူး၊ ကပြလို့ မကြိုက်ဘူးဆိုရင် ကျန်ငွေ လုံးဝမပေးနဲ့ဦးလေ၊ ကျွန်တော့်ကို အပ်ထားတဲ့အဖွဲ့လေးရှိတယ်၊ လိုက်ပြီးကြည့်စမ်းပါ"

"အင်း. . . ထမင်းသွားစားလိုက်ဦးမယ်ဗျာ၊ ပြီးမှ တစ်ပတ် ပြန်လာခဲ့မယ်"

ဟား. . . ဒီလိုဝေ့ထွက်သွားလို့ ဘယ်ရမလဲ ဘိုးတော်ရာ၊ ကျုပ်နဲ့ စကားပြောနေကတည်းက အလစ်ဝင်ဆွဲမယ့် တခြားပွဲစား တွေက သားကောင်ချောင်းသလို ချောင်းနေကြတာ။ လက်ဦးဆရာ အမေနန်းရဲ့ အမှာစကားကို ဖျတ်ခနဲ သတိရလိုက်တယ်။ "ထောင်မြင်ရင် ရာစွန့်ရဲရတယ်" တဲ့။

"ကိုင်း. . . ကျွန်တော် ထမင်းကျွေးမယ်၊ စားပြီးတော့ စိတ်ကြိုက်လျှောက်ငှားပေါ့ဗျာ၊ လာပါ. . . လာပါ ဦးလေးရ အဟုတ်ဟုတ်. . ."

လူကြီးနဲ့ သူ့လူတစ်ဦးကိုတစ်ဦးကြည့်နေကြရင် လူကြီးက စပ်ဖြီးဖြီးနဲ့. . .

"အဟဲ. . . ဟိုဒင်း. . . နေပူခံလေးနည်းနည်းလုပ်ချင်လို့ . . . အဟဲ"

လာပါဦးလေးရာ၊ ကြိုက်တာသုံးဆောင်ပါ၊ လာစမ်းပါခင်ဗျ"

"အင်း. . ."

◻ ◻ ◻

ငွေစက္ကူအထပ်လိုက်၊ အထပ်လိုက်တွေကို ကိုပီတိအကျႌအိတ် ထဲမှာ ဖောင်းကားကျပ်သိပ်နေပြီ။ ဇာတ်ပိုင်ရှင် 'မင်းသားလေး တလည်း ရှင်လို့ချိုလို့၊ သဒ္ဒါတရားတွေ ရေကာတာဖွင့်ချလိုက်သလို။


www.burmeseclassic.com

www.burmeseclassic.com

တော်ပါပြီဆိုတာကို ကလေးမုန့်ဖိုး၊ အစ်မဖို့အင်္ကျီစဖိုးနဲ့ ထပ်ပေးနေတုန်း။ ဂိ.လူကြီးကလည်း ကူညီပေးတဲ့အတွက် မုန့်ဖိုးယူပါဦး၊ ပွဲခမဟုတ်ပါဘူး၊ ရော့ပါ။ တော်ပါပြီ. . . ဦးလေးရဲ့။ ဘာပြုလို့ တော်ရမလဲ၊ ယူကိုယူရမယ်။ အို. . မဟုတ်တာခင်ဗျာ. . . ဟတ်ဟတ် စေတနာကို အသိအမှတ်ပြုရင်တော်ပါပြီ. . . ဟတ်ဟတ်။ ကျုပ်တို့ရွာက ကြိုက်ပြီဆိုရင် လေးငါးည ဆက်ငှားတာဗျ။ အို. . . ငှားရစေ့မယ်. . . ဟတ်ဟတ်။ အံမယ် ဦးလေးက အမြှာညီအစ်ကို နှစ်ယောက်လာတာကို၊ ဟ. . . ဘယ်နှစ်ယောက်ကမလဲ၊ သုံးယောက်. . . သုံးယောက်။ ဟော. . . ခင်ဗျားလူကလည်း နှစ်ကိုယ်ခွဲလား။ ဟာ. . . ဦးလေး ခင်ဗျားဘာလို့ အငွေ့တွေဖြစ်ပြီး မှုန်ဝါးဝါးကြီးဖြစ်သွားရတာလဲ၊ မပြေးနဲ့နော်. . . ဟားဟား။ ခင်ဗျားတို့ကို ကျုပ်အပိုင်ကုပ်ထားတာ။ အံမာ. . . ကျုပ်ကိုဝိုင်းကြီးပတ်ပတ် ကစားနေကြသပေါ့. . . ဟားဟား။ လှည့်. . . လှည့်၊ မွတ်နေအောင် အမလေး တောဝက်ကြီးဗျ။ တောဝက်ကြီး။ ဟုတ်ပေါင်. . . နှုတ်ခမ်းနှစ်ခုကို ချွန်ကော့နေအောင် စူထားတဲ့ မဒမ်ပီတိ၊ လုပ်ကြပါဦး။ ပက်တော့မယ်. . . ပက်တော့မယ်။ နောက်ကျိမူးရီဝေဒနာကိုလွှင့်ခါ ဖယ်ထုတ်လိုက်တဲ့ မုန်တိုင်းသံပေါ်လာတယ်။

"ဘယ်မှာလဲ စောင်ဖိုးလေးထောင်၊ ကုန်ပြီလားဟင်"

"ဟိုဒင်း. . . ငါ ပွဲငှားတွေကို ညှော့ခဲ. . . ဟ. . . ဟို ပွဲငှားတွေရော ဘယ်မှာ. . ."

"တော့အဖေတွေမရှိတော့ဘူး၊ တော် ဒေါင်ချာစိုင်းအောင်မူးနေတုန်း သာလောင်ဆိုတဲ့ အကောင်လေးက လှည့်ထုတ်ခေါ်သွားပြီး တခြားဇာတ်နဲ့ စပ်ပေးလိုက်တာ ပွဲခ နှစ်သောင်းတောင်ရသတဲ့၊ ကျုပ်က ဝေစုခွဲပေးပါဆိုတော့ ကိုယ့်ကံနဲ့ကိုယ်ရတာ မပေးနိုင်ဘူးတဲ့၊ ပြီးရော၊ ရင်းနှီးရတော့ကိုယ်၊ အမြတ်ရတော့ သူတို့၊

www.burmeseclassic.com

www.burmeseclassic.com

အဲဒါခွေးသောက်နွားသောက်မျိုးဦးဆို့ဦး၊ ကုန်ပြီ ဘာစောင်ဖိုးမှ ထပ်ပေးစရာမရှိတော့ဘူး၊ အိမ်ကစောင်ကလည်း ကလေးတွေနဲ့ မျှမပေးနိုင်ဘူး၊ ဒီတစ်ဆောင်းတော့ ကိုယ့်ဟာကိုယ်ပုဆိုးခြုံပြီး ရင်ဆိုင်တော့၊ ခုလည်း အရက်ဆိုင်က ငါ့လေးတွေ ဆိုက္ကားနဲ့ တင်ပို့လို့ အိမ်ရောက်လာတာ၊ ကျုပ်အလိုဖြင့် လိုက်ခေါ်ဖို့ စိတ်ကို မကူးဘူး"

ပြောပြီး ဘောက်စူဘောက်စူနဲ့ အိမ်ပြင်ကို ထွက်သွားတဲ့ ဇနီးရဲ့ကျောပြင်ကိုကြည့်ရင်း ကိုပီတိ ရင်ထဲက ကြိတ်ဆုတောင်း လိုက်ရှာတယ်။

"တောင်ပေါ်ကပွဲမှန်သမျှ မတည့်ပါစေနဲ့ ဘုရား"...။ ။

ချစ်စရာ


www.burmeseclassic.com